
www.burmeseclassic.com



www.burmeseclassic.com



**ရတနာပုံစာအုပ်တိုက်**

အမှတ် ၁၀၀(D)၊ အင်းယားလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၃၇၃၃၇၆

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံ များအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

# မုန့်တိုင်း

နှင့်

# သစ္စာ

လေသူရဲတစ်ဦး
(ဦးလှဝင်း)

ရတနာပုံစာအုပ် - ၂၀
( ၂၀၀၂ ခုနှစ်၊ မေလ)

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၂၃/၂၀၀၄ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၀၀၇၀၅၀၁

| | | |
|---|---|---|
| စီစဉ်သူ | ♦ | ဦးသိမ်းစိုး၊ မင်းထွဋ်ဝင်း |
| ပုံနှိပ်မှတ်တမ်း | ♦ | (ပထမကြိမ်)<br>၂၀၀၂ ခုနှစ်၊ မေလ |
| ထုတ်ဝေသူ | ♦ | ဦးသန်းဆွေ<br>(စစ်သည်တော်စာပေ)<br>၁၁၃၁/က၊<br>ဥယျာဉ်လမ်း၊ ဒဂုံတောင်။ |
| မျက်နှာဖုံးနှင့် | ♦ | ဒေါ်ခင်အေးမြင့် |
| အတွင်းပုံနှိပ် | | (ရာပြည့်အော့ဖ်ဆက်)<br>၁၉၉၊ လမ်း ၅၀၊<br>ပုဇွန်တောင်။ |
| မျက်နှာဖုံးပန်းချီ | ♦ | ကိုဆန်း |
| အတွင်းဖလင် | ♦ | Quality |
| စာအုပ်ချုပ် | ♦ | ကိုမြင့် |
| တန်ဖိုး | ♦ | ၃၀၀ ကျပ် |

www.burmeseclassic.com

# ရတနာပုံစာအုပ်တိုက်မှ ထုတ်ဝေပြီးစာအုပ်များ

၁။ ဂျာနယ်ကျော်ဦးချစ်မောင်၏ ကမ္ဘာကြီးပျက်စီးလုနီးပြီလော
၂။ ဂျာနယ်ကျော်မမလေး၏ လောကီရတနာ
၃။ လေသူရဲတစ်ဦး၏ သန်းခေါင်ယံခရီးသည်နှင့် ကိုယ်တွေ့လေကြောင်းဝတ္ထုများ
၄။ ဒေါက်တာခင်လေးမြင့်၏ ၂၀ ရာစု ပြင်သစ်ဝတ္ထုတိုများ
၅။ နတ်နွယ်၏ ကမ္ဘာ့စာပေ တစေ့တစောင်း
၆။ ဟိန်းလတ်၏ တကိုးအတွေး တကိုးအရေး
၇။ လေသူရဲတစ်ဦး (ဦးလှဝင်း)၏ အာရဏ်နှင့်ဆည်းဆာ
၈။ ဂျာနယ်ကျော်မမလေး၏ မာလာရီ
၉။ ပါရဂူ၏ ဗုဒ္ဓယဉ်ကျေးမှု ပြဇာတ်များ
၁၀။ မင်းဆွေ၏ ဓါး
၁၁။ ချစ်ဦးညို၏ ဝိဇိတာဝီ
၁၂။ လေသူရဲတစ်ဦး (ဦးလှဝင်း)၏ ကျွန်တော်ရတနာကုန်သည်
၁၃။ ရွှေဥဒေါင်း၏ ဟစ်တလာလုပ်ခဲ့သမျှ
၁၄။ တက်တိုး၏ ဘဝနှင့်စာပေ
၁၅။ လေသူရဲတစ်ဦး၏ တရုတ်ဖြူလေယာဉ်ပစ်ချခဲ့စဉ်က
၁၆။ မောင်ညိုပြာ၏ စိတ္တဇရုပ်မြင်သံကြားဝတ္ထုတိုများ
၁၇။ ဂျာနယ်ကျော်မမလေး၏ ရှုမငြီး
၁၈။ မောင်ခိုင်မာ၏ မင်္ဂလာအလင်္ကာ
၁၉။ တော်ဘုရားကလေး(အောင်ဇေ)၏ ပြည်သူချစ်တဲ့ မျိုးဆက်သစ်

www.burmeseclassic.com

၂၀။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ မုန်တိုင်းနှင့်သစ္စာ
၂၁။ ချစ်ဦးညို၏ မဟာသေနာပတိ
၂၂။ ဗိုလ်အေးမောင်၏ တွမ်
၂၃။ အထောက်တော်လှအောင်၏ မပိုကြေးမလိုကြေး
၂၄။ ဆူးငှက်၏ ၄၅တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၂၅။ နတ်နွယ်၏ ဘဝဟူသည်
၂၆။ ချစ်ဦးညို၏ ရက္ခစိုးမယားနှင့် အခြားပြိတ္တာများ
၂၇။ တင့်ဆန်း၏ ငမိုးရိပ်မှ ငမိုးရိပ်သို့
၂၈။ ဂျာနယ်ကျော်ဦးချစ်မောင်၏ အခုရေစက်နှင့် အခြား ဝတ္ထုတိုများ
၂၉။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ အညိုတို့ ပတ္တမြားမြေ
၃၀။ တက်တိုး၏ အညတရရှုခင်း
၃၁။ အထောက်တော်လှအောင်၏ မဟာဘီလူး
၃၂။ လူထုဦးလှနှင့် လူထုဒေါ်အမာတို့ ဆေးလိပ်နှင့် လူသား
၃၃။ ချစ်ဦးညို၏ ရာဇကုမာရ
၃၄။ နတ်နွယ်၏ ဒက်ဇယ်လာ
၃၅။ ဆူးငှက်၏ ခရမ်းရင့်ဆင်ဖိုနီ

www.burmeseclassic.com

# မုန်တိုင်း

www.burmeseclassic.com

အကြင်သူသည် ရန်တုန့် မမူလိုသော၊ သန့်စင်သော၊ အပြစ်မဲ့သော သူတစ်ဦးအား မိုက်ရိုင်းစော်ကား ပြုကျင့်၏။ သို့ ပြုခြင်း အတွက် မကောင်းမှုသည် လေဆန်တွင် ပေါ့ပါးသော ဖုန်မှုန့်များကို ပစ်လိုက်သည့် ပမာ၊ ပစ်သူ လူမိုက်အပေါ်သာလျှင် ပြန်ကျ မြဲတည်း။

(ဓမ္မပဒ ပါဠိတော်)

www.burmeseclassic.com

မော်လမြိုင်မြို့မှ ပင်လယ်ဝကိုထွက်၍ အနောက်စူးစူး မိုင် ၂၀-ခန့် သွားလိုက်လျှင် ကျွန်းငယ်လေး တကျွန်းကို မြင်ရလိမ့်မည်ဖြစ်၏။

ကျွန်းလေးမှာ သိပ်မကြီးလှ။

အလျား ငါးမိုင်၊ အနံ သုံးမိုင်ခန့်သာ ရှိပေမည်။

ကျွန်းလေးမှာ မြန်မာနိုင်ငံ၏ အလွန်ချောင်ကျသော နေရာ၌ အထီးကျန်တည်ရှိသော ကျွန်း လေးဖြစ်၏။ လှိုင်းလေပြင်းထန်သော ကမ္ဘာကျော်မုတ္တမကွေ့၏ အရှိန်ကြောင့် လည်းကောင်း၊ စိုက်ပျိုးရန် မြေပြန့်အလွန်နည်းပြီး ပြင်းထန်သော မုန်တိုင်းကြီးများလည်း မကြာခဏ ကျတတ်သည့် အတွက်ကြောင့် လည်းကောင်း ဤကျွန်းပေါ်တွင် မည်သူမှ ခြေမချဝံ့ကြ။

ကျွန်းအမည်ကို မွန်လှေသမားတို့က 'အလွှတ် ကျွန်း' ဟု အမည်ပေးထားကြ၏။

'အလွှတ်' ဟူသည်မှာ မွန် စကားဖြစ်ပြီး၊ တစ္ဆေသရဲဟု

www.burmeseclassic.com


အဓိပ္ပာယ်ရ၏။ ထို့ကြောင့် 'အလွတ်ကျွန်း' ဟူသည်မှာ တစ္ဆေသရဲကျွန်းဟု ခေါ်ခြင်းပင်။

'အလွှတ်ကျွန်း' ကမ်းရိုးတန်းအရောင်မှာ အညိုရောင်လည်း မကျတကျ။

အဝါရောင် မကူးတကူး။

အစိမ်းနုဖျော့ဖျော့ အရောင်ဟု ဆိုရမည်။ သို့သော် ထာဝစဉ် နှင်းများ မြူများနှင့် အုပ်ဆိုင်းနေသဖြင့် အဝေးမှ ကြည့်လျှင် ကမ်းရိုးတန်းတလျှောက်မှာ အမြဲ ညို့မှိုင်းနေပြီး ငြိုးငွေ့ဖွယ်အသွင်ကို ဆောင်နေပေ သည်။

အလွှတ်ကျွန်းနှင့် အနီးဆုံးကျွန်းမှာ ဘီလူးကျွန်း ဖြစ်၏။ ဘီလူးကျွန်းမှာ အလွှတ်ကျွန်းမှ အရှေ့မြောက်ဘက် (၁၈) မိုင်ခန့်တွင် တည်ရှိပေသည်။ (၁၈)မိုင်ဟူသော ခရီးမှာ အဏ္ဏဝါ ခရီးတွင် နီးသောခရီး မဟုတ်ပါ။ ကတ္တူလှေဖြင့် အနည်းဆုံး တစ်ရက်ခရီးသွားကြရပေသည်။

+ + +

ဗိုလ်ကြီးထွန်းမြင့်မှာ ယခုအသက် ၄၇-နှစ်ခန့်ရှိနေပေပြီ။

သူသည် သူ့အသက်တဝက်နီးပါးကို ရေတပ်ဗိုလ်ဘဝနှင့် ကုန်ဆုံးစေခဲ့၏။ ၁၉၃၉-ခုနှစ်၊ ဗြိတိသျှတို့ မြန်မာနိုင်ငံ၌ ပထမ ဆုံး ဘီဗီအင်အာခေါ် အပျော်တမ်း ရေတပ်ဖွဲ့စဉ်မှစ၍ သူ ရေတပ်သား ဖြစ်ခဲ့၏။

ဒုတိယကမ္ဘာ့စစ်ကြီးအတွင်း ဘုရင့် ရေတပ်မတော်နှင့်

www.burmeseclassic.com


တွဲဖက်၍ မြန်မာနိုင်ငံ စစ်မြေပြင်တွင် ရေကြောင်း တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ဘူး၏။

စစ်ပြီးသည့် နောက်လည်း ဗမာ့ရေတပ်မတော်သို့ ပြောင်းရွှေ့၍ စစ် ရေယာဉ်မှူးအဖြစ် (၆)နှစ်ခန့် အမှုထမ်းခဲ့ဘူး၏။

ဗိုလ်ကြီးထွန်းမြင့်မှာ လူတစ်မျိုးဖြစ်၏။

သူ့အသက် တဝက်နီးပါးအချိန်များကို ရေတပ်ထဲတွင် ဖြုန်းခဲ့သည်ဟု ဆိုသော်လည်း သူ ရေတပ်ဗိုလ်ဘဝကို မပျော်။

သူသည် လွတ်လပ်မှုကို အလွန်မြတ်နိုး၏။

ချုပ်ချယ်မှုကို အလွန်ဆက်ဆုပ်၏။ ဖြစ်နိုင်လျှင် သူ့အပေါ်တွင် စိုးမိုးသူမရှိသော လူအရောက်အပေါက်မရှိသော ဒေသတွင် သွားရောက်နေထိုင်ချင် နေသူဖြစ်၏။

စစ်ဗိုလ်ဘဝမှ ကျောင်းဆရာများ၊ ဘုန်းတော်ကြီးများထက်ပင်၊ စောင့်စည်းသော၊ ထိန်းသိမ်းရသော သိက္ခာပုဒ်များ များပြားလှသည့် ဘဝဖြစ်၏။

ထို့ကြောင့် သူမပျော်။

မြန်မာ့ရေတပ်မတော်သို့ ပြောင်းရွှေ့ပြီး ခြောက်နှစ်အကြာတွင် ရေတပ်ဗိုလ်ဘဝမှ ထွက်လိုက်တော့၏။

ဗိုလ်ကြီးထန်းမြင့် ဝါသနာကား အဘယ်နည်း။ ဗိုလ်ကြီးထွန်းမြင့်မှာ အမဲလိုက်နှင့် ငါးဖမ်းအလုပ်ကို အလွန်စုံမက်သူဖြစ်၏။ သူသည် ရေတပ်ဗိုလ်ဘဝနှင့် ဒုတိယကမ္ဘာ့စစ်ကြီးတလျှောက်လုံး၊ ငါးမျှားခြင်းဖြင့်သာ အချိန်ကုန်ဆုံးစေခဲ့၏။

www.burmeseclassic.com


သူ့ သဘော်ာပင်လယ်တွင်းမှ ကျွန်းငယ်တစ်ခုခုသို့ ထိုးဆိုက်သည်နှင့် သူဘယ်အခါမှ ကျွန်းပေါ်တက်၍ အမဲလိုက်ရန် မပျက်မကွက်ခဲ့။ သူ့ရဲဘော် သုံးလေးယောက်နှင့် အမဲလိုက် ထွက်ခဲ့သည်သာဖြစ်၏။

ဗိုလ်ကြီးထွန်းမြင့် စစ်ထဲက ထွက်လိုက်လေပြီ။

သူ့ ဘဝခရီးကို သူဘယ်သို့ ဆက်နှင်းမည်နည်း။ ရေတပ်မှ သူရလိုက်သည့် ဆုကြေးငွေ ရှစ်ထောင်ခန့်ဖြင့် ပထမဆုံး ကတ္တူလှေတစီးကို ဝယ်လိုက်၏။

သူ့ကတ္တူမှာ ရိုးရိုးကတ္တူလှေ မဟုတ်၊ စက်တပ် ရွက်တပ်ဖြစ်၏။

စက်တပ်ရွက်တပ်ဟူသည်မှာ ရွက်အားကိုသုံး၍ လည်းကောင်း၊ စက်အားကို သုံး၍ လည်းကောင်း သွားနိုင်သော လှေဖြစ်လေသည်။

ဗိုလ်ကြီး ထွန်းမြင့် ကတ္တူလှေတွင် တပ်ထားသော စက်မှာ မြင်းကောင်ရေ သုံးဆယ့်ငါးကောင်အားရှိ (ဗင်တန်) အမျိုးအစား စက်ဖြစ်၏။

ဗိုလ်ကြီး ထွန်းမြင့်မှာ ဤစက်ကိုမကြိုက်၊ သူရေတပ

သူ ရေတပ်တွင် စစ်ရေယာဉ်မှူးလုပ်စဉ်က ကိုင်ခဲ့သော စက်များနှင့်စာလျှင် ကျောက်ခေတ်မှ စက်အဆင့်သာရှိသည်ကို သူကောင်းစွာ သိသည်။

သို့သော် မတတ်သာ။

သူ့မှာရှိသည့် ငွေမှာ ဤလှေအဆင့်ထဲကိုသာ ကပ်နိုင်သည် မဟုတ်လား။

www.burmeseclassic.com


လှေဝယ်ပြီးလေပြီ။

အလွှတ်ကျွန်းမှာ ဒုတိယ ကမ္ဘာစစ်မီးအတွင်းက ဗိုလ်ကြီးထွန်းမြင့် တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက် ဂျပန် စစ်သင်္ဘောများကို လိုက်လံချောင်းမြောင်း တိုက်ခိုက်စဉ် မကြာခဏ ခိုအောင်းခဲ့ဘူးသော ကျွန်းဖြစ်၏။

တစ်ခါ အလွှတ်ကျွန်းမှာ ဂျပန်တို့လက်တွင်ရှိသော မြေပုံတွင်ပါသည်မဟုတ်၊ ထို့ကြောင့် အလွှတ်ကျွန်းတွင် ခိုအောင်းခြင်းဖြင့် ဂျပန်တို့ မျက်စိအောက်မှ အမြဲပျောက်အောင် ရှောင်နိုင်ခဲ့၏။

ဗိုလ်ကြီးထွန်းမြင့်မှာ မုဆိုးအလုပ်၊ တံငါအလုပ်ကို ဝါသနာထုံသူဟု ဆိုသော်လည်း သူ့မှာ အရိုင်းထဲက အယဉ်ဟု ဆိုရမည်လားမသိ၊ ထူးခြားသော ဉာဉ်တစ်ခုရှိ၏။ ယင်းဉာဉ်မှာ အခြားမဟုတ်၊ သိမ်မွေ့သော လောကသဘာဝကြီး၏ အလှအပများကို မြတ်နိုးခြင်း၊ ခံစားတတ်ခြင်းပင် ဖြစ်၏။

သူသည် အလွှတ်ကျွန်း၏ ဆည်းဆာချိန်များကို အမြဲအမှတ်ရနေသည်။ အလွှတ်ကျွန်း၏ ဆည်းဆာချိန်တွင် ကျွန်းသာမဟုတ်၊ ရေပြင် သာမက၊ ကောင်းကင်ပြင်တစ်ခုလုံး၊ ပထဝီမြေကြီးတစ်ခုလုံး၊ အဏ္ဏဝါပြင်တစ်ခုလုံးမှာ ကြက်သွေးရောင် ပြောင်း၍သွားသည်။

ထိုအချိန်၌ အိပ်တန်းသို့ပြန်လာကြသော ရေငန်းအုပ်ကြီးများပင် အဖြူရောင်မှ အနီရောင်သို့ ပြောင်း၍သွား၏။ ထိုအလှမျိုးကို မြန်မာနိုင်ငံတွင် အဘယ်အရပ်ဒေသတွင်

မြင်နိုင်ပါမည်နည်း။

ဗိုလ်ကြီးထွန်းမြင့်သည် ကမ္ဘာစစ်ကြီးအတွင်း အလွှတ်ကျွန်းသို့ရောက်၍ ပထမဆုံး ထိုအလှအပကို မြင်ရသည့်အချိန်မှစ၍ တစ်နေ့ အလွှတ်ကျွန်းသို့ ပြန်လာပြီး အခြေတကျနေမည်ဟု ဆုံးဖြတ်ထား၏။

အလွှတ်ကျွန်းသို့ ဗိုလ်ကြီးထွန်းမြင့် သွားချင်သော အခြားအကြောင်းတစ်ရပ်ရှိသေးသည်။

အခြားမဟုတ်။

မုဆိုး တစ်ယောက်အနေဖြင့် သူအလွန်ပစ်ချင်လှသော 'ပင်လယ်ဖျံနီ' များကို အလွှတ်ကျွန်းတွင် ပစ်ခွင့်ရလိမ့်မည် မျှော်လင့်ထားသည့် မျှော်လင့်ချက်ကြောင့်ပင် ဖြစ်၏။

ပင်လယ်ဖျံနီမှာ မြန်မာနိုင်ငံတွင်သာ မဟုတ်ပါ။ ကမ္ဘာတစ်ခုလုံးတွင် အလွန်ရှားသော သတ္တဝါဖြစ်၏။

သူ့အရောင်မှာ ရိုးရိုးပင်လယ်ဖျံညိုနှင့် ဘယ်သို့ မှ ယှဉ်၍မရ။

အနီရောင်၊ ရွှေရောင်၊ သွေးရောင်တောက် နေသည်။

ဤသို့အရောင်အသွေး အလွန်လှသည့်အတွက်လည်း ဥရောပတွင် ဤဖျံမျိုး တစ်ကောင် သားရေကို ဒေါ်လာ ရှစ်ထောင်ကျော် တန်သည်ဟု ဆိုသည်။

ဗိုလ်ကြီးထွန်းမြင့်မှာ ငွေမက်သူမဟုတ်ပါ။ ပင်လယ်ဖျံနီကို သူပစ်ချင်သည်မှာ ငွေကြောင့်မဟုတ်။

ဂုဏ်ကြောင့်၊ မာနကြောင့် ဖြစ်၏။

www.burmeseclassic.com


မှဆိုးများလောကတွင် တပါးသူ မရဘူးသော သားကောင်ကို ရအောင်ပစ်ခတ်နိုင်ခြင်း ဂုဏ်ပုဒ်မှာ ယဉ်ကျေးပါသည်ဟုဆိုသည့် မြို့နေလူတန်းစားလောက၌ အမြင့်ဆုံးဟုဆိုသော မည်သည့်ဂုဏ်ပုဒ်နှင့်မှ မလဲနိုင်ပါ။ ဤ ဂုဏ်ပုဒ်အတွက် နောက်ဆုံး မိမိအသက်ကိုပင် စွန့်လွှတ်ရန် အမြဲအဆင်သင့်ရှိ၏။

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း ဗိုလ်ကြီးထွန်းမြင့်သည် တစ်နေ့ သူ့ရဲဘော်နှစ်ဦးနှင့် အလွှတ်ကျွန်းအတွင်း အမဲလိုက်ထွက်စဉ် ကမ်းစပ်တစ်ခု၌ ပင်လယ်ဖျံနီနှစ်ကောင်ကို သူ့မျက်စိနှင့် တပ်အပ်မြင်ခဲ့ရဘူး၏။ မြင်စက သူ့မျက်စိကိုပင် သူမယုံပါ။

ကမ္ဘာပေါ်တွင် ဤမျှလှသော သတ္တဝါမျိုးရှိသည်ဟုလည်း သူမထင်ခဲ့။

သူသည် ပထမကြောင်ကြည့်နေပြီး နောက်မှ သူ့လက်တွင်အသင့်ကိုင်ထားသော ဒဿမ သုံးသုံညသုံး အမဲလိုက်ရိုင်ဖယ်နှင့် ထိုးချိန်လိုက်၏။

သို့သော် ပစ်ချင်ဇော ကြီးလွန်းသဖြင့် သူ့လက်များမှာ တုန်နေပြီး ရုတ်တရက် ချိန်၍မရ၊ ချိန်၍ရသောအခါ၌ ဖျံနီနှစ်ကောင်မှာ ရေငုပ်၍ ပြေးကြလေပြီ။

ဗိုလ်ကြီးထွန်းမြင့် သူ့သဘောကို ပြန်ရောက်ရောက်ချင်း သူနှင့်အတူပါလာသော အင်္ဂလိပ်ရေတပ် အရာရှိတစ်ယောက်ကို သူတွေ့ခဲ့သည့် ပင်လယ်ဖျံနီအကြောင်းကို

www.burmeseclassic.com


ပြောပြလိုက်သည်။

အင်္ဂလိပ်အရာရှိမှာ ဟက်ဟက်ပက်ပက် ရယ်၍ "ဗိုလ်ကြီးထွန်းမြင့် ပစိဖိတ်သမုဒ္ဒရာ အလယ်မှာရှိတဲ့ ကျွန်းတွေမှာသာ ရှိတာ၊ မြန်မာကမ်းရိုးတန်းမှာ ရှိတာမဟုတ်ဘူး၊ အာရှတိုက် ကမ်းရိုးတန်းတစ်ခုလုံးကို လိုက်ရှာ၊ ဘယ်မှာမှ မရှိဘူး၊ ကျုပ်တို့ ဥရောပဖက်မှာလဲ မရှိဘူး၊ နောက်တစ်ခုက ဒီဖျံကိုရဖို့က အင်မတန်ခက်တာ၊ ပစ်ဖို့မပြောနှင့် မြင်ခွင့်ရဖို့ကိုပဲ အင်မတန်ခက်တယ်။ ဥရောပမှာတော့ ဒီဖျံမျိုးရဘူးတဲ့ လူဟာ မုဆိုးလောကမှာ ဘုရင်ပဲ ကျုပ်ထင်တယ်၊ ဒီဖျံမျိုးရဘူးတဲ့ မုဆိုးဟာ ကမ္ဘာမှာ အယောက်နှစ်ဆယ်တောင် ပြည့်ဖူးဦးမယ် မထင်ဘူး၊ သေချာပါတယ်။ ခင်ဗျားတွေ့ခဲ့တယ်ဆိုတာ ပင်လယ်ဖျံနီ မဟုတ်ဘူး။ ညနေဖက် ဆည်းဆာချိန်နေရောင်ကြောင့် အရောင်တောက်နေတဲ့ ဖျံညိုပဲ ဖြစ်မှာပါ"

"ကျုပ်မျက်စိဟာ ဒီလောက်မလွဲနိုင်ပါဘူး၊ လှိုင်းကြားထဲ မြုပ်လိုက်၊ ပေါ်လိုက်ဖြစ်နေတဲ့ ဂျပန်ရေငုပ်သင်္ဘောရဲ့ 'ကြည့်မှန်တိုင်' ကိုတောင် ကျုပ်မကြာခဏ မှန်ပြောင်းမပါဘဲ တွေ့အောင် ရှာနိုင်ခဲ့တယ် မဟုတ်လား။ ခင်ဗျားမယုံချင်နေ၊ အလွတ်ကျွန်းဖက် ဒီဖျံနီ ဘယ်လိုရောက်လာတယ်ဆိုတာ ကျုပ်သက်သေမပြနိုင်ပေမယ့် ဒီနေ့ ကျုပ်မြင်ခဲ့တာတော့ အမှန်ပဲ"

ဗိုလ်ကြီးထွန်းမြင့်သည် ထိုနေ့မှစ၍ တနေ့ ပင်လယ်ဖျံနီတစ်ကောင်ကို ရအောင်ပစ်မည်ဟု ဆုံးဖြတ်ချက် ခိုင်မာစွာ

www.burmeseclassic.com


ချထားလာခဲ့၏။

ဘီလူးကျွန်းမှ အလှွတ်ကျွန်းပတ်ဝန်းကျင်တွင် လာရောက်ဝမ်းစာရှာကြသော တံငါများထံမှလည်း စုံစမ်းကြည့်ဖူးသေး၏။

မွန်တံငါများ ပြောပြချက်အရ ပင်လယ်ဖျံနီဟု သူတို့မသိသော်လည်း ယင်းဖျံနီနှင့် အဆင်းတူသည့် ရေသတ္တဝါမျိုးကို တံငါအချို့ မြင်ဘူးသည်ဟု ဆိုသည်။

ဖျံနီကို မွန်တံငါတို့က (အလှွတ်ကတ်) ဟူ၍ လည်းကောင်း၊ (မွှေကတ်) ဟူ၍လည်းကောင်း ခေါ်ကြပေသည်။

(အလှွတ်ကတ်) မှာ မွန်ဘာသာဖြင့် နတ်ငါးဟူ၍ အဓိပ္ပာယ်ရပြီး၊ (မွှေကတ်) မှာ မွန်ဘာသာဖြင့် ရေသူမဆန်ဆန် ပုံပြင်ငါးတမျိုးဟူ၍ အဓိပ္ပာယ်ရ၏။

မွန်တံငါများက ဤသတ္တဝါကို မြင်လျှင် ကံဆိုးမိုးမှောင်ကျမည့် နိမိတ်အဖြစ် သတ်မှတ်ထား၏။

မည်သူမျှ မတွေ့ချင်ကြ။

တွေ့ပြီးလျှင် အန္တရာယ် တစ်ခုခုနှင့်ရင်ဆိုင်ရတော့မည်သာဟု ဆိုသည်။

ဗိုလ်ကြီးထွန်းမြင့်သည် လှေဝယ်ပြီးနောက် သူ၏ ဘဝကြင်ဖော်ကို ရှာသည်။ သူသည် သူ့အမိန့်ကို လုံးဝနာခံမည့်၊ သူ့ဩဇာသက်ရောက်မည့် 'ကျွန်နှင့်တူသောမယား'ကို လိုချင်သူ ဖြစ်၏။

ကျွန်နှင့်တူသော မယားကို ယခုခေတ်တွင် အဘယ်

www.burmeseclassic.com


သို့ရှာမည်နည်း။

သူကောင်းစွာသိသည်။

၁၉၅၃-၅၄-ခုနှစ် ပြည်တွင်းသောင်းကျန်းမှု အရှိန်မှာ အားကြီးဆဲအချိန်အခါဖြစ်၍ မော်လမြိုင်မြို့ မြို့စွန်ရပ်ကွက်များတွင် ဒုစရိုက်မှုအမျိုးမျိုးမှာ အလွန်များပြားနေသည်။ မိန်းမပျက်များရှိသည့် နတ်နန်း များမှာ နေရာအများအပြားတွင်ရှိ၏။

ဗိုလ်ကြီးထွန်းမြင့်သည် နတ်နန်းများသို့ တအိမ်တက် တအိမ်ဆင်း သူလိုချင်သည့် မိန်းမကိုလိုက်ရှာသည်။

နောက်ဆုံး 'မိအုံး'ကိုတွေ့၏။

မိအုံးမှာ အရပ်မပုမမြင့် အသား ညိုညို၊ မျက်နှာပေါက်မှာ ကြမ်း၍ ကြံ့ခိုင်ပုံရပြီး ကိုယ်လုံးကိုယ်ထည်မှာ တုတ်တုတ်ခိုင်ခိုင် တောင့်တောင့်တင်းတင်း ဖြစ်၏။

ဗိုလ်ကြီးထွန်းမြင့် မိအုံးကို နတ်နန်းပိုင်ရှင်ထံမှ ငွေတထောင်ပေး၍ ခေါ်လာခဲ့၏။ ထိုစဉ်က မိအုန်းမှာ အသက် ၁၇-နှစ်၊ ဗိုလ်ကြီးထွန်းမြင့်မှာ ၃၈-နှစ်၊ တစ်ဦးနှင့် တစ်ဦး အသက် နှစ်ဆယ်ကျော်ခန့် ကွာပေသည်။

+ + +

ဗိုလ်ကြီးထွန်းမြင့်တို့ အလွှတ်ကျွန်းတွင် နေထိုင်လာခဲ့သည်မှာ ၉-နှစ်ကျော်ခန့် ရှိသွားပေပြီ။ လာစက ၃၇-နှစ်အရွယ်၊ ဗိုလ်ကြီးထွန်းမြင့်မှာ ယခု ၄၇-နှစ်အရွယ်. . .။ နုပျိုသော အရွယ်များကုန်ဆုံးစပြုလာသော အရွယ်သို့ ရောက်လာပေပြီ။

www.burmeseclassic.com


ဗိုလ်ကြီးထွန်းမြင့် မိအုံးကိုခေါ်၍ အလွှတ်ကျွန်းသို့ ထွက်သွားစက မော်လမြိုင်ပတ်ဝန်းကျင်ရှိ ဗိုလ်ကြီးထွန်းမြင့် အသိမိတ်ဆွေများက ဗိုလ်ကြီးထွန်းမြင့် ရူးသွားပြီဟုပင် သတ်မှတ်ထားကြ၏။

နတ်နန်းမှ မိန်းကလေးကိုဝယ်ပြီး လက်ထပ်လိုက်သည် ဟုဆိုသော ဗိုလ်ကြီးထွန်းမြင့်အဖြစ်ကို မည်သူမှ နားမလည် နိုင်ကြ။

မယုံနိုင်ကြ။

ဗိုလ်ကြီးထွန်းမြင့်ကတော့ မည်သူ့ကိုမှ ဂရုမစိုက်။

အလွှတ်ကျွန်းသို့ ရောက်သည်နှင့် ရှေးဦးစွာ ဝါးတဲကလေးတစ်ခုထိုးသည်။ နောက်တဖန် ဝါးတဲကလေး ကိုဖျက်ပြီး သစ်လုံးတဲကလေး ဆောက်သည်။

ကျွန်းလေးအလယ်ရှိ ကျောက်တောင်များကြားမှ မပြတ်စိမ့်ထွက်လျက်ရှိသော စမ်းမှသူတို့ လိုသလောက် ရေချိုရ၏။

ဧကငါးဆယ်ခန့်ရှိသော ကျွန်းပေါ်ရှိ မြေပြန့်ပိုင်းတွင် မိုးအခါ၌ သူတို့ စပါးစိုက်သည်။

ဤဧကငါးဆယ်မှ ထွက်သော စပါးမှာ သူတို့အိမ် ထောင်တစ်ခုသာ စားသောက်သည်မဟုတ်၊ တခါတရံ အလွန် ပိုလျှံနေသဖြင့် မော်လမြိုင်သို့ တက်ပြီးပင် ဗိုလ်ကြီးထွန်းမြင့် သွားရောင်းရသေး၏။

ဆောင်းနှင့် နွေတွင် ဗိုလ်ကြီးထွန်းမြင့် မည်သည့်

www.burmeseclassic.com


စိုက်ပျိုးရေးအလုပ်မှ မလုပ်။

ဆောင်းအခါတွင် သူတသက်လုံး မျှော်မှန်းထားသည့် ပင်လယ်ဖျံနီကို ချောင်းမြောင်းလိုက်ရှာရင်း ငါးတန်းချသည့် ငါးထောင်သည့်အလုပ်ကို အားစိုက်လုပ်သည်။

နွေတွင်မူ သူသည် ဒဿမ သုံးသုညသုံး အမဲပစ် ရိုင်ဖယ်တလက်ဆွဲပြီး ကျွန်းအလယ်ဘက်ပိုင်းရှိ တောင်ကုန်း များ၊ တောင်တန်းများတွင် အမဲလိုက်ထွက်သည်။

အလွတ်ကျွန်းမှာ ကျွန်းငယ်လေးဖြစ်သော်လည်း လူသူနည်းပါးသော ကျွန်း ဖြစ်သဖြင့် တောရိုင်းတိရစ္ဆာန် စုံလှဘိ၏။ ယုန်၊ သမင်၊ ဒရယ် ကဲ့သို့သော အသေးစား အကောင်လေးများမှ ကျားသစ်၊ ဝက်ဝံ၊ နွားနောက်ကဲ့သို့သော အကောင်ကြီးများအထိ ရှိ၏။

ကျေးငှက် များမှာလည်း နွေနှင့် ဆောင်းအခါတွင် အလွန်ပေါလှပေသည်။ ပင်လယ်ရေငန်းကြီးများမှာ အုပ်လိုက် အုပ်လိုက် ကျွန်းပေါ် သို့ကျ၏။

အချို့ အုပ်များမှာ အကောင်ထောင်သောင်းအောက် နည်းမည်မဟုတ်။

အထူးသဖြင့် ရေဘဲများ ကျသည့်အချိန်တွင် ကျွန်း၏ သောင်ပြင်တခုလုံးမှာ ငှက်များဖြင့် ခြေချမရအောင် ရှိပြီး ဘဲအုပ်ကြီး တစ်ခါတစ်ရံ လန့်ပျံလိုက်သည့် အချိန်တွင် ကောင်းကင်ပြင်ကြီးမှာ မဲ၍ပင် သွား၏။

ဗိုလ်ကြီးထွန်းမြင့်နှင့် မိအုံးတို့ဘဝမှာ မြို့နေလူတန်း

www.burmeseclassic.com


စားများအမြင်တွင် အရိုင်းဘဝဟု ထင်ကောင်းထင်ချင်စရာ ရှိ၏။

မှန်ပါသည်။

သူတို့ဘဝမှာ အရိုင်းဘဝ။

သို့သော် သူတို့ ဘဝမှာ အေးချမ်းသည်၊ ရိုးသားသည်၊ လွတ်လပ်သည်။

သူတို့အလွှတ်ကျွန်းရောက်၍ တစ်နှစ်ကျော်ခန့်အကြာတွင် မိအုန်း သားလေးတစ်ယောက် မွေးဖွားသည်။

ကလေး အမည်ကို ဗိုလ်ကြီးထွန်းမြင့်က 'အရဲ'ဟု အမည်ပေးထား၏။

ဘာကြောင့် ဤအမည်ကို ပေးခဲ့သည်မသိ၊ အရဲမှာ ယခု အသက် ရှစ်နှစ်ခန့် ရှိပေပြီ။

အသွင်သဏ္ဌာန်မှာ မျက်နှာသွယ်သွယ်၊ နားရွက်ကားကား၊ အရပ်အမောင်းမှာ အရွယ်နှင့် မလိုက်အောင်ထွား၍ ခြေချောင်း လက်ချောင်းများမှာ အလွန် သန်မာသည့်ကလေးဖြစ်၏။

အရဲမှာ ၈-နှစ်သားရှိပြီဖြစ်သော်လည်း မည်သည့်ကျောင်းပညာမှ မသင်ဘူးပါ။

ပထဝီဆိုသည်ကို သူမသိ၊ သမိုင်းဆိုသည်ကို သူနားမလည်။

သို့သော် သူအလွှတ်ကျွန်းတွင် အသက်ရှင်အောင် မည်သို့နေထိုင်ရမည်ဆိုသော ပညာကို ကောင်းစွာသိသည်။

နားလည်သည်။

ရေကြီးလျှင် သူဘာလုပ်ရမည်၊ မုန်တိုင်းကျလျှင် သူဘယ်ပြေးရမည်။

တိရစ္ဆာန်ရိုင်းနှင့် တွေ့လျှင် သူ ဘယ်လိုရှောင်ရမည် အစရှိသည်တို့ကို သူငယ်စဉ်မှပင် တတ်နှင့်ပေပြီ။

ရှစ်နှစ်မျှ အသက်ရှိသေးသော ကလေးဖြစ်သော်လည်း သဘာဝ၏ ကြမ်းကြုတ်မှုအားလုံးကို ကြံ့ကြံ့ခံရန် အသင့်ရှိ နေပေပြီ။

ဗိုလ်ကြီးထွန်းမြင့် အလွှတ်ကျွန်းရောက်၍ ဆယ်နှစ် မြောက်နွေတွင် တွေ့ရသော အပူဒဏ်မှာ လွန်ကဲလှဘိ၏။

ယခင်နှစ် နွေလများနှင့် လုံးလုံးမတူ။

ပင်လယ်လေများ မပြတ်ရနေသည့် ကျွန်းလေးပင် ဖြစ်သော်လည်း နှိပ်စက်ထားသည့် အပူဒဏ်မှာ ကြမ်းတမ်း လှဘိ၏။

ဗိုလ်ကြီးထွန်းမြင့်သည် နှစ်ပေါင်းများစွာ ပင်လယ်ထဲ တွင် နေခဲ့ဘူးသော စစ်ရေယာဉ်မှူးအနေဖြင့် ဤသို့သော ထူးခြားသည့် အပူဒဏ်မျိုး ဖိစီးသည့် နွေတွင် ဖြစ်လာနိုင်သော အန္တရာယ်ဆိုးတစ်ခုကို ချက်ချင်းတွေး လိုက်မိ၏။

မုန်တိုင်း. . . ။

နွေမှာ ကျလာတတ်သော မုန်တိုင်း။

နွေမုန်တိုင်းကို သဘော်သားဘဝက မကြာခဏ ဤဒေသတွင်ပင် သူကြုံခဲ့ဘူးသည် မဟုတ်လား။ နွေမုန်တိုင်းကို

www.burmeseclassic.com


သင်္ဘောသားများအဖို့ ရှိုးရှိုးမုန်တိုင်းထက် ကြောက်၏။

ဤမုန်တိုင်းမှာ အပူဒဏ်ကြောင့် ဖိအားနည်းနေသော ဒေသသို့ ပတ်ဝန်းကျင်မှ လေများထုက တရကြမ်း စုပြုံမွှေရမ်း၍ တိုးဝင်လာသော အဟုန်ကြောင့် ဖြစ်လာသည့် မုန်တိုင်းဖြစ်သဖြင့် ဖျက်ဆီးနိုင်အား အလွန်ကြီးမား၏။

နေ့ခင်းကြောင်တောင် ကောင်းကင်ပြင်တွင် လုံးဝ တိမ်တောင်၊ တိမ်လိပ်မရှိ ကြည်လင်နေသည့် အချိန် အခါတွင်လည်း ရုတ်တရက် ကျချင်ကျလာတတ်၏။

အခြား မုန်တိုင်းများကဲ့သို့ ကြို၍ လူသားတို့ ရှောင်နိုင်၊ တိမ်းနိုင်အောင် နမိတ်လက္ခဏာများ လုံးဝမပြ။

ကျလာပြီ၊ ရောက်လာပြီဆိုမှ သိရ၏။

တစ်ခါတစ်ရံ သင်္ဘောများမှာ ဦးပင်လှည့်ချိန်မရရှာ။ တိမ်းမှောက် နစ်မြုပ်သွားကြသည်သာ ဖြစ်၏။ ယခု အပူဒဏ် ဖိစီးပုံမျိုးနှင့် ဆိုလျှင်တော့ မကြာမီ နွေမုန်တိုင်းတခု ကျကောင်း ကျပေတော့မည်။

အချိန်မှာ ဧပြီလ ကုန်ခါနီးအချိန်။ မိုးလင်းပြီးခါစ ဖြစ်၏။ ဗိုလ်ကြီးထွန်းမြင့်သည် ပေတထောင်ကျော်ခန့် မြင့်မည်ဖြစ်သော သဲတဝက်၊ ကျောက်တဝက်နှင့် ပြည့်နေသည့် အိမ်မှ တမိုင်ကျော်ခန့်ဝေးသော တောင်ကုန်းလေးပေါ်သို့ တက်သွားခဲ့သည်။

တောင်ထိပ်သို့ ရောက်ပေပြီ။

သူ့အောက်တွင် ပင်လယ်ပြင်ကြီးမှာ အိပ်မောကျနေ

www.burmeseclassic.com


သော ကလေးငယ် တစ်ဦးကဲ့သို့ ငြိမ်သက်စွာ လဲလျောင်းလျက်ရှိ၏။

သူသည် ပင်လယ်ပြင်ကြီးကို စိုက်၍ကြည့်နေသည်။ ယခင် သူမမြင်ဘူးသော ပင်လယ်မှော်တန်းအချို့မှာ ရေပြင်တွင် မျောပါလျက် ရှိကြ၏။

သူသည် ဘယ်က မျောလာခဲ့ကြပါလိမ့်။

သူချက်ချင်း တွေးမိသည်။

ဘင်္ဂလားပင်လယ်အတွင်း မုန်တိုင်းကြီးတခု တော့ နာရီပိုင်းအတွင်းက ကျပြီးလေပြီ။

မှော်တန်းများမှာ ထိုမုန်တိုင်း ဒဏ်ကြောင့် သူ့ ကျွန်းဘက်သို့ မျောလာခြင်း ဖြစ်ရမည်။

ကောင်းကင်ပြင်မှာ တိမ်မြူများကင်းစင်၍ ပြာလဲ့လျက်ရှိ၏။

အပြစ်မဲ့သော အသွင်ကို ဆောင်လျက်ရှိသည်။

သို့သော် ဗိုလ်ကြီးထွန်းမြင့်မှာ ပင်လယ်တွင်း အတွေ့ အကြုံ အပြည့်အဝ ရှိထားသူတစ်ဦးအနေဖြင့် သဘာဝ၏ လှည့်ဖျားထားခြင်းများကို ကောင်းစွာသိသည်။

ကောင်းကင်ပြာကြီး၏ ဟန်ဆောင်မှု သဘောကို သူကောင်းစွာ နားလည်သည်။

မကြာမီ မုန်တိုင်းကြီး တစ်ခုတော့ သူ့ကျွန်းပေါ်တွင် မလွဲမသွေ ကျရောက်ပေတော့မည်။

ဗိုလ်ကြီးထွန်းမြင့်သည် တောင်ခြေသို့ ပြန်ဆင်းလာ

www.burmeseclassic.com


သည်။ သူ့အတွေးများတွင် မုန်တိုင်းရန်ကို ကျော်လွှားနိုင်မည့် နည်းလမ်းများကို ရှာဖွေလျက်ရှိ၏။

မိအုံးကို ခေါ်၍ လှေဆိပ် သို့ဆင်းသွားပြီး သူ့ကတ္တူ လှေကို ကုန်းတွင်းပိုင်းသို့ တတ်နိုင်သမျှ ရောက်အောင် တွန်း တင်သည်။

လှေကြိုးများကို သစ်ပင်များနှင့် ခိုင်အောင်ချည် ထား လိုက်သည်။

မုန်တိုင်းကျလျှင် ကျွန်းပေါ်သို့ ဒီရေတက်လာမည်။

ဒီရေတက်လျှင် ကတ္တူလှေကြီး မျောပါသွားနိုင်သည် မဟုတ်လား။

သူတို့နေထိုင်သော သစ်တုံးတဲကလေး၏ တံခါးဘောင် များကိုလည်း ခိုင်မခိုင် အသေအချာ စစ်ဆေးလိုက်၏။ မခိုင် ဟုထင်သော ပြတင်းပေါက်များကို ဖြုတ်၍ အသစ်ပြန်တပ် လိုက်သည်။

"ဟေ့. . . အရဲ၊ အိမ်အနားက ဘယ်မှဝေးဝေး မသွား နဲ့နော်။ မုန်တိုင်းကြီးတခု မကြာခင်ကျတော့မယ်"

သူ့သားတော်မောင်အားလည်း လှမ်းသတိပေးလိုက် သည်။ အရဲမှာ ဘာမှပြန်မပြော၊ ခေါင်းညိတ်ရုံမျှ သူ့ဖခင်ကို ညိတ်ပြလိုက်၏။

မွန်းတည့်ချိန် ရောက်လေပြီ။

ကျွန်းပတ်ဝန်းကျင်တွင် ဗိုလ်ကြီးထွန်းမြင့် အဖို့ အမြင်ဆန်းနေသော ပင်လယ်မျော်ပင်များ ပို၍ စုဝေးလာကြ

www.burmeseclassic.com


သည်။

မကြာမီ မုန်တိုင်းကျတော့မည်ဟု ဗိုလ်ကြီးထွန်းမြင့် ခန့်မှန်းထားသော်လည်း ယခုအချိန်ထိ ကျွန်းပတ်ဝန်းကျင်တွင် လေပြင်းမဆိုထားဘိ သစ်ကိုင်းသစ်ရွက်တို့ လှုပ်ရှားနိုင်သော လေညှင်းလေးမျှပင် မတိုက်သေးပါ။

လေလုံးဝ မတိုက်ပဲ ပတ်ဝန်းကျင်တစ်ခုလုံးမှာ အသက်ဝိညာဉ် ကင်းသကဲ့သို့ ဆိတ်ငြိမ်လျက်ရှိ၏။

"အရဲရေ. . . ဒို့ ဟိုတောစပ်က 'နွားနောက်'သားရေတွေ အခြောက်လှန်းထားတဲ့ စခန်းသွားပြီး မုန်တိုင်းမကျခင် လေ့စင်က သားရေတွေ သိမ်းကြရအောင်"

"ဟုတ်ကဲ့ အဘ၊ ဩော်. . . ဒါထက် အဘ၊ ဟိုမှာကြည့်စမ်းပါ၊ ပင်လယ်မျော်တွေ ကျွန်တော်တို့ ကျွန်းတစ်ခုလုံးကို ဝိုင်းမိနေပြီ။ အဘ မကြာခဏ ပြောတဲ့ ပင်လယ်ဖျံနီဆိုတာ ဒီမျော်တွေနဲ့အတူ ပါလာမှာနော်. . ."

"အေး. . . ဟုတ်တယ်"

ဗိုလ်ကြီးထွန်းမြင့်မှာ သူ့သားအရဲကို သူတသက်လုံး အိပ်မက်လာသည့် ပင်လယ်ဖျံနီအကြောင်းကို မကြာခဏ ပြောပြခဲ့ဘူး၏။

ပင်လယ်ဖျံနီများမှာ အီကွေတာနှင့်နီးသော ဘင်္ဂလားပင်လယ်ပြင်တွင် နေထိုင်လေ့မရှိသော်လည်း တခါတရံ မုန်တိုင်းကြီးများ ကျသောအခါ ပစိဖိတ်သမုဒ္ဒရာမှ အိန္ဒိယသမုဒ္ဒရာအထိ မျောလာနိုင်ပုံ၊ ပင်လယ်တွင် မုန်တိုင်းကျပြီး

www.burmeseclassic.com


လျှင် ပင်လယ်မှော်များ မျောလာတတ်ပုံ၊ ဤပင်လယ်မှော်များနှင့်အတူ ပင်လယ်ဖျံနီများလည်း ပါလာနိုင်ပုံ အစရှိသည့် ပင်လယ်ဖျံနီများနှင့် ပတ်သက်၍ သူ့စိတ်ကူး တွေးခေါ်၍ ရသမျှ သူ့သားကို ပုံပြင်သဖွယ် ပြောပြထားပြီးလေပြီ။

အဖေ့ ဝါသနာ သားမှာရှိဆိုသည့် စကားအတိုင်း အရဲမှာလည်း သူ့ဖခင် စွဲလမ်းလျက်ရှိသည့် ပင်လယ်ဖျံများအကြောင်းကို သူကိုယ်တိုင်လည်း စွဲလမ်းလျက်ရှိပြီး တစ်နေ့ ပင်လယ်ဖျံနီကို သူတို့ဖမ်းနိုင်လိမ့်မည်ဟု မျှော်လင့်ထားလျက်ရှိ၏။

ယနေ့ သူ့တသက်တွင် ပထမဆုံး မြင်တွေ့ရသည်။ ပင်လယ်မှော်များ နှင့်အတူပင်၊ ပင်လယ်ဖျံနီများပါလာလိမ့်မည်ဟု ကလေးပီပီ သူအခိုင်အမာ စွဲလမ်းယုံကြည်နေ၏။

ထို့ကြောင့် သူသည် သူ့ဖခင် မှန်ပြောင်းကြီးကို လက်မှမချ။

တစ်ချိန်လုံး မှန်ပြောင်းဖြင့် ပင်လယ်မှော် များအကြားတွင် ဖျံနီများကို ရှာဖွေနေခဲ့၏။

သူသည် ဖျံနီများကို သူ့ဖခင်မတွေ့ခင် သူအရင်တွေ့ချင်လှသည်။ သူစောတွေ့ကြောင်းကိုလည်း သူ့ဖခင်ကို ကြွားချင်လှသည်။

မုဆိုးလောကတွင် မျက်စိရှင်ရေးမှာ အလွန်အရေးကြီးလှသည်။

မုဆိုးတစ်ယောက်၏ အသက်မှာ ဤ မျက်လုံးပေါ်တွင်

www.burmeseclassic.com


တည်နေသည် မဟုတ်လား။

"ကြည့်ပါဦး အဘရယ်၊ ကျွန်တော် တမနက်လုံး မှန်ပြောင်းနဲ့ စောင့်ကြည့်နေတာ ခုထက်ထိ တစ်ကောင်မှ မတွေ့ သေးဘူး။ အဘကြည့်ပါဦး"

သူ့ဖခင်အား မှန်ပြောင်းကို ထိုးပေးလိုက်၏။

ဗိုလ်ကြီး ထွန်းမြင့်သည် သူ့သားဆီမှ မှန်ပြောင်းကို လှမ်းယူလိုက်ပြီး အမှန်ပင်ကြိုးစား၍ ပင်လယ်ဖျံနီများ တွေ့နိုင်နိုးနှင့် ပင်လယ် မျော်ပင်များအကြား ရှာကြည့်လိုက်၏။

ဘာမှမတွေ့။

"ကဲပါ သားရယ်၊ ဒို့ 'နွားနောက်' သားရေတွေ သွားသိမ်းကြချေဦးစို့၊ ပြန်လာမှ ဆက်ကြည့်ကြတာပေါ့"

အရဲမလိုက်ချင်။

ဖခင်အမိန့်ကို မလွန်ဆန်ဝံ့၍သာ နောက်မှ အသာလိုက်သွားခဲ့၏။ နွားနောက်သားရေများ လှမ်းထားသော စခန်းနှင့် သူတို့အိမ်မှာ တစ်မိုင်ကျော်ခန့် ဝေးပေမည်။

အမှန်တော့ ထိုစခန်းတွင် နွားနောက်သားရေများ သာမက၊ ကျားသစ်သားရေ၊ ဝက်ဝံသားရေ၊ ဂျီသားရေ၊ သမင် သားရေများ ပါရှိ၏။ သို့သော် အများစုမှာ နွားနောက်သားရေ များ ဖြစ်၏။

ဗိုလ်ကြီးထွန်းမြင့်တို့ သားအဖသည် နွားနောက် သားရေများကို တစ်ခုချင်းခေါက်၍ စခန်းရှိ တဲအတွင်းသို့ သိမ်းဆည်းကြ၏။

www.burmeseclassic.com


ညနေ သုံးနာရီခန့် ရှိသွားပေပြီ။

သားရေများ ခေါက်သိမ်း၍ မပြီးကြသေး။

"အဘ- ကျွန်တော်အိမ်ပြန်ချင်တယ်။ ဗိုက်ထဲက အောင့်လာသလိုပဲ"။

ဗိုလ်ကြီးထွန်းမြင့်သည် သူ့သား မျက်နှာကို စိုက်ကြည့်လိုက်သည်။ အရဲကို ချက်ချင်းပြန်ခွင့်မပေးသေး။ "ဒီကောင် တကယ်ပဲ ဗိုက်အောင့်တာ ဟုတ်ရဲ့လား။ ပင်လယ်မှော်တွေထဲမှာပဲ ပင်လယ်ဖျံနီကို သွားရှာချင်လို့လား။ ဖျံသွားရှာနေရင်တော့ ဒီကောင် ဒုက္ခရောက်တော့မှာပဲ" သူ့စိတ်ထဲတွင် အမျိုးမျိုးကြံဆကြည့်နေသည်။ အရဲမျက်နှာကို ကြည့်ရသည်မှာလည်း လိမ်ညာပုံ လုံးဝမရ။

"ကိုင်း- ဒါဆိုရင်လဲ ပြန်သွား"

"ဟုတ်ကဲ့- အဘ"

"ဩော်- ဒါထက် အရဲ မင်းအိမ်ကို တိုက်ရိုက်ပြန်နော်။ အိမ်ရောက်တော့လဲ ဘယ်မှ ဝေးဝေးလျှောက်သွား မနေနဲ့။ အိမ်ကို မြင်နေရတဲ့ နေရာမှာပဲနေ ကြားလား။ ကဲ- ဒီနှစ်ချက်ကို မင်းလိုက်နာပါ့မယ်လို့ ငါ့ကို ကတိပေးစမ်း"

"ဟုတ်ကဲ့- ကတိပေးပါတယ် အဘ"

ဗိုလ်ကြီးထွန်းမြင့်သည် ဘာသာရေးတရားကို ယုံကြည်သူမဟုတ်ပါ။ သူသည် အမြဲလွတ်လွတ်လပ်လပ် တွေးသည်။ သူမကြိုက်သည့် အပြုအမူ၊ သူမခံစားလိုသည့် အပြုအမူကို ဘယ်အခါမှ သူတပါးအပေါ် မပြုကျင့်။

www.burmeseclassic.com


သူသည် ဆင်ခြင်တုံ တရားနှင့်ယှဉ်သော ကိုယ်ကျင့်တရား ကောင်းမွန်ရေးကိုသာ အဓိကထားသည်။

သူ့သားအရဲကို လူတိုင်းတစ်ဦးနှင့်တစ်ဦး လူ့ဘောင်အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစွာ နေထိုင်ရေးအတွက် စောင့်စည်းအပ်သော အတ္တနှင့်ပရ မည်သို့မျှတအောင် ကျင့်ရမည်ဟူသော ကျင့်ဝတ်များကိုသာ သင်ပေး၏။

အထူးသဖြင့် သူသည် ကတိတည်ရမည်ဟူသော အချက်ကို သူ့သားအား အထူးကြပ်မတ် သင်ထားပေး၏။

"လူဆိုရင် ကတိတည်ရမယ်၊ ကတိမတည်တဲ့လူဟာ လူမဟုတ်ဘူး။ လူ့ဂုဏ်သိက္ခာ ယောကျ်ားဂုဏ်သိက္ခာ ဆိုတာ ကတိတည်တယ် မတည်ဖူးဆိုတဲ့ အပေါ်မှာ တည်တယ်။ မင်းငါ့သားဆိုရင် ကတိတည်ရမယ်။ ကတိပျက်တယ်ဆိုရင် ငါ့သားမဟုတ်တော့ဘူး။ ယောကျ်ားဆိုရင် ပေးပြီးတဲ့ကတိ ဘယ်တော့မှ မဖျက်ရဘူး။ ကတိကို အသက်နဲ့လဲပြီး စောင့်ရှောက်ရမယ်"

အရဲပေါက်စလေးအရွယ်မှစ၍ပင် ဤသို့ သူညစဉ်နေ့စဉ်ပြောကြား သင်ပေးလာခဲ့၏။ အရဲမှာ အခုအချိန်၌ သူ့ဖခင်ကဲ့သို့ပင် ကတိဟူသော စကားကို မည်သို့စောင့်ထိန်းရမည်ကို ကောင်းစွာနားလည်၍ နေပေပြီ။

အရဲအိမ်ရောက်သွားသောအခါ မိအုန်းမှာ ဗူးစင်မှ ဗူးသီးများကို ခူးလျက်ရှိ၏။

အရဲရောက်လာသည်ကို ဂရုမပြုမိ။

www.burmeseclassic.com


အရဲသည် သူတို့မိသားစု သောက်သုံးရန် ထိန်းသိမ်းထားသော ရေကန်သို့ ပြေးသွားပြီး မျက်နှာသစ်ပစ်လိုက်၏။ စောစောက ဗိုက်တွင်းမှ အောင့်သလိုလိုရှိသော အနာမှာ အိမ်ရောက်သော အခါ၌ ပျောက်သွားလေပြီ။

သူသည် အိမ်တွင်းသို့ ပြေး၍ သူ့ဖခင်၏ မှန်ပြောင်းကို ယူလိုက်သည်။ အိမ်ရှေ့သို့ ထွက်၍ ရှေ့မြင်ကွင်းတွင် မြင်နေသော မျော်ပင်များကြားမှ ပင်လယ်ဖျံနီကို ရှာကြည့်လိုက်သည်။

မတွေ့။

သူမကျေနပ်ပါ။

ယခု သူမြင်နေရသောအပိုင်းမှာ ကျွန်းအရှေ့ဘက်ပိုင်း ဖြစ်သည်။ ကျွန်းအနောက်ဘက်ကို ကြည့်ရန်မှာ အိမ်မှ တစ်မိုင်ခန့်ဝေးသော ပေတထောင်ခန့်မြင့်သည့် တောင်ကုန်း ပေါ်မှ တက်ကြည့်မှ မြင်ရမည်။

ဖခင်အားလည်း အိမ်မှ အလှမ်းဝေးသော နေရာ၊ အိမ်ကိုပြန်ကြည့်၍ မမြင်နိုင်သောနေရာကို မသွားဟု ကတိပေးထားမိလေပြီ။

သူရုတ်တရက် ကြံမရအောင်ရှိ၏။ နောက်မှတဖန် သူတွေးမိပြန်သည်။

သူ့ဖခင်ကို ကတိပေးထားသည်မှာ အိမ်ကိုပြန်ကြည့်၍ မမြင်နိုင်သောနေရာသို့ မသွား။

သူမှန်ပြောင်းကို ယူသွားမည်။

မှန်ပြောင်းနှင့် အိမ်ကိုပြန်ကြည့်လျှင် တောင်ပေါ် ရောက်သည်အထိ တလမ်းလုံး တောက်လျှောက် အိမ်ကို ပြန်မြင်နိုင်သည်။

သူကတိမပျက်တော့။

ချွင်းချက်ကို သူ့ဟာသူ ကြံဆရှာဖွေ၍ မှန်ပြောင်းကို တဖက်မှ ကိုင်ပြီး တောင်ထိပ်သို့ ပြေးထွက်သွားခဲ့၏။

နေဝန်းကြီးမှာ အနောက်ဘက် မိုးကောင်းကင်တွင် ရဲရဲကြီး တောက်ပလျက်ရှိ၏။ ပင်လယ်ရေပြင်ကြီးမှာ ညနေစောင်း ပြီမို့ ယခင် စောစောက ပြာလဲ့နေသော အရောင်မှ ငွေရောင်သို့ ပြောင်းသွားခဲ့ပေပြီ။

\+ + +

အချိန်မှာ ညနေ(၄)နာရီခန့် ရှိသွားပေပြီ။

ဗိုလ်ကြီးထွန်းမြင့်သည် နောက်ဆုံးကျန်ရှိသော နွားသား ရေကိုခေါက်၍ တဲတွင်း၌ စနစ်တကျ သိမ်းလိုက်၏။ တဲပြူတင်း ပေါက်တံခါးများကိုလည်း လျှော်ကြိုးများနှင့်တုပ်၍ ခိုင်အောင် ပိတ်ထားလိုက်၏။

ကျွန်းပတ်ဝန်းကျင်တခုလုံးမှာ ယနေ့ အထူးတိတ်ဆိတ် လျက်ရှိ၏။ အဏ္ဏဝါတခွင် အလွန်သတ္တိရှိလှပါသည်ဟု ဆိုသော စင်ရော်ငှက်များပင် မုန်တိုင်းလာမည့် လမ်းကြောင်းမှ ကြိုတင်ရှောင်ပြေးကြပေပြီ။

“အင်း- မိုးမချုပ်မီ လေကျတော့မှာပဲ”

သူသည် ခြေလှမ်းကို မြန်မြန်သွက်သွက် လှမ်း၍

www.burmeseclassic.com


အိမ်သို့ ပြန်လာခဲ့၏။

အိမ်ဝတွင် မိအုန်းစောင့်ကြိုနေသည်။ မိအုန်းမှာလည်း မုန်တိုင်းလာတော့မည်ကို ကြိုသိထားသဖြင့် တုန်လှုပ်လျက်ရှိ၏။

မတုန်လှုပ်၍လည်း မဖြစ်။

အနောက်ဖက် မိုးကောင်းကင်ကို လှမ်းကြည့်လိုက်ပါ။

အနီရောင်ကြီးမှာကြောက်စရာ ကောင်းလောက်အောင် တောက်ပလျက်ရှိ၏။

ထိုအချိန်၌ပင် လေကျသံကြီးကို စ၍ကြားလိုက်ကြရသည်။

မုန်တိုင်းကျလာလေပြီ။

မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်း သူတို့ကျွန်းပေါ် ရောက်ပေတော့မည်။

"ဟော့ . . . အရဲကော"

ဗိုလ်ကြီးထွန်းမြင့်သည် မုန်တိုင်းသံကြားချိန်တွင် သူ့သားတော်မောင်ကို မတွေ့မိသဖြင့် တုန်လှုပ်စွာ မိအုန်းကို လှမ်းမေးလိုက်၏။

" 'အမူ'နဲ့ လိုက်သွားတာပဲ မဟုတ်လား"။

'အမူ' မှာ မွန်စကားဖြစ်၏။ ဦးလေးကို ဆိုလိုပေသည်။ မိအုန်းသည် သူ့ ခင်ပွန်းသည် ဗိုလ်ကြီးထွန်းမြင့်ကို ကျွန်းသို့ လိုက်လာစကတည်း က 'အမူ'ဟုသာ ခေါ်သည်။

မခေါ်၍လည်း မဖြစ်။

www.burmeseclassic.com


သူမနှင့် အသက်နှစ်ဆယ်ကျော် ကြီးသော ဦးလေး အရွယ်လူကြီးကို ဦးလေးဟု မခေါ်လျှင် သူဘယ်သို့ခေါ်ရ မည်နည်း။

"ဟာ. . . ဒုက္ခပါပဲ။ ဒီကောင်ပြန်သွားတာ တစ်နာရီ ကျော်ပြီ။ အိမ်မရောက်လာဘူးလား။ အို. . . ဒုက္ခပါပဲ"

ဗိုလ်ကြီးထွန်းမြင့်သည် သူ့သစ်လုံး အိမ်လေးအတွင်း သို့ ပြေးဝင်သွားသည်။

အရဲကို မတွေ့။

သူနံရံပေါ်တွင် ချိတ်ဆွဲထားသော မှန်ပြောင်းကို ရှာကြည့်လိုက်သည်။

မမြင်။

ကလေး ဘယ်သွားမည်ကို သူချက်ချင်း တွေးမိပေပြီ။

"မိအုန်း- မင်းသား မှန်ပြောင်းယူပြီး တောင်ပေါ်တက် သွားပြီကွဲ့။ ဒီတခါတော့ အကျိုးနည်းပြီ ထင်ပါရဲ့"

သူသည် ရင်ထဲတွင် ထူပူ၍သွားသည်။ အချိန်မီ အရဲ ကို ပြန်ခေါ်ရန်အတွက်လည်း တဲပြင်ထွက်ဖို့ ဟန်ပြင်လိုက်၏။

တံခါးမှာ ဖွင့်မရတော့။

မုန်တိုင်းကြီးမှာ သူတို့ ကျွန်းပေါ်သို့ ရောက်နှင့်ပေပြီ။

+ + +

တဲအတွင်းမှ မီးအိမ်လေးသည် အရှိန်ပြင်းစွာ အထက် အောက်လူးလွန့်လျက်ရှိ၏။ ထိုအချိန်၌ တဲတံခါးမှာ ကြောက် လန့်ဖွယ် 'ဘန်း'ကနဲ ပွင့်၍သွားသည်။

www.burmeseclassic.com


လေအရှိန်ကြောင့် တံခါးချက်များ ကျိုးသွားပေပြီ။ ဗိုလ်ကြီးထွန်းမြင့်သည် ရုတ်ခြည်းခုန်ထပြီး အားရှိသ၍ စိုက်ထုတ်ပြီး တံခါးမကြီးကို ပြန်ပိတ်လိုက်၏။

မိအုန်းသည် ပတ်ဝန်းကျင်တစ်ခုလုံးကို ဘာမှ ဂရုမပြုတော့။ တရှုတ်ရှုတ်နှင့်သာ ထိုင်၍ငိုနေသည်။

"မိအုန်း"

ဗိုလ်ကြီးထွန်းမြင့်သည် ခြောက်ကပ်သော အသံဖြင့် လှမ်းခေါ်လိုက်၏။ ထို့နောက် မိအုန်းအနားသို့ လျှောက်လာ၍ ပခုံးကို လှမ်းကိုင်ပြီး. . .

"ငိုမနေစမ်းနဲ့၊ ဒီကောင် မသေနိုင်ပါဘူး။ မုန်တိုင်းရဲ့ အန္တရာယ်ကို ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ သူ့ကို ငါသင်ပေးပြီးသား။ ဒီခလေးဟာ အင်မတန် ဉာဏ်ကောင်းတဲ့ ခလေး။ မုန်တိုင်းဘေးက လွတ်အောင် သူရှောင်နိုင်မှာပါ"

ဗိုလ်ကြီးထွန်းမြင့် စကားမဆုံးမီပင် လေပြင်းတစ်ချက် ဝှေ့လိုက်သဖြင့် တဲတခုလုံးမှာ သွက်သွက်ခါ၍ တုန်လှုပ်သွား၏။

သူတို့ခေါင်းပေါ်မှ သစ်လုံးအမိုးများပင်လျှင် လွင့်ထွက် သွားတော့မည်ကဲ့သို့ ရှိနေ၏။

ထိုအချိန်၌ မိုးသီးများမှာ ပြင်းစွာ တပေါက်ပေါက် သူတို့တဲပေါ်သို့ ကျရောက်၍လာသည်။

အရဲ အခုချိန်၌ လေကွယ်နေရာကောင်း တစ်ခုခုတွင် မခိုနေလျှင် ဘယ်နည်းနှင့်မှ အသက်ရှင်စရာမရှိတော့ပြီကို

www.burmeseclassic.com


ဗိုလ်ကြီးထွန်းမြင့် ကောင်းစွာသိ၏။

သို့သော် မတတ်နိုင်ပါ။

ဖခင်၏ ချစ်ဇောကြောင့် မဖြစ်ဖြစ်သည့်နည်းဖြင့် သူ့သားကို ကယ်ဆယ်နိုင်ရေးအတွက် ကြိုးပမ်းကြည့်ရန် ဆုံးဖြတ်လိုက်၏။

သူသည် ကြိုးရှည်တချောင်းကိုရှာ၍ အစ တစ်ဖက်ကို သူ့ခါးတွင် ချည်လိုက်၏။ ကျန်တစ်စကို မိအုန်းခါးတွင် ချည်လိုက်၏။ ထို့နောက် တဲဘေးတံခါးတခုကို ဖွင့်လိုက်ပြီး. . .

"မိအုန်း၊ ငါ အပြင်စမ်းထွက်ကြည့်မယ်။ တကယ်လို့ အပြင်မှာ တခုခု ဒုက္ခရောက်ရင် ကြိုးလှုပ်ပြီး အချက်ပြမယ်။ ဒီအခါမှာ နင်အားရှိသလောက်ဆွဲပြီး ငါ့ကို တဲထဲပြန်သွင်းတော့"

ဗိုလ်ကြီးထွန်းမြင့်သည် ဖွင့်ထားသော တံခါးဝတွင် သွားရပ်လိုက်သည်။ တဲပြင်တွင် အလွန်ပြင်းသော လေမုန်တိုင်းကြီးမှာ တိုက်ခတ်လျက်ရှိ၏။ သစ်ပင်များလဲကျသံ၊ ဒီရေများ ကမ်းသို့ ရိုက်ခတ်သံများမှာ ကြောက်လန့်ဖွယ် ကြား၍နေရသည်။ ဗိုလ်ကြီးထွန်းမြင့်သည် လဲကျမည်စိုး၍ ဒူးထောက်ထိုင်ချပြီး တဲပြင်ရှိ လေကြမ်းအောက်ဝယ် ကျားသစ်သွားတွားသွားကြည့်ရန် ကြိုးပမ်းလိုက်၏။

မိအုန်းမှာ အစပိုင်းတွင် ဘာမှဝင်မပြောဘဲ၊ ငိုနေရာမှ ဗိုလ်ကြီးထွန်းမြင့်၏ အပြုအမူများကို ကြောင်ကြည့်နေသည်။ သို့သော် ကြာရှည်မကြည့်နိုင်။

www.burmeseclassic.com


"အမူ မသွားနဲ့၊ မသွားနဲ့" ။

မိအုန်းလှမ်း၍ အော်လိုက်၏။

လေဒဏ်ကြောင့် ဗိုလ်ကြီးထွန်းမြင့်မကြား၊ တဲပြင်ရောက်သွားလေပြီ။

ပြင်းထန်သော လေကြမ်းသည် ဗိုလ်ကြီးထွန်းမြင့်ကို တည်ဆောက်၍ မရအောင် ဖိ၍ တိုက်ချလိုက်၏။ ပင်လယ်ရေငန်များ၊ မိုးသီးများ၊ သဲများ၊ ကျောက်စလစ်ခဲများမှာ သူ့ခန္ဓာကိုယ်ပေါ်သို့ အရှိန်ပြင်းစွာ တဖေါက်ဖေါက်ကျလျက် ရှိကြ၏။

သို့သော် ဗိုလ်ကြီးထွန်းမြင့်မှာ သဘာဝ၏ ဒဏ်ချက်များကို ရုတ်တရက် အလျှော့ပေးသူ မဟုတ်။

ရွေ့သွား၍ မဖြစ်နိုင်ဟု ထင်ရသည့် လေပြင်းများကြားမှပင် မဖြစ်ဖြစ်အောင် ကုတ်ကပ်၍ ရွေ့သွားပြီး နောက်ဆုံး တဲမှဆယ်ပေခန့် အကွာတွင်ရှိသော လေဒဏ်မှ ခိုအောင်းနိုင်သည့် ကျင်းတခုသို့ ရောက်ရှိသွားခဲ့၏။

ကျင်းလေးမှာ ရေများ၊ သဲများနှင့် ပြည့်၍ နေပေပြီ။

သူ့သား အရိပ်အယောင်မှမတွေ့။ သူသည် တဲဘေးပတ်ဝန်းကျင်တဝိုက်ကို လှမ်းမျှော်ကြည့်ရှုလိုက်သည်။

ဘာမှ သဲကွဲစွာ မမြင်ရ။

မြင်ကွင်းအားလုံးမှာ အလင်းရောင် နည်းသဖြင့် သူ့အမြင်တွင် အားလုံး ဝိုးတိုးဝါးတား ဖြစ်လျက်ရှိ၏။

သူသည် ရင်ဘတ်နှင့် မြေကြီးကို ကပ်၍ တွားသွား

www.burmeseclassic.com


နေရာမှ လေးဘက်ထောက် ထိုင်လိုက်သည်။

ပင်လယ်ဘက်သို့ လှမ်းကြည့်လိုက်လျှင် လျှပ်လက်ချိန်၌ အိမ်ခေါင်အမြင့်ခန့်ရှိသော လှိုင်းလုံးကြီးများမှာ တဟဲဟဲ အသံပြုလျက် ကြွထ လှုပ်ရှားကစားလျက် ရှိသည်ကိုမြင်နေရ၏။

သူ့ကတ္တူလေ့ မျောပါသွားလေပြီလား။

သားဇောကြီးနေသည့်ကြားမှ ရုတ်တရက် သူ့လေ့အကြောင်းကို တွေးမိလိုက်ပြန်သည်။

ထိုအချိန်၌ပင် လေပြင်းကြီးတခု 'ဝုန်း'ကနဲ ဝှေ့ယမ်း၍ တိုက်သွားသည်။

သူသည် လေးဘက်ထောက် ထိုင်နေရာမှ တဘက်သို့ လေးငါးပတ်လိမ့်၍ လွင့်စင်ကျသွား၏။

ထိုအချိန်မှစ၍ သူဘယ်သို့ ဖြစ်သွားသည်ကို သူ မမှတ်မိတော့ပါ။ သူ့ခေါင်းနှင့် အရာဝတ္ထုတခုခု ဆောင့်မိသွားဟန်ရှိသည်။ သူ မေ့မျောသွားပေပြီ။

သူ သတိပြန်ရသောအခါ၌ တဲအတွင်းသို့ ပြန်ရောက်နေသည်။

အပြင်ဘက်တွင် မုန်တိုင်းကြီးမှာ ယခင်အတိုင်း ပြင်းထန်နေဆဲ။ ဩော်. . . မိအုန်းကယ်ပေလို့၊ သူမေ့မျောနေစဉ် မိအုန်း သူ့ခါးမှ ကြိုးဖြင့် တဲတွင်းဆွဲမသွင်းလျှင် ယခု သူသေနေပေပြီ။

မိအုန်းခမျာလည်း သူ့ကို သယ်ရသည်မှာ မသက်သာ။

www.burmeseclassic.com


သူမ၏ ခန္ဓာကိုယ်နှင့် တဆခွဲမျှ လေးသော ဗိုလ်ကြီး ထွန်းမြင့် ခန္ဓာကိုယ်ကို ဆွဲသွင်းရသည်မှာ အဘယ်မျှ ခက်လှပါ မည်နည်း။

မိအုန်းသည် ရေတခေါင်းတစ်ခုကိုယူ၍ ဗိုလ်ကြီး ထွန်းမြင့်မျက်နှာပေါ်သို့ လောင်းချလိုက်သည်။ ဗိုလ်ကြီး ထွန်းမြင့်မှာ ချက်ချင်းပြန်၍ သတိရလာ၏။ သူသည် သတိရ သည်ဆိုသည်နှင့် မိအုန်းကို ကြည့်၍ကြိုးစားပြုံးရင်း. . .

"မပူနဲ့ မိအုန်း။ အရဲ အပြင်ဘက်မှာ မရှိဘူး။ ငါ သေသေချာချာ ကြည့်ပြီးပြီ၊ လေကွယ်နေရာကောင်း တခုခုမှာ ခိုမိနေပြီ"

"ကျမယုံပါတယ် အမူ၊ သူသေမှာ မဟုတ်ပါဘူး။ အမူ စကားမပြောပါနဲ့၊ နားပါအုံး"

မိအုန်းသည် ကြင်နာစွာ စကားဆို၍ ဗိုလ်ကြီး ထွန်းမြင့် ၏ မျက်နှာပေါ်ရှိ သွေးစ သွေးနများကို အဝတ်စတခုနှင့် သုတ်ပေးလိုက်၏။ သူတို့နှစ်ဦးလုံးသည် ရင်ထဲမှ ပူဆွေးမှုများ ကို တဦးကိုတဦး မသိအောင် ဖုန်းကွယ်ထားလျက် ရှိကြသည်။ အပြင်မှ မုန်တိုင်းကြီးမှာ အားယူ၍ မင်းမူနေဆဲ. . .။

\+ + +

ဗိုလ်ကြီးထွန်းမြင့်နှင့် မိအုန်းသည် မီးဖိုအနီးရှိ သစ်တုံး ထိုင်ခုံတစ်ခုစီပေါ်တွင် မျက်နှာချင်းဆိုင် ငြိမ်သက်စွာ ထိုင် နေကြသည်။

သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး စကားများများ

www.burmeseclassic.com


မပြောခဲ့ကြ။

အပြင်မှ မုန်တိုင်းသံကိုသာ နားစွင့်၍ နေကြသည်။

အမှန်တော့ ဗိုလ်ကြီးထွန်းမြင့်နှင့် မိအုန်းမှာ ပင်ကိုယ်ကပင် အလွန်စကားနည်းသူများ ဖြစ်၏။ သူတို့အတူတကွ နေထိုင်ကြသည်မှာ ဆယ်နှစ်ခန့်ရှိသွားပြီ ဖြစ်သော်လည်း ဘယ်အခါကမျှ အကြောင်းမရှိဘဲ တစ်ဦးနှင့်တစ်ဦး စကား မပြောခဲ့ကြ။

အလုပ်ကိစ္စရှိမှသာ တစ်ဦးနှင့်တစ်ဦး ပြောလေ့ရှိ၏။

သူတို့ စကားများများ ပြောလေ့ရှိသည်မှာ သူတို့ သားငယ် အရဲနှင့်သာ။

မိအုန်းသည် အလွတ်ကျွန်း လိုက်လာစက ဗိုလ်ကြီး ထွန်းမြင့်ကို မည်သို့မှ ချစ်၍မရခဲ့ပါ။

ဗိုလ်ကြီးထွန်းမြင့် ပုံသဏ္ဌာန်ကိုလည်း ကြည့်ပါဦး။ အရပ်မှာ ၆-ပေနီးပါးခန့် မြင့်ပြီး အသားညိုညိုမဲမဲ၊ မျက်နှာပေါက်မှာ အလွန်ကြမ်းလှ၏။ အထူးသဖြင့် သူ၏ ပြနေသော ပါးစပ်ကြီးနှင့် စစ်အတွင်းက ရခဲ့သော ဒဏ်ရာ ကြောင့် ပါးတဖက်မှ အမာရွတ်အစင်းကြီးမှာ သူ့ကို အကြည့်ရ ဆိုးသည်ထက် ဆိုးအောင် ဖန်တီးနေသကဲ့သို့ ရှိ၏။

မိအုန်းမှာ ကျောင်းစာဟူ၍ အရေးအဖတ်ပင် တတ်သူ မဟုတ်ပါ။

ကမ္ဘာ့အရေး၊ လူမျိုးအရေး၊ နိုင်ငံအရေးဟူ၍လည်း နှမ်းစေ့မျှမသိ။

www.burmeseclassic.com


သို့သော် သူဖြတ်ကျော်လာသည့် ကြောက်လန့်ဖွယ် ဘဝအတွေ့အကြုံများကြောင့် ယောကျ်ားကောင်းနှင့် ယောကျ်ားဆိုးကို တက္ကသိုလ်မှ ဘွဲ့ရမိန်းမများထက် ရွေးတတ်သည်။

သူမအရွယ်နှင့်မလိုက်အောင် ဆယ်တောင်ဝတ်မင်း ယောကျ်ားများ၏ အတွင်းသဘောမနောကို သိသည်။ ထိုသို့ သိ၍ပင်ဟုဆိုရမည်။

အလွန်အရုပ်ဆိုးသော လူကြမ်းကြီး ဗိုလ်ကြီးထွန်းမြင့်နှင့် တစ်နှစ်ခန့် ပေါင်းသင်းနေထိုင်မိသည်ဆိုလျှင် ဗိုလ်ကြီး ထွန်းမြင့်ကို တဖြည်းဖြည်း အလွန်မြတ်နိုး နှစ်သက်၍ လာသည်။ အရုပ်ဆိုးလှပါသည်ဟုဆိုသော လူကြီး၏ ဖြူစင်သော နှလုံးသားကို စုံမက်မိလေပြီ။

ဗိုလ်ကြီးထွန်းမြင့်မှာလည်း ရေတပ်ဗိုလ်ဘဝဖြင့် ပင်လယ်ကမ်းရိုးတန်းတလျှောက်ရှိ နိုင်ငံပေါင်းစုံ၊ မြို့ပေါင်းစုံကို ရောက်ခဲ့ဘူးသူဖြစ်၏။

လူမျိုးပေါင်းစုံ၊ မိန်းမပေါင်းစုံကို မြင်ဘူးသည်။

သူသည် လွတ်လပ်မှုကို အလွန်မြတ်နိုးသူ တစ်ဦးအနေဖြင့် မိန်းမကိစ္စများကို ပေါ့ပေါ့သာ တွေးခဲ့သည်။ ခန္ဓာကိုယ်ချင်း ပေါင်းစပ်ရန်မှလွဲပြီး အချစ်၏သဘောကို သူ လုံးလုံးမတွေးခဲ့။

စိတ်လည်း လုံးဝမဝင်စား။

သူသည် မိန်းမများကို လူမျိုးဆက်ပွားရန်အတွက် ကမ္ဘာပေါ်တွင် တည်ရှိနေကြသည်ဟုသာ ပေါ့ပေါ့နား

လည်ထား၏။ ထို့ကြောင့်လည်း ငွေတစ်ထောင်ပေး၍ မိအုန်းကို အလွှတ်ကျွန်းသို့ ခေါ်စက သူ့အတွေးတွင် မိအုန်းကို သူနှင့်အတူတူအိပ်ရန်၊ ခိုင်းရန်၊ စေရန်၊ ကူဖော်လောင်ဖက် ရရန်သာ သဘောမှလွဲ၍ မေတ္တာသဘော အချစ်သဘော လုံးဝမရှိ။

သို့သော် မိအုန်းနှင့် အတူနေ၍ လပိုင်းမျှကြာလျှင်ပင် မိန်းမများအပေါ်၌ သူထားခဲ့သော အမြင်များမှာ ပြောင်းလဲလာခဲ့သည်။

နေ့စဉ် ယခင် သူစစ် ရေယာဉ်မှူးဘဝက စားပွဲထိုးရဲဘော် ပြင်ဆင်ခူးကျွေးသလိုပင် မိအုန်းသူ့ကို ထမင်းပြင်ဆင်ခူးကျွေး၏။ စစ်ရေယာဉ်မှ အကူ ရဲဘော် သူ့အိပ်ရာကို သန့်ပြန့်စွာ ပြင်ပေးသလိုပင် မိအုန်းသူ့ကိုပြင်ပေး၏။ စစ်ရေယာဉ်မှ အကူရဲဘော် ဖြူစင်အောင် သူ့အဝတ်အစားများကို လျှော်ဖွပ်ပေးသလို မိအုန်း သူ့ အဝတ်အစားများ လျှော်ဖွပ်ပေး၏။

သို့သော် မိအုန်း၏ လုပ်ရပ်များမှာ သူ့ရဲဘော်များ လုပ်ရပ်နှင့်မတူ။

တစ်ခုခု ထူးနေသည်။

သူ့ရင်ထဲ၌ ကျေနပ်မှုတခုကို ပို၍ပေးနေသည်ဟု သူတဖြည်းဖြည်း ထင်မှတ်လာခဲ့၏။

ဂရုပြုလာခဲ့၏။

အချစ်သဘောမှာ သူ့ အတွေးများအတွင်းသို့ ပြေးဝင်

www.burmeseclassic.com


လာစပြုလေပြီ။

ထို့ကြောင့်လည်း မိအုန်းနှင့် အတူနေ၍ တစ်နှစ်ခန့် အကြာတွင် မိအုန်းမှာ သူ့ရင်ထဲ အသဲထဲ နှလုံးထဲက ချစ်သော ဘဝကြင်ဖော်အဖြစ်သို့ရောက်၍ သွားပေပြီ။

နတ်နန်းမှ ငွေပေး၍ခေါ်လာသော မိန်းကလေး ဟုဆိုသော်လည်း ဤ မိန်းကလေးအပေါ်၌ သူချစ်သည့် အချစ်မှာ ဆင်ခြင်တုံတရားပေါ် အခြေခံ၍ အစမွှပြုမှုမပါ။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ညှိနိုင်း၍ နှစ်ဦးသဘောတူညီမှု ဖြင့် ချစ်ပါသည်ဟုဆိုသော ယဉ်ကျေးသည့် မြို့နေလူတန်းစား များ အချစ်ထက် လျော့သည်ဟု မည်သို့မှ မဆိုသာ။

ပိုချင်သာ ပိုဦးမည်ဟု ဆိုရပေမည်။

'ဝုန်း'ကနဲ လေပြင်းတချက်သည် သူတို့အိမ်ငယ်လေး ကို တိုက်ခတ်လိုက်သည်။ နံရံတွင် ချိတ်ဆွဲထားသော ပြောင် ချိုကြီးနှစ်ခုမှာ ကြမ်းပြင်ပေါ်သို့ 'ဒုန်း'ကနဲ လွင့်စဉ်ကျသွား ၏။

"အရဲ့ . . အရဲ့ . . မင်းလေး ခိုစရာ တစ်ခုခု အချိန်မီ ရရင်တော့ အသက်ရှင်နေဦးမှာဘဲ၊ မရရင်တော့ ကိစ္စချော လောက်ပါပြီ"

ဗိုလ်ကြီးထွန်းမြင့်သည် ရင်ထဲကျိတ်၍ပင် မှတ်ချက်ချ နေမိ၏။

"အမူ- အမူကို ကျွန်မတခု တောင်းပန်ချင်ပါတယ်"

မိအုန်းသည် တချိန်လုံး မီးဖိုဘေးတွင် ငြိမ်ထိုင်နေရာ

www.burmeseclassic.com


မှ မည်သို့ စိတ်ကူးရသည်မသိ၊ ဗိုလ်ကြီးထွန်းမြင့်ကို မော့်ကြည့်၍ လှမ်းပြောလိုက်၏။

"ဘာ. . . တောင်းပန်ချင်တယ်၊ ဘာတောင်းပန်ချင်တာလဲ မိအုန်း"

ဗိုလ်ကြီးထွန်းမြင့်မှာ မိအုန်းစကားကို နားမလည်နိုင်အောင်ရှိ၏။ မိအုန်းဘာကို တောင်းပန်ချင်ပါလိမ့်။ သူ့သားဇောကြောင့် ရူးလေပြီလား။

"အခြားမဟုတ်ဘူး အမူ၊ ကျမကို အမူ ပစ်မသွားပါနဲ့၊ ဒီလိုမပစ်ဘူးလို့လဲ ကတိပေးပါ"

"ဘာ. . . မင်းကို မပစ်ပါနဲ့၊ ငါဘာဖြစ်လို့ မင်းကို ပစ်သွားရမှာလဲ"

ဗိုလ်ကြီးထွန်းမြင့်မှာ မိအုန်း စကားကိုပို၍ နားမလည် ဖြစ်၍လာသည်။

"အကြောင်းရှိလို့ပါ အမူရယ်၊ အမူ ကတိသာ ပေးစမ်းပါ"

"ငါ ကတိပေးပါတယ် မိအုန်း၊ မင်း ဘာဖြစ်နေတာလဲ"

မိအုန်းမျက်နှာမှာ တစ်ခုခု ထိတ်လန့်စိုးရွံ့နေသကဲ့သို့ ရှိရာမှ အနည်းငယ် သက်သာသွားသကဲ့သို့ ရှိ၏။ မိအုန်းသည် ဗိုလ်ကြီးထွန်းမြင့်အနားသို့ ထိုင်ခုံကို မရွှေ့၍ ထိုင်လိုက်သည်။

"အမူ၊ ကျွန်မ အမူနှင့်ဒီကျွန်းပေါ်မှာ နေရတဲ့ ဆယ်နှစ်လုံးလုံးဟာ အလွန်စိတ်ချမ်းသာပါတယ်၊ အလွန်ပျော်ပါတယ်၊ အမူလဲ ကျမလိုပဲ စိတ်ချမ်းသာတာပဲ၊ ပျော်တာပဲ မဟုတ်လား၊

www.burmeseclassic.com


ဒီဆယ်နှစ်အတွင်း ကျွန်မတို့ ဘာမှဒုက္ခ အကြီးအကျယ် မရောက်ခဲ့ဘူးဘူး။ ခု ကျွန်မတို့ ကံဆိုးစပြုလာပြီ။ ကျွန်မ အမူ မယုံတဲ့ ဘုရားကို တကယ်ပဲ မယုံပါဘူး။ ကျွန်မ အမေဟာ အလွန်ဘုရားကြည်ညိုတယ်။ ညတိုင်း ညတိုင်း ဘုရားရှိခိုးတာ နှစ်နာရီ သုံးနာရီလောက်ကြာမယ် ထင်တယ်။ ဒါပေမယ့် ဘုရားက ကျွန်မ အမေကို မကယ်ပါဘူး။ ကျွန်မတို့ အရွယ် မရောက်ခင် အဖေဆုံးတယ်။ ကျွန်မ မောင်လေးက လှေလိုက် ရင်း ဘယ်ပျောက်သွားသလဲ မသိဘူး။ နောက်ဆုံး ကျွန်မ ကိုယ်တိုင်လဲ မော်လမြိုင်က မကောင်းတဲ့ အိမ်တစ်အိမ်ကို ရောက်သွားခဲ့ပါတယ်”

အတူတူနေခဲ့ကြသည့် ဆယ်နှစ်အတွင်း မိအုန်းသည် တခါမျှ ဗိုလ်ကြီးထွန်းမြင့်ကို ဤသို့သော စကားများကို မပြော ခဲ့ဘူးပါ။

“ဒါပေမယ့် ကျွန်မကံကို ယုံတယ်အမူ၊ ကံကို ကျွန်မတို့ မွန်လို(လက်)လို့ခေါ်တယ်။ ဒီ(လက်)ကို ဘယ်သူမှ တားဆီးလို့ မရဘူး။ နောက်(လက်)က ဆိုးလာပြီဆိုရင် ဘယ်တော့မှ တခုထဲနဲ့ မပြီးဘူး။ မရပ်ဘူး။ ခု ကျွန်မတို့ သားလေးပျောက်လို့ ကျမတို့ ကံဆိုးစပြုပြီ။ ဒီကံဆိုးတဲ့အရှိန်ဟာ တော်ရုံနှင့် ရပ်အုံး မှာမဟုတ်ဘူး။ ဆက်ပြီး ဒုက္ခအမျိုးမျိုး ပေးအုံးမှာပဲ။ ဒါကြောင့် အမူ ကျမကို မပစ်သွားပါနဲ့လို့ ကတိတောင်းတာပါ။ ကျမ ဘယ်ဒုက္ခမျိုးမဆို ခံနိုင်ပါတယ်။ ဒါပေမယ့် အမူ ပစ်သွားမယ့် ဒုက္ခကိုတော့ ခံနိုင်မှာ မဟုတ်ဘူး”

www.burmeseclassic.com


ဗိုလ်ကြီးထွန်းမြင့်သည် မိအုန်းကို ဘာမှပြန်မပြောပါ။ လက်တဖက်နှင့် သူမ၏ ပခုံးလေးကိုသာ လှမ်းဖက်ထားလိုက်လေသည်။

"ဒုန်း. . . ဒုန်း. . ဒုန်း. ." ထိုအချိန်၌ပင် တံခါးမကြီး ထုသည့်အသံကို သူတို့ကြားလိုက်ရသည်။ သူတို့ တစ်ဦးကို တစ်ဦးဘာမှမပြော၊ ကြားလိုက်ရသော အသံမှာ တံခါးထုသောအသံ ဟုတ်မဟုတ် ငြိမ်၍ အာရုံစိုက် နားထောင်နေကြသည်။

"ဒုန်း-ဒုန်း-ဒုန်း၊ ဒုန်း-ဒုန်း-ဒုန်း" တံခါးထုသံများ ဆက်၍ ပေါ်လာပြန်သည်။ မိအုန်း၏ မျက်လုံးကလေးများမှာ အလွန်ကြောက်လန့်နေပုံရ၏။ တံခါးမကြီးကို စူးစိုက်ကြည့်နေပြီး မျက်တောင်ပင် မခတ်ဝံ့။

"အရဲထင်တယ်" ။

ဗိုလ်ကြီးထွန်းမြင့်သည် ထိုင်နေရာမှ ခုန်ထလိုက်၏။

"သား မဖြစ်နိုင်ဘူး၊ မဖွင့်နဲ့၊ မဖွင့်ပေးနဲ့၊ အချိန်မတော်ကြီး မကောင်းဆိုးဝါး ဖြစ်မှာပါ" ။

မိအုန်းသည် ဗိုလ်ကြီးထွန်းမြင့် လက်တဖက်ကို လှမ်းဆွဲလိုက်၏။

မှန်ပါသည်။

အချိန်မှာ သန်းခေါင်ကျော်နေပေပြီ။

ဗိုလ်ကြီးထွန်းမြင့်သည် မိအုန်းလက်ကို ဖယ်ချလိုက်ပြီး တံခါးမကြီးသို့ လျှောက်သွား၍ ချက်ကိုဖွင့်ပေးလိုက်၏။ အပြင်

www.burmeseclassic.com


မှ လေအဟုန်နှင့်အတူ လူတစ်ယောက်သည် အရှိန်ဖြင့် ထိုးရမ်းဝင်ရောက်လာပြီး မီအုန်းခြေရင်း ကြမ်းပြင်ပေါ်တွင် လဲကျသွား၏။

ထိုလူ၏ မျက်နှာမှာ ဖျော့တော့နေသည်။ သွေးစသွေးနများနှင့် ပေနေသည်။ တကိုယ်လုံးမှာလည်း မိုးရေများနှင့် ရွှဲရွှဲစိုလျက်ရှိ၏။

သူသည် အသက်သုံးဆယ်ပင် ပြည့်သေးဟန်မတူ၊ အရပ်မှာ ဗိုလ်ကြီးထွန်းမြင့်လောက် မမြင့်သော်လည်း လက်တံခြေတံများမှာ ဗိုလ်ကြီးထွန်းမြင့်ထက် သန်မာပုံရပြီး၊ မုန်တိုင်းဒဏ်ကြောင့် သင်္ဘောပျက်၍ အလွှတ်ကျွန်းသို့ရောက်လာသောသင်္ဘောသားတစ်ယောက် ဖြစ်ဟန်ရှိသည်။

သို့သော် သူ့ခါးတွင် သားရေခါးပတ်ကြီး၌ ထိုးထားသော ဒဿမလေးငါး ဘရောင်နင် ပစ္စတိုမှာ ဗိုလ်ကြီးထွန်းမြင့်အဖို့ သူ့အလုပ်အကိုင်ကို ခန့်မှန်းရန် ခက်ခဲစေလျက်ရှိ၏။

သင်္ဘောသားဖြစ်လျှင် အဘယ်ကြောင့် ပစ္စတိုခါးထိုးရပါသနည်း။

+ + +

အရဲတစ်ယောက် ဘယ်ရောက်နေပါသနည်း။

ထိုညနေက အရဲတောင်ကုန်းပေါ် ပြေးထွက်သွားချိန်၌ အလွှတ်ကျွန်း၏ ကောင်းကင်ယံ၌ တိမ်ဖြူဟူ၍ လုံးဝမရှိသေးပါ။

www.burmeseclassic.com


သူသည် တောင်ထိပ်ကိုရောက်ရန် အိမ်မှပြေးသွားရသော အချိန်သည် မိနစ်နှစ်ဆယ်ခန့်သာ ကြာမည်။ တောင်ကုန်းပေါ်မှ ကျွန်းပတ်ဝန်းကျင်သို့ မြင်တွေ့ရသည့် ရှုခင်းမှာ အလွန် လှပပေသည်။

ကြည့်၍မဝအောင်ရှိ၏။

အရဲသည် တောင်ကုန်းပေါ်မှ ရှေးဦးစွာ သူ့အိမ်သို့ ကြည့်လိုက်သည်။ ရိုးရိုးမျက်စိနှင့် ကြည့်၍ သဲကွဲစွာ မမြင်ရသော်လည်း မှန်ပြောင်းနှင့် ကြည့်လိုက်သောအခါမူ တခေါ်လောက်အဝေးက ကြည့်ရသကဲ့သို့ ရှိ၏။

“အင်း. . . ငါ အဘကို ပေးထားတဲ့ကတိ မပျက်ပါဘူး၊ အိမ်ကို တစ်ချိန်လုံး မြင်နေနိုင်တာပဲ”

အရဲသည် စိတ်ထဲမှ ဤသို့စကားဆို၍ ကျေနပ်စွာ ပြုံးလိုက်၏။

အရဲသည် သူ့မှန်ပြောင်းကို ကျွန်းအနောက်မှ ပင်လယ်မျော်များရှိရာသို့ ချိန်လိုက်သည်။

မျော်ပင်များမှာ အလွန်အရှိန် ပြင်းစွာ ရွေ့လျားမျောပါနေကြသည်ကို မြင်တွေ့လိုက်ရ၏။ စောစောက အိမ်မှ လှမ်းကြည့်စဉ်ကတော့ မည်သည့်မျော်ပင်မျှ မမျော။

ခု ဘာကြောင့်မျောနေကြပါလိမ့်။

အရဲသည် လေကျစလာပြီဖြစ်သည်ကို မသိ။ သူ့အဘ၏ သတိပေးစကားများကို သူအမှတ်မရ။

သူတွေးမိ အမှတ်ရမိနေပါမှ မုန်တိုင်းကျပြီးလျှင်

www.burmeseclassic.com


ပင်လယ်ဖျံနီများ မျောပါလာကြလိမ့်မည်ဟူသော စကား သာ။

သူသည် မြေပြင်ပေါ်သို့ မှောက်လှဲလိုက်သည်။ ခြေနှစ်ချောင်းကို ဘေးသို့ဖြန့်ခွဲလိုက်၏။

ထို့နောက် တထောင်နှစ်ဖက်ကို မြေမှာထောက်ပြီး မှန်ပြောင်းဖြင့် မှော်ပင်များအကြားတွင် ပင်လယ်ဖျံနီကို ရှာကြည့်သည်။

ထိုအချိန်၌ မိုးသား မိုးလိပ်များကို သယ်ဆောင်လာသည့် မုန်တိုင်း၏ရှေ့ပြေးဖြစ်သော တိမ်မဲကြီးများမှာ ကျွန်းပေါ်သို့ ရောက်စပြုပေပြီ။

"ရှို့ . . . ရှို့ . . . ဝေါ့ . . . ဝေါ့ . . . ဝုန်း . . . ဝုန်း"ဟူသော မုန်တိုင်းချဉ်းကပ်လာသည့်အသံကို အရဲ ရုတ်တရက် ကြားလိုက်ရ၏။

အရဲ မှောက်လှဲနေရာမှ ခုန်ထလိုက်သည်။

မြို့ကြီးနေကလေးများသာဆိုလျှင် လက်နှစ်ဖက်မြှောက်ပြီး အဖေအမေတ၍ အိမ်ရှိရာသို့ ကြောက်လန့်တကြား ပြေးသွားလိမ့်မည် ဖြစ်၏။

အရဲမှာ ထိုသို့မပြေး။

ပြေးလျှင် လမ်းတဝက် မရောက်မီပင် မုန်တိုင်းဒဏ်ကြောင့် သူ့အသက်ပျောက်မည်ကို ကောင်းစွာသိ၏။

"အရဲ မုန်တိုင်းကျသံကြားရင် တောင်ပေါ်မှာဆိုရင် ဂူကောင်းကောင်းကိုရှာ၊ မြေပြင်မှာဆိုရင် တွင်းကောင်းကောင်း၊

www.burmeseclassic.com


ချိုင့်ကောင်းကောင်းကိုကြည့်၊ မုန်တိုင်းကို မကြောက်နဲ့၊ အဲဒီ ခိုစရာ နေရာကောင်းတခုကိုသာရှာပြီးခိုနေ၊ လေမငြိမ်မသွား မချင်း အပြင်မထွက်နဲ့”

အရဲသည် သူ့အဘ သင်ကြားထားပေးသော ညွှန်ကြား ချက်များကို ချက်ချင်း သတိရသည်။ သူ့ဖခင်သည် ထိုသို့သာ နှုတ်ဖြင့်သင်သည်မဟုတ်၊ ကျွန်းပေါ်ရှိ ခိုအောင်းသင့်သော နေရာများကိုလည်း လက်တွေ့ပြသဘူးသည်။

ယခု သူရောက်နေသော တောင်ကုန်းအခြေနားတွင် ကျောက်ဂူတစ်ခုရှိသည်။

ထိုဂူသို့ သူရောက်ရန်မှာ ၆-မိနစ် ထက် ပိုကြာမည် မဟုတ်ပါ။

အရဲသည် တောင်ကုန်းထိပ်မှ ဂူရှိရာ တောင်ခြေသို့ အရှိန်နှင့်ပြေးဆင်းသွား၏။

ထိုအချိန်၌ သူသည် မှန်ပြောင်းကိုလည်း ချန်မထားခဲ့။ မှန်ပြောင်းမှာ သူ့ဖခင် အလွန်မြတ်နိုးသော ပစ္စည်း၊ မုန်တိုင်း ကျချိန်၌ မှန်ပြောင်းကို ပစ်ထားခဲ့လျှင် ပျက်စီးသွားတော့မည် မဟုတ်လား။

အရဲသည် အချိန်မီ သူခိုအောင်းချင်သော ကျောက်ဂူ လေးသို့ ရောက်ရှိသွား၏။ ကျောက်ဂူလေးမှာ ဆယ်ပေ ပတ်လည်ခန့်ကျယ်ပြီး အမိုးမှာ လူကြီးတရပ်သာသာခန့်ပင် ရှိသည်။

အရဲသည် ဂူတွင်းသို့ လှိမ့်ဝင်လိုက်သည်။

www.burmeseclassic.com


ဂူ၏ အတွင်းပိုင်းမှာ မှောင်လျက်ရှိ၏။

သူသည် ဤအမှောင်ထုကို မကြောက်။

သူ့ဖခင်သည် အလွန်စေ့စပ်သေချာသူ ဖြစ်သည်။ မုန်တိုင်းကျသည့်အခါများတွင် မဟုတ်။ တခါတရံ မိုးမိ၍ ဝင်ခိုသည့်အခါများ၌ပင် အဆင်သင့်ဖြစ်စေရန် နတ်သမီး မီးခြစ်တလုံး၊ ဖယောင်းတိုင် သုံးလေးတိုင်နှင့် ထင်းစည်းအချို့ကို ဤဂူအတွင်း အဆင်သင့် သိမ်းဆည်းထားသည်။

ဤပစ္စည်းများ သိမ်းထားသော နေရာကိုလည်း သူကောင်းစွာသိ၏။

သို့သော် တောင်ထိပ်မှ ဒုန်းစိုင်းပြေးလာရသည်မှာ မောလှသဖြင့် သူသည် ချက်ချင်း မီးခြစ်ကို မရှာချင်သေး။ ခေတ္တလဲလျောင်း၍ အမောဖြေနေလိုက်သေး၏။

ထိုအချိန်၌ပင် ကြောက်လန့်ဖွယ် မုန်တိုင်းကြီးမှာ ကျွန်းပေါ်သို့ ရောက်ရှိလာသည်။

အချိန်မှာ ညနေလေးနာရီ သာသာမျှသာ ရှိသေးသော်လည်း ပြင်ပလောကခေတ်ရှိ အလင်းရောင်များမှာ ရုတ်ခြည်းပျောက်ကွယ်၍ သွား၏။ တဝေါဝေါ ရွာသွန်းချလိုက်သော မိုးကျသံနှင့် တဝီဝီမြည်ဟည်း၍ တိုးဝင်လာသော လေကျသံများမှာ ရှစ်နှစ်ပင်မပြည့်ရှာသေးသော အရဲအတွက် အလွန်ထိတ်လန့်ဖွယ်ရာပင် ဖြစ်၏။

အရဲအမောပြေလေပြီ။

သူ့နှာခေါင်းတွင် အနံ့တခုကိုရသည်။ တောရိုင်း

တစ်ကောင်ကောင်၏ အနံ့များလား။

သူသည် ဝက်ဝံကို အလွန်ကြောက်သည်။

ဝက်ဝံများလား။

ဝက်ဝံနံ့လည်း မဖြစ်နိုင်၊ ဝက်ဝံအနံ့မှာ လူချွေးနံ့များကဲ့သို့ ဖြစ်၏။

ယခု သူရနေသော အနံ့မှာ ငါးနံ့လိုလို၊ ကျောက်ဂူအတွင်းသို့ ငါး အဘယ်သို့ရောက်မည်တည်း။

ငါးနံ့လည်း မဖြစ်နိုင်ပြန်။

ဘာကောင်များ ဂူအတွင်း၌ ရောက်နေပါလိမ့်။

သူသည် လဲလျောင်းနေရာမှ မျက်စိကစား၍ မှောင်ထဲတွင် ထူးခြားသော အနံ့ရှိသည့် သတ္တဝါကို ရှာကြည့်နေမိသည်။

ရုတ်တရက် အမှောင်ထဲတွင် ဘာမှမတွေ့။

နောက်အမှောင်ကို ကျင့်သားရ၍ သေသေချာချာ ကြည့်မှ ငုတ်တုတ်ထိုင်နေကြသော မျောက်လိုလို၊ ဝက်ဝံလိုလို သတ္တဝါနှစ်ကောင်ကို သူတွေ့သည်။ မျောက်လား၊ ဝက်ဝံလား၊

မျောက်ဆိုလျှင် ဤသို့ ငြိမ်နေမည်မဟုတ်။

ဝက်ဝံဆိုလျှင် ဤမျှ အကောင်ငယ်မည် မဟုတ်။

ဝက်ဝံပေါက်စလေးတွေများလား။

အရဲသည် တဖြည်းဖြည်း ကြောက်၍လာသည်။ သူသည် ဂူပြင်သို့ ပြန်ထွက်၍ လွတ်ရာသို့ ပြေးလိုက်ချင်သည်။

မှန်တိုင်းရန်ကြောင့် မထွက်ဝံ့။

www.burmeseclassic.com


အရဲသည် အချိန်ကြာမြင့်စွာ သူအမျိုးအမည် ခွဲခြား မရနိုင်သေးသော သတ္တဝါနှစ်ကောင်ကို ငေးစိုက်ကြည့်နေသည်။ သူသည် မျက်စိကသာ စူးစိုက်ကြည့်နေသော်လည်း သူ့ခန္ဓာကိုယ် လုံးဝမလှုပ်။

လှုပ်လိုက်လျှင် ဤသတ္တဝါနှစ်ကောင် သူ့ကိုရန်မူလေမည်လား။

ထိုအချိန်၌ပင် ငြိမ်နေသော သတ္တဝါ နှစ်ကောင်ရှိရာမှ အသံတစ်မျိုးကို ကြားရသည်။

အသံမှာ တိရစ္ဆာန်ရိုင်းသံဖြစ်သော်လည်း တိုးတိုး ညင်ညင်သာသာလေး ဖြစ်၏။

သူ့ကိုချောက်လှန့်သည့်အသွင်မျိုးမပါ။

အပြင်တွင် ပြင်းထန်စွာကျရောက်လျက်ရှိသော မုန်တိုင်းရန်ကို ကြောက်၍ ညည်းတွားနေသကဲ့သို့ပင်။

"သူတို့ငါ့ကို ရန်ပြုချင်ဟန်မရှိဘူး။ ငါ့ကို ကြောက်လန့်နေဟန်လည်း မရှိဘူး။ ငါ့လိုပဲ သူတို့လဲ မုန်တိုင်းရန်ကို ကြောက်လို့ ဒီမှာလာခိုနေကြတာပဲ၊ ဒီဂူထဲ သူတို့နဲ့ ငါအတူတူ နေလို့ ဘာမှအန္တရာယ်ဖြစ်နိုင်မယ် မထင်ပါဘူး" ။

သူသည် သူ၏ရှိသမျှ ဆင်ခြင်တုံတရားကို တတ်နိုင်သမျှလှော၍ အသုံးချနေသည်။ ရုတ်တရက် သူ့စိတ်ထဲတွင် ရုပ်ပုံတခုကို အမှတ်ရမိ၏။ တစ်ခါက သူ့အဖေ မော်လမြိုင်မှ အပြန်တွင် ဝယ်ခဲ့သော ပုံပြင်စာအုပ်တစ်ခုခုမှ ရုပ်ပုံပင်ဖြစ်သည်။

www.burmeseclassic.com


ထိုပုံမှာ သူနှင့် အသက်ရွယ်တူခန့် ဖြစ်ဟန်ရှိသော ကလေးတယောက်ဘေးတွင် တိရစ္ဆာန်မျိုးစုံ ဝိုင်းထိုင်နေကြသော ပုံဖြစ်သည်။ ထိုပုံပြင် စာအုပ်မှ စာပုဒ်အချို့ကို သူ့အဖေ ဖတ်ပြသည့်အတွက် သူ အမှတ်ရမိသေး၏။

"လောကမှာရှိတဲ့ သတ္တဝါတွေ အားလုံးဟာ သဘာဝ အန္တရာယ်ဆိုးကြီးတစ်ခုခုနဲ့ ကြုံတွေ့ရပြီဆိုတဲ့ အချိန်မှာ တစ်ဦးနဲ့တစ်ဦး၊ တစ်ကောင်နဲ့တစ်ကောင် ရန်ဖက်ပြုနေတဲ့ ရန်ကြွင်းရန်စတွေ အကုန်ပျောက်ပြီး အဲဒီ သဘာဝ အန္တရာယ် ဆိုးကြီးက ကျော်လွန်တဲ့အထိ အတူတူနေလို့ရတယ်၊ ဝံပုလွေကြီးဟာလဲ ယုန်ကလေးနဲ့အတူတူ နေလို့ရတယ်၊ ကျားကြီးဟာလဲ နွားပေါက်လေးနဲ့အတူတူ နေလို့ရတယ်၊ ခြေသေ့ကြီးဟာလဲ လူကလေးနဲ့အတူတူ နေလို့ရတယ်"

သူသည် သူမြင်နေရသော သတ္တဝါနှစ်ကောင်မှ မျက်စိရှိမည့်နေရာကို စူးစိုက်ကြည့်လိုက်သည်။ အရောင်လက်နေသလိုလို သူ့စိတ်ထဲတွင် ထင်လိုက်မိ၏။ သူသည် ဤသတ္တဝါနှစ်ကောင်ပေါ်၌ တဖြည်းဖြည်း ကြောက်စိတ်များ ပြေလာခဲ့သည်။ ထို့ကြောင့် မီးခြစ်ကိုရှာယူပြီး ခြစ်လိုက်၏။

"အို. . . တယ်လှပါလား၊ ဟင်. . . သားလေးတွေလဲပါလာတယ်"

အရဲသည် နှုတ်မှတိုးတိုး အသံထွက်၍ အော်လိုက်သည်။ သူ့စိတ်ထဲတွင် မကြုံဖူးအောင် ဝမ်းသားလုံးလည်း ဆို့သွားခဲ့၏။

www.burmeseclassic.com


ဖျံနီ၊ ဖျံနီ၊ ပင်လယ်ဖျံနီ။

သူ့ဖခင်တစ်သက်လုံး မျှော်လင့်နေခဲ့သော ပင်လယ် ဖျံနီ၊ ဖျံနီတွင်မှ တစ်ကောင်တည်း မဟုတ်ပါ။

ဖျံအထီး၊ အမနှင့် သူတို့သားလေး သုံးကောင်ပင် ပါလိုက်သေးသည်။ သားလေးသုံးကောင်မှာ အမိဖြစ်ဟန်ရှိသော ညာဖက်မှ ဖျံနီကြီးအနားသို့ တိုးကပ်ဝင်လျက် ရှိကြ၏။ ထိုအချိန်ပင် မီးခြစ်ဆံကုန်သွား၏။

အရဲသည် ဖယောင်းတိုင် တစ်ခုကိုရှာပြီး မီးညှိလိုက်သည်။ ဖျံနီမိသားစုရှိရာသို့ သူတိုး၍သွား၏။ ဖျံအငယ်လေး သုံးကောင်မှာ ဖျံအမကြီး၏နို့ကို စို့လျက်ရှိကြ၏။ အစွန်ဖက်ကျကျ ဖျံနီလေးတစ်ကောင်မှာ ဖယောင်းတိုင်ကို ကိုင်လာသော အရဲကိုမြင်လျှင် အဝေးသို့ ထွက်ပြေးဟန် ပြင်လိုက်သည်။

"အို မပြေးပါနဲ့၊ မင်းတို့ကို ငါဘာမှမလုပ်ပါဘူး"

အရဲသည် နှုတ်မှထိုသို့ပြောရင်း ဖျံသားလေးကို ဖမ်းပြီး သူ့မိခင်ဖျံမကြီး ရင်ခွင်ထဲသို့ ပြန်ထည့်လိုက်၏။ ဖျံမကြီးမှာ ရှေးဦးစွာ အရဲကို ရန်မူဟန်ပြင်နေ၏။ သို့သော် အရဲ ဖျံသားလေးတစ်ကောင်ကိုချီပြီး သူ့ရှေ့ပြန်ချပေးလိုက်သောအခါ၌ စောစောက ရန်မူရန်ကြည့်နေသော သူ့မျက်လုံးများမှာ တစ်ဖက်သို့ ရွှေ့သွားခဲ့ကြသည်။

"အင်း. . . ဖျံလေးတွေကတော့ နို့စို့နေရလို့ ဆာမှာမဟုတ်ဘူး၊ ဖျံမကြီးနှင့် ဖျံထီးကြီးကတော့ ဆာနေကြတော့မှာပဲ၊ တစ်ခုခုရှာကျွေးဦးမှပဲ" ။

သူသည် ဖယောင်းတိုင် မီးရောင်ဖြင့် ဂူအတွင်း စားစရာလိုက်၍ ရှာသည်။

ဘာမှမတွေ့။

နောက်ဆုံး သူ့အကျီအိတ်အတွင်း၌ နှိုက်၍ရှာကြည့်သည်။

အမဲခြောက် အချို့ကို စမ်းမိသည်။ သူသည် အမဲခြောက်များကို ထုတ်ပြီး ဖျံကြီးနှစ်ကောင်ကို လှမ်းကျွေးလိုက်၏။

ဖျံနှစ်ကောင်မှာ မစားကြ။

ပါးစပ်ကို တစ်ဖက်သို့လွှဲသွားကြသည်။

"အို. . . မင်းတို့မစားဘူး၊ ဒါဖြင့်လဲ ငါပဲစားတော့မယ်"

သူသည် အမဲခြောက်များကို သူ့ပါးစပ်အတွင်းသို့ ပစ်ထည့်၍ ပလုတ်ပလောင်း စားလိုက်၏။ အစာစားပြီးလျှင် သူ့မျက်လုံးများမှာ လေးလံ၍ လာသည်။

သူအိပ်ချင်ပေပြီ။

သူ သည် ဂူနံရံတွင်ကပ်၍ လဲလျောင်း အိပ်ချလိုက်၏။ ငါးမိနစ်ခန့် အတွင်း သူအိပ်ပျော်သွားလေပြီ။

\+ + +

အရဲအိပ်ရာမှနိုးသောအချိန်၌ နောက်တနေ့ မိုးသောက်လေပြီ။

သူသည် ဂူအပြင်သို့ ထွက်ကြည့်လိုက်သည်။

မုန်တိုင်းစဲသွားပေပြီ။

www.burmeseclassic.com


သို့သော် ပတ်ဝန်းကျင်တစ်ခုလုံးမှာ သူ မြင်တွေ့နေကျ အသွင်မျိုးမဟုတ်၊ ကောင်းကင်တွင် တိမ်နိမ့်များမှာ လွင့်မျော သွားလျက်ရှိပြီး ပင်လယ်ဒီရေမှာ တောင်ခြေနီးပါးသို့ ရောက် အောင်ပင် တက်လျက်ရှိ၏။

အဘာလိုက်လာတော့မည်။

အရဲမျက်စိတွင် သူ့အဘာကို ချက်ချင်းမြင်လိုက်မိ၏။

အဘာလိုက်လာလျှင် သေနတ်ပါလာမည်။ သေနတ်ပါ လာလျှင် ပင်လယ်ဖျံနီများကို မြင်သည်နှင့် ပစ်တော့မည်။

သူသည် ဖျံနီများကို မည်သည့်နည်းနှင့်မျှ အပစ် မခံနိုင်၊ သူနှင့်ယဉ်ပါးနေကြပြီ။ သူ့မိတ်ဆွေများဖြစ်နေ ကြပြီ မဟုတ်လား။

သူချက်ချင်းအကြံတခုရသည်။

အဘာမလာမီ အိမ်အရောက်ပြန်ရမည်။ အ

ဘာကို လမ်းတွင်တွေ့လျှင်လည်း ဤကျောက်ဂူသို့ မလာဖြစ်အောင် အိမ်သို့ သွေးဆောင်ခေါ်သွားမည်။

ဤကျွန်းတွင် မုဆိုးမှာ အဘာသာ ရှိသည်။

အဘာမမြင်အောင် လမ်းစဖျောက်ထားလျှင် ဤဖျံနီများ ဘယ်နည်းနှင့်မျှ သေနိုင်ကြတော့မည် မဟုတ်။

သူသည် ဂူအပြင်သို့ ပြေးထွက်လိုက်သည်။

"ဟာ. . . ငါးကြီးတကောင်ပါလား" ။

မှန်ပါသည်။

တတောင်ကျော်ခန့်ရှိသော ငါးကြီးတစ်ကောင်မှာ

ညက လှိုင်းပုတ်၍ ကုန်းပေါ်သို့ ရောက်လာဟန်ရှိသည်။

ဂူအပြင်ဘက် မလှမ်းမကမ်းတွင် ‘ဖုတ်လှိုက် ဖုတ်လှိုက်’ ဖြစ်နေသည်။ သူသည် ငါးကြီးကို ချက်ချင်းအမြီးမှကိုင်၍ မ,လာပြီး ပင်လယ် ဖျံနီကြီးများရှေ့တွင် ချပေးလိုက်သည်။

“ရော့ . . . စားနှင့်ကြ၊ ဘယ်မှမသွားကြနဲ့နော်” ။

ဖျံကြီး နှစ်ကောင်သည် ချက်ချင်းအရဲချပေးသော ငါးကို အလုအယက် စားသောက်ကြသည်။

+ + +

“မိအုန်း- ခြေကဝိုင်းမစမ်း၊ ကွပ်ပျစ်ပေါ်တင်ထားလိုက်ကြရအောင်”

မိအုန်းသည် ပထမငြိမ်ရပ်နေပြီး သူ့ခင်ပွန်းသည်ကို နှုတ်မှမည်သို့မျှ မပြောတော့သော်လည်း သူမတို့သိချင်သည့် ဆန္ဒကိုပြသည့်အနေဖြင့် ဗိုလ်ကြီးထွန်းမြင့်ကို မော်ကြည့်လိုက်၏။ မိအုန်းမျက်လုံးများကိုကြည့်သည်နှင့် သူမ ဘာကိုဆိုလိုသည်ကို ဗိုလ်ကြီးထွန်းမြင့် နားလည်သည်။ သို့သော် သူမ ဆန္ဒကို ဆန့်ကျင်၍ ဗိုလ်ကြီးထွန်းမြင့် ထပ်အမိန့်ပေးလိုက်ပြန်သည်။

“ဟော့-ထလေ၊ ခြေကဝိုင်းမစမ်းပါဆို” ။

ယခုတစ်ကြိမ်တွင်တော့ မိအုန်းမငြင်းတော့ပါ။

ခြေမှဝိုင်းမ၍ ကြမ်းပြင်တွင် လဲလျက်ရှိသော လူစိမ်းကို ကွပ်ပျစ်ပေါ် တင်ပေးလိုက်၏။

ဗိုလ်ကြီးထွန်းမြင့်သည် ရေတံကောင်းတစ်ခုကိုယူပြီး

www.burmeseclassic.com


လူစိမ်း မျက်နှာပေါ်သို့ လောင်းချလိုက်သည်။ လူစိမ်းမျက်လုံးများမှာ တဖြည်းဖြည်း ပွင့်လာ၏။

သူ သတိရလေပြီ။

ဗိုလ်ကြီးထွန်းမြင့်သည် လူစိမ်းမျက်နှာကို စူးစိုက်၍ ကြည့်နေသည်။

လူစိမ်းဆံပင်များမှာ ကောက်နေသလိုလို၊ လှိုင်းထနေသလိုလိုရှိ၏။ နဖူးစပ်မှ ဆံရိုင်းများမှာ မျက်နှာပေါ်သို့ ခွေကျ၍နေသည်။ သူ့မျက်နှာပေါက်ကို ကြည့်ရသည်မှာ မြန်မာစစ်စစ် ရုပ်မျိုးပင်။ မည်သည့်နိုင်ငံခြားသွေး တိုင်းရင်းသားသွေးမှ ရောဟန်မရှိ။

သူ၏ပေါ်လွင်သော နှာတံ၊ ထင်လျက်ရှိသော မျက်ခုံးနှင့် အနေတော်ရှိသော မေးရိုး၊ မျက်ရိုး အနေအထားများမှာ လူချောတစ်ယောက် ဖြစ်သည်ဟူသော အဖြစ်ကို ပေါ်လွင်၍ နေ၏။

သို့သော် ဗိုလ်ကြီးထွန်းမြင့်သည် လူစိမ်း၏ မျက်လုံးများကိုမကြိုက်။ သူ့မျက်လုံးမှာ အမြဲလှုပ်ရှားကစား၍နေပြီး တသက်လုံး စစ်ပွဲအမျိုးမျိုးတွင် ဗိုလ်ကြီးထွန်းမြင့် တွေ့လာသော အတွေ့အကြုံများအရ ဤ မျက်လုံးပိုင်ရှင်မျိုးမှာ ကောက်ကျစ်စဉ်းလဲသော လူမျိုးဖြစ်တတ်ပေသည်။

"ခင်ဗျား. . . ဘယ်သူလဲ"

"ကျွန်တော်ရေးနယ်က သူပုန်ခေါင်းဆောင်ကိုကျော်ဒင်ပါ"

www.burmeseclassic.com


"ဩော်. . ."။

ဘာကြောင့် ပစ္စတို ခါးထိုးလာသည်ကို ဗိုလ်ကြီး ထွန်းမြင့် နားလည်ပေပြီ။

"ခင်ဗျားဘယ်သူလဲ၊ ကျွန်တော် ယခု ဘယ်ရောက်နေတာလဲ"

"ကျုပ်နာမည်က ထွန်းမြင့်၊ ဒါကျုပ်မယား မိအုန်း၊ ခင်ဗျား အလွှတ်ကျွန်းပေါ်ရောက်နေတယ်"

"ဘာ. . . အလွှတ်ကျွန်း"။

ကိုကျော်ဒင်မှာ ရုတ်တရက် ထိတ်လန့်သွားပုံရသည်။

"ကျုပ်က ဘီလူးကျွန်းပေါ် ရောက်နေတယ်လို့ ထင်တာ၊ အလွှတ်ကျွန်းပေါ်မှာ လူရှိသေးတယ်နော်၊ ဩော်. . . ကျုပ် သိပြီ၊ ခင်ဗျားရေတပ်က ထွက်သွားတယ်ဆိုတဲ့ ဗိုလ်ကြီး ထွန်းမြင့် မဟုတ်လား၊ ခင်ဗျားအကြောင်းကို မော်လမြိုင်ဘက်က ခင်ဗျားမိတ်ဆွေတချို့ ပြောလို့ကြားဘူးပါတယ်"

ဗိုလ်ကြီးထွန်းမြင့်သည် ရုတ်တရက် ဘာမှပြန်မပြောပါ။

"ကိုင်း- မိတ်ဆွေ၊ ခင်ဗျားအိပ်တော့၊ ကျုပ်တို့က ကျုပ်သားကို စောင့်နေကြတာ၊ ကျုပ်သားက မုန်တိုင်းထဲမှာ ပျောက်နေတယ်"

"ဟင်. . . ခင်ဗျားသား မုန်တိုင်းထဲမှာ ပျောက်နေတယ်"

"ဟုတ်ကဲ့"

ကိုကျော်ဒင်က ဗိုလ်ကြီးထွန်းမြင့်ကို စပ်စု၍ ပျောက်

www.burmeseclassic.com


နေသော အရဲအကြောင်းကို မေးသည်။ ဗိုလ်ကြီးထွန်းမြင့် အကျဉ်းမျှ စိတ်မပါတပါ ရှင်းပြလိုက်သည်။ ကိုကျော်ဒင်က စကားကို အဆုံးမသတ်သေးပါ။ သူ ဒီကျွန်းကို ဘယ်လိုရောက် လာသည်ကို ပြောပြနေလိုက်သေးသည်။

အမှန်တော့ ကိုကျော်ဒင်မှာ ရေးနယ်မှ သောင်းကျန်း သူ ခေါင်းဆောင်တစ်ဦး ဖြစ်၏။ သထုံနှင့် ရေးနယ်ဘက်ကို ညဘက်တွင် အမြဲစက်လှေဖြင့် ပင်လယ်ဖြတ်ကူး၍ သွားလာ တတ်သည်။ ယနေ့လည်း သထုံနယ် ကျိုက်ဟင်းရွာမှ ရေးနယ်ဘက်အပြန်၊ ဘီလူးကျွန်း ထိပ်နားတွင် မုန်တိုင်းမိပြီး သူ့ရဲဘော်များနှင့်အတူ ပင်လယ်ထဲ မျောနေခဲ့သည်။ သူ့ရဲဘော်များ ဘယ်မျောပါကြကုန်သည် မသိပါ။ သူ့မှာမူ သက်ကယ်ဘော တစ်ခုနှင့် မျောနေပြီး နောက်ဆုံး သည် ကျွန်းပေါ်ရောက်လာ၍ ကမ်းစပ်မှ ဗိုလ်ကြီး ထွန်းမြင့်တို့ အိမ်က မီးကိုမြင်သဖြင့် ကုတ်ကပ်တက်လာခြင်း ဖြစ်သည်။ ဗိုလ်ကြီးထွန်းမြင့်အိမ်မှ မီးကိုသာမမြင်လျှင် သူ မုန်တိုင်းအတွင်း ဆက်ဒုက္ခရောက်နေပေဦးမည်။ အကယ်၍ နားခိုစရာနေရာ ကောင်းတစ်ခုခုကိုမရဘဲ မုန်တိုင်းအတွင်း ဆက်နေရလျှင် နောက်ထပ်တစ်နာရီခန့်ပင် သူ့အသက်ရှင်စရာလမ်းမရှိတော့။

ဗိုလ်ကြီး ထွန်းမြင့်အိမ်လေးမှာ သူ့အသက်ကယ်ခဲ့ရာ ကွန်းထောက် စခန်းလေးပင် မဟုတ်လား။

အပြင်တွင် လေကြမ်းမှာ ထန်ဆဲဖြစ်၏။

မိအုန်းသည် သူ့အိမ်တွင်း ဝင်လာသော လူစိမ်းမှာ

www.burmeseclassic.com


သူထင်သလို မကောင်းဆိုးဝါး မဟုတ်ပဲ သာမန်လူသားသာ ဖြစ်၍မကြောက်တော့။

သို့သော် သူနားလည်ထားသည့် ကံတရား၏ ဖြစ်တတ်သော သဘောကြောင့် ကံဆိုးမှုများ နောက်ထပ် ပေါ်လာဦးမည်ကိုမူ မျှော်လင့်၍ ကြောက်နေဆဲဖြစ်၏။

လေအရှိန် လျော့သွားပေပြီ။ ရောင်နီပေါ်စ ပြုလေပြီ။ ဗိုလ်ကျော်ဒင်မှာ အိပ်ရာမှ နိုးနေပြီဖြစ်သော်လည်း ကွပ်ပျစ်ပေါ်တွင် ဆက်မှိန်း၍နေသည်။

ဗိုလ်ကြီးထွန်းမြင့်သည် နံရံတွင် ချိတ်ထားသော အမဲပစ်သေနတ်ကိုယူ၍ သားတော်မောင်ကို အရှာထွက်ရန် ဟန်ပြင်လိုက်သည်။

"အမူ- အလင်းရောင်မှ ကောင်းကောင်း မပေါ်သေးဘဲ စောင့်ပါဦးလား"

"ရပါတယ်၊ သွားရင်းနှင့် ပေါ်လာမှာပေါ့"

"ဒါဖြင့်- ကျွန်မလဲလိုက်ခဲ့မယ်"

"လိုက်ချင်ရင်လဲလိုက်လေ"

ဗိုလ်ကြီးထွန်းမြင့်သည် ဒဿမသုံးသုတ်သုံး ကျည်ဆန်ခြောက်ထောင့်ကို ကိုင်ထားသော သေနတ်ကျည် အိမ်အတွင်းသို့ ဖြည့်ထည့်လိုက်၏။

"ကျုပ်လဲ လိုက်ခဲ့မယ်ဗျာ" ကိုကျော်ဒင်သည် မှိန်းနေရာမှ ရုတ်တရက်ထထိုင်ပြီး ပြောလိုက်သည်။

"မလိုပါဘူး၊ ခင်ဗျားအိပ်နေပါ။ ကျုပ်တို့ဟာ ကျုပ်တို့

www.burmeseclassic.com


ရှာပါ့မယ်”

“ကျုပ်တစ်ယောက်ထဲ ပျင်းလို့ပါဗျ။ လိုက်ခဲ့ပါရစေ”

ဗိုလ်ကြီးထွန်းမြင့် ဘာမှပြန်မပြောတော့ပါ။ အိမ်ပြင်သို့သာ ခြေလှမ်းကျဲကြီးနှင့် ထွက်ခွာသွားတော့သည်။

ကျွန်း မြင်ကွင်းမှာ လုံးလုံးပြောင်းသွားလေပြီ။

မြင်နေကျ သောင်ပြင် အားလုံးမှာ ဒီရေများနှင့် ပြည့်လျှံလျက်ရှိ၏။

ဗိုလ်ကြီးထွန်းမြင့်သည် သူ့သား သွားတတ်သည့်နေရာများကို စိတ်တွင်းမှ တွေးဆ၍ ကြည့်နေသည်။ မုန်တိုင်းမှာ စဲသွားပြီဟုဆိုသော်လည်း လေပြင်းများမှာ တိုက်ဆဲဖြစ်၏။

“မိအုန်း- ဒို့ ဟို- မြောက်က တောင်ကုန်းကလေးဘက် အရင်သွားရအောင်၊ ကောင်လေး မုန်ပြောင်း ယူသွားပုံထောက်တော့၊ တောင်ကုန်းပေါ်တက်သွားတယ် ထင်တယ်”

“ဟုတ်ကဲ့၊ ဟင်- ဟိုမှာ တောင်ရေတွေကျနေပါလား”

မှန်ပါသည်။ တောင်ကုန်းလေးသို့ သွားရာလမ်းရှိ ကန့်လန့်ဖြတ်စီးလျက်ရှိသော ယခင်စမ်းချောင်းလေးနေရာတွင် ယခုတောင်ကျရေများကြောင့် ချောင်းကြီးဖြစ်နေ၍ ရေများတဝေါဝေါ စီးလျက်ရှိလေပြီ။ ဤချောင်းမှ ရုတ်တရက် အလွယ်တကူဖြတ်ကူးရန် လွယ်မည်မဟုတ်ပါ။ အလှည့်မသင့်လျှင် ရေစီးဖြင့် ပင်လယ်အတွင်းသို့ မျောပါသွားနိုင်ပေသည်။

“ဟော့- ဟိုမှာကြည့်စမ်း” ။

ဗိုလ်ကြီးထွန်းမြင့်သည် ရုတ်တရက် အလန့်တကြား

www.burmeseclassic.com


အော်ပြီး ချောင်းတဖက်ကို ထိုးပြလိုက်၏။”

“သား-သား၊ သားမသေဘူး၊ ကြည့်စမ်း”

မှန်ပါသည်။

သူတို့အရှေ့ကိုက် ခြောက်ရာခန့် အကွာတွင် ကလေး တစ်ယောက်သည် သူတို့ထံသို့ ဦးတည်ပြေးလာလျက် ရှိ၏။

“ကလေး ဒီချောင်းကိုဖြတ်ပြီး ကူးနိုင်မှာ မဟုတ်ဘူး။ အမူ ဟိုဘက်ကမ်းကူးသွားပြီး ခေါ်ပါဦး”

“အေး-အေး”

ဗိုလ်ကြီးထွန်းမြင့်သည် ချက်ချင်း အဝတ်ချွတ်၍ ရေထဲဆင်းသွား၏။

သူသည် ရေစီးကိုဆန်၍ ချောင်းတဖက်သို့ ဖြတ်ကူး နေပေပြီ။ စကူးစက ဗိုလ်ကြီးထွန်းမြင့်၏ ရေကူးဟန်မှာ မြန်သလိုလိုရှိသော်လည်း ချောင်းအလယ်မှ မရောက်မီပင် တဖြေးဖြေးနှေးလာ၍ ရေလယ်ရောက်ခါနီးမှ ရေစီးအတိုင်းမျော ချ၍ မိအုန်းတို့ရှိရာဘက်သို့ ပြန်ကူးလာခဲ့သည်။

ကမ်းသို့ရောက်လျှင် ဗိုလ်ကြီးထွန်းမြင့်မှာ အလွန် မောဟိုက်လျက်ရှိ၏။

“မရဘူး မိအုန်း၊ ငါမနေ့ညက မုန်တိုင်းထဲ ထွက်တော့ လက်တဖက် မြက်သွားတာ ခုရေကူးတော့ ယက်လို့မရတော့ ဘူး။ ကလေးခေါ်ဖို့ ငါလှေပြန်ယူဦးမှပဲ”

“မယူပါနဲ့၊ ကျုပ်ပဲကူးပြီး ခေါ်လိုက်မယ်”

ကိုကျော်ဒင်သည် ဘေးကရပ်ကြည့်နေရာမှ ရုတ်တ

BURMESE CLASSIC .com
www.burmeseclassic.com


ရက် ချောင်းတွင်းသို့ ခုန်ဆင်း၍ တဖက်ကမ်းသို့ ကူးသွားခဲ့၏။ သူ၏ ကူးဟန်မှာ အလွန်ဖျတ်လတ် လျင်မြန်လှပြီး၊ ငါးမိနစ်ခန့်အတွင်း ရေလယ်သို့ရောက်ရှိသွားတော့သည်။

'အင်း. . . ရေကူး တော်တော်သန်တဲ့ လူကြီးပဲ'

ဗိုလ်ကြီး ထွန်းမြင့်သည် ရင်ထဲက ကျိတ်၍ မှတ်ချက်ချလိုက်သည်။ မိမိကိုယ် မိမိ ဇရာထောင်းလာပြီး၊ ကြံ့ခိုင်မှုများ ယခင်ကလောက် မရှိတော့ပြီ ဖြစ်သည့်အဖြစ်ကိုလည်း ယခုမှ ဂရုပြုလာမိ၏။

မိအုန်းမှာ သူယောကျ်ား မလုပ်နိုင်သည့် အလုပ်တခုကို ကိုကျော်ဒင်လုပ်သွားနိုင်သဖြင့် စိတ်ထဲက မကျေနပ်လှ။

သူသည် သူ့ယောကျ်ားကို အလွန်အားထားသည်။

သူ့ယောကျ်ားကိုသာ အစစအရာရာတွင် အနိုင်ရစေချင်သည်။

သူသည် ကမ္ဘာပေါ်တွင် ယောကျ်ားများ မရေမတွက်နိုင်အောင် ရှိသည်ဟု သိသော်လည်း ဤယောကျ်ားများတွင် သူ့ယောကျ်ားကိုသာလျှင် ယောကျ်ားဟူ၍ သတ်မှတ်ထားသည် မဟုတ်လား။

ကိုကျော်ဒင် တဖက်ကမ်းသို့ ရောက်သွားလေပြီ။ အရဲသည် ကမ်းစပ်မှအသင့် ဆီးကြိုလျက်ရှိ၏။

အရဲသည် တဘက်မှ ဖြတ်ကူးလာနေသူကို ပထမပိုင်းက သူ့ဖခင်ဟုသာထင်သည်။ ယခု သူ့ဆီရောက်သောအခါ၌ သူ့ဖခင် မဟုတ်သဖြင့် သူ့စိတ်ထဲက

www.burmeseclassic.com


မကျေနပ်လှ။

“ဦးကြီးခင်ဗျား ဘယ်သူလဲ၊ ကျွန်တော့်အဖ ဘာပြုလို့ ကျွန်တော့်ဆီ ကူးမလာတာလဲ”

“ငါ မနေ့က သဘော်ပျက်လို့ မင်းတို့ကျွန်းပေါ် ရောက်လာတဲ့လူပါ။ မင်းအဖေ မနေ့က မုန်တိုင်းထဲ အပြင် ထွက်လို့ လိမ့်ကျပြီး လက်မြက်နေလို့ ဒီဘက်ကူးမလာနိုင်ဘူး”

အရဲသည် ဘာမျှပြန်မပြော၊ ခေါင်းညိတ်၍သာနေ ပြီး. . .

“အဖေ့လက်က တော်တော်နာနေလား”

“သိပ်အဆိုးကြီး မဟုတ်ပါဘူး၊ စောစောက မင်း ပြေးလာနေတာ တွေ့တုန်းကတောင် ဒီဘက်ကို ကူးလာဖို့ ကြိုးစားသေးတယ်” ကိုကျော်ဒင်သည် ကလေးများနှင့် မည်သို့ရင်းနှီးအောင် လုပ်ရမည်ကို သိသည်။ ကလေးအကြိုက် များကို ရွေးချယ်တတ်သည်။ ထို့ကြောင့် ငါးမိနစ်ခန့် စကား ပြောမိလျှင် အရဲနှင့် ကိုကျော်ဒင်မှာ အလွန်ရင်းနှီး၍ နေပေပြီ။

“ဦးလေးခု ကျွန်တော် ဘာတွေ့လာသလဲ သိလား”

“ဘယ်သိမှာလဲ ခလေးရဲ့”

“စဉ်းစားပြီး မှန်းပြောစမ်းပါဦးလေး”

“မင်းသဘော်ပျက် တွေ့လာလား”

“အို. . . မဟုတ်တာ။ တခြားစဉ်းစားပါဦး”

“မင်း ရွှေသေတ္တာကြီး တွေ့လာသလား”

“အင်း. . . ရွှေဆိုတော့ နီးစပ်သား။ မဟုတ်သေးဘူး၊

www.burmeseclassic.com


မှုန်းစမ်းပါဦး”

ထိုအချိန်၌ ကိုကျော်ဒင်မှာ တဖက်ကမ်းမှ စောင့်နေကြသော အရဲမိဘများကို သတိရလိုက်၏။

“နေဦးကွာ အိမ်ကျမှ ဆက်ပြောတာပေ့ါ။ မင်း အဖေက မင်းကိုတွေ့ချင်လှပြီ။ လာကူးကြစို့၊ မင်းကျောဘက်က ရေထဲမှာ ဘယ်လို ခိုစီးရတယ်ဆိုတာ သိတယ် မဟုတ်လား”

“သိပါတယ်၊ ကျွန်တော့် အဖေကို စီးနေကျပဲ”

အရဲနှင့် ကိုကျော်ဒင်တို့သည် ချောချောမောမောပင် တဖက်ကမ်းသို့ ကူးလာကြသည်။ ကမ်းသို့ရောက်သောအခါ၌ ကိုကျော်ဒင်မှာ မောနေပေပြီ။ ဗိုလ်ကြီးထွန်းမြင့်သည် အရဲကို ကမ်းပါးပေါ်သို့ ဆွဲတင်လိုက်သည်။

“အဘ လက်နာနေတယ်ဆို”

“အေး. . . မင်းဘာမှမဖြစ်ဘူးနော်”

“ဘာမှမဖြစ်ပါဘူး. . . အဘ”

ဗိုလ်ကြီးထွန်းမြင့်သည် သူ့သားကို ဘာမှဆက်မမေးတော့ပါ။

“ကိုကျော်ဒင် ကျေးဇူးပဲဗျာ”

“မလိုပါဘူး၊ ကျုပ်ကလဲ ရေကူးအလွန် ဝါသနာပါပါတယ်”

မိအုန်းသည် ဘာမှဝင်မပြောသော်လည်း ကိုကျော်ဒင်ကို ကျေးဇူးတင်သော မျက်လုံးနှင့်ကြည့်နေသည်။

ကိုကျော်ဒင်သည် ရေစပ်မှ ခါးထောက်ပြီး ပြန်ကြည့်

www.burmeseclassic.com


နေသည်။

မိအုန်းမှာ အသက် ၂၇-နှစ်ခန့် ရှိပေပြီ။

နဂိုရ်က ကျန်းမာရေးကောင်းပြီး တစ်ခါက္ခုန်းတွင် အလုပ်ကြမ်းများကို လက်နှင့်မပြတ် လုပ်နေရသူမို့ သူ့ခန္ဓာကိုယ် အချိုးအစားမှာ အလွန်အချိုးကျ လှသည်။

သေးသောခါးနှင့် ဖွံ့ထွားသောတင်။

လုံးကျစ်သော ပေါင်တံများမှာ တဖက်လူကို အသက်ရှူမှားစေသည့် အလှများပင် ဖြစ်၏။ ကိုကျော်ဒင်သည် မိအုန်းတကိုယ်လုံးကို မျက်စိလှန်၍ ကြည့်လိုက်သည်။ သူ့စိတ်ထဲတွင် မိအုန်းအလှကြောင့် မရိုးမရွ ဖြစ်၍လာ၏။

ဒီမိန်းမ ဘာကြောင့် ဒီလူကြီးနှင့်အတူ နေနိုင်ပါလိမ့်။

ဒီလူကြီး ဘယ်နည်းနှင့်မှ ဒီမိန်းမအလို ဖြည့်နိုင်မှာ မဟုတ်ဘူး။

ဒီမိန်းမ ဒီက္ခုန်းကဘာပြုလို့ ထွက်မပြေးပါလိမ့်။

ဗိုလ်ကြီးထွန်းမြင့် အပေါ်လည်း သူမနာလိုဖြစ်၍လာသည်။ မိအုန်းသည် ကိုကျော်ဒင် သူ့ကိုရမက်ပါသော မျက်လုံးနှင့် ကြည့်နေသည်ကို ကောင်းစွာသိ၏။ သူသည် ဗိုလ်ကြီးထွန်းမြင့်နှင့်အတူနေပြီး ကတည်းက ဘယ်ယောကျ်ားမှ သူ့ကိုဤသို့အကြည့်မျိုးကို မခံချင်တော့။ သို့သော် စိတ်ထဲကသာ မခံချင်သော်လည်း ရင်ထဲတွင် ဖိုလာသလိုလို ရှိ၏။

မျက်နှာမှာလည်း နီလာသလိုလို။

"အမူပြန်ကြစို့"

www.burmeseclassic.com


မိအုန်းသည် သူ့သားကို လက်ဆွဲ၍ ကိုကျော်ဒင် မျက်နှာမှ မျက်လုံးကိုဖယ်ပြီး သုတ်သုတ်. . . သုတ်သုတ်နှင့် ရှေ့ဆုံးမှ သူတို့တဲစခန်းရှိရာသို့ ပြန်လျှောက် သွားခဲ့သည်။

+ + +

တဲစခန်းသို့ပြန်ရောက်သည်နှင့် ဗိုလ်ကြီးထွန်းမြင့် သည် တဲအနောက်ရှိ နွားခြံသို့ထွက်သွား၍ နွားစာနယ်ရန် ပြင်ဆင်သည်။ အရဲသည် ဘယ်သို့ စိတ်ကူးရသည်မသိ။ ဗိုလ်ကြီးထွန်းမြင့် အနောက်သို့ ကပ်၍ လိုက်ခဲ့သည်။

"အဘ ကျွန်တော့်မှာ အဘကို ပြောပြစရာ တစ်ခုရှိ တယ်၊ ကြားရင် သိပ်အံ့ဩမှာပဲ"

"ဘာအကြောင်းလဲ အရဲရဲ့၊ ပြောပါဦး"

"ချက်ချင်း မပြောနိုင်သေးဘူး အဘ၊ အဘ ကျွန်တော့် ကို ကတိတခု အရင်ပေးဦး"

ဗိုလ်ကြီးထွန်းမြင့် နွားစာကို ကုန်းနယ်နေရာမှ ရုတ်တရက်ရပ်ပြီး သူ့သားကို မော်ကြည့်လိုက်သည်။ အရဲ ဘာ ပြောချင်ပါလိမ့်။

"မင်းစကားက ကြီးကျယ်လှချေလား အရဲရဲ့၊ ကတိတွေ ဘာတွေ တောင်းလောက်အောင် ဘာအကြောင်းများလဲ"

"ဩော်. . . ပြောတော့သိမှာပေါ့။ အဘ စိတ်ဝင်စား မယ့် အကြောင်းပါ၊ ကျွန်တော့်ကို အရင်ကတိပေးဦး"

"ပေးပါပြီတဲ့ဗျာ၊ ကဲ- ပြောစမ်း"

"ဟင့်အင်း- မရဘူး. . . အဘကျိန်ဦး"

www.burmeseclassic.com


ဗိုလ်ကြီး ထွန်းမြင့်သည် သူ့သားစကားကို သဘောကျ၍ နှစ်ခြိုက်စွာ ပြုံးလိုက်မိ၏။

"ဘာကျိန်ရမှာလဲကွဲ့"

"ကျွန်တော်ခွင့်ပြုချက်မရဘဲ သူတို့ကို ဘယ်တော့မှ ဒုက္ခမပေးပါဘူးလို့"

"သူတို့ဆိုတာ ဘယ်သူလဲ"

"အို. . . အဘကလဲ ပြောပ့ါမယ်ဆို၊ ကျိန်ပါဦး" ဗိုလ်ကြီးထွန်းမြင့်သည် သူ့သားကျေနပ်အောင် ကျိန်လိုက်ရသည်။

"ကျွန်တော် ပင်လယ်ဖျံနီတွေ တွေ့ထားတယ် အဘရဲ့"

အရဲသည် အသံကို နှိမ့်၍ ပြောလိုက်သည်။

"ဘာ ပင်လယ်ဖျံနီ"

"ဟုတ်တယ်၊ ပင်လယ်ဖျံနီ၊ အဘ မပစ်ရဘူးနော်၊ ကျွန်တော့်ကို ကတိပေးထားပြီးပြီ၊ သိပ်လှတာပဲ အဘရယ်၊ အရောင်ရွှေရောင်တကဲ့ကို ရွှေရောင်၊ ကျွန်တော့်ကိုလဲ သူတို့ မကြောက်ဘူး၊ ကျွန်တော့်ကို သူတို့ခင်နေကြပြီ"

အရဲသည် သူ့အဘကို တစ်လုံးမကျန် လွန်ခဲ့သည့်ညက သူတွေ့ခဲ့ရသော စွန့်စားခန်းများ အကြောင်းကို ပြောပြသည်။

ဗိုလ်ကြီးထွန်းမြင့် ရင်မှာ တလှပ်လှပ်နှင့် ရှိ၏။

တွေ့ပြီ။

www.burmeseclassic.com


တွေ့ပြီ။

သူ ဆယ်နှစ်လုံးလုံး မျှော်လင့်စောင့်စား ရှာဖွေလာခဲ့သော ပင်လယ်ဖျံနီကို တွေ့ရပေပြီ။

သို့သော် မပစ်ပါဘူးဟူ၍လည်း သူ့သားငယ်ကို ကတိပေးမိလေပြီ။

"အရဲ မင်းဘာဖြစ်လို့ ဒီဖျံတွေကို မပစ်စေချင်တာလဲ။ သူတို့က ခွေးလေးတွေ၊ ကြောင်လေးတွေလိုလဲ အိမ်မှာမွေးလို့ရတာမဟုတ်ဘူး၊ တော်တော်ကြာ ထွက်ပြေးကုန်မှာပဲ။ မပြေးခင်ပစ်ထားတော့ အနည်းဆုံး မင်းသားရေကိုတော့ အမှတ်တရ သိမ်းထားနိုင်မယ် မဟုတ်လား"

"ဟင့်အင်း. . . ကိစ္စမရှိဘူး၊ ကျွန်တော် မမွေးရရင်နေပါစေ၊ သူတို့ကို ကျွန်တော် မသတ်စေချင်ဘူး၊ သူတို့ကို ကျွန်တော်သနားတယ်၊ ချစ်တယ်၊ အဘပေးထားတဲ့ ကတိတည်ရမယ်နော်"

"အေးလေ. . . သွားကြည့်ကြသေးတာပေါ့"

ဗိုလ်ကြီးထွန်းမြင့်သည် နယ်လျက်ရှိသော နွားစာများကို ချထားပြီး၊ အမဲပစ် သေနတ်ယူရန်အတွက် အိမ်ထဲသို့ ဝင်သွားသည်။

ကိုကျော်ဒင်သည် ကွပ်ပျစ်ပေါ်တွင် ပက်လက်လှဲ၍နေသည်။ မိအုန်းသည် မီးဖိုချောင်တွင် အလုပ်များလျက်ရှိ၏။ ဗိုလ်ကျော်ဒင်၏ မျက်လုံးများမှာ မကြာခဏ မိအုန်းထံသို့ ကစားလျက်ရှိသည်။

ဗိုလ်ကြီးထွန်းမြင့်သည် နံရံတွင် ချိတ်ထားသော အမဲပစ်သေနတ်ကို လှမ်းယူရင်း ဗိုလ်ကျော်ဒင်ကို မျက်စိစောင်း၍ကြည့်လိုက်သည်။

သူသည် ဗိုလ်ကျော်ဒင်၏ မျက်လုံးကိုမကြိုက်။ သူ့ကိုရင်း၊ မိအုန်းကိုရင်း၊ အရဲကိုရင်း၊ တယောက်ယောက်ကို ဒုက္ခပေးကောင်းပေးလိမ့်မည်ဟု စိတ်စွဲနေသည် ထို့ကြောင့်လည်း မီးဖိုခန်းမှ မိအုန်းထံသို့ လျှောက်သွားပြီး. . .

"မိအုန်း. . . နင် ဒီလူကို သိပ်မယုံနဲ့နော်၊ ငါ. . . အရဲနဲ့ သူမနေ့က အိပ်ခဲ့တဲ့ ကျောက်ဂူကို လိုက်သွားမလို့၊ အိမ်ရှေ့စာအုပ် ဘီဒိုကညာဘက် အောက်အံဆွဲထဲမှာ ဒဿမနှစ်ဆယ့်နှစ် ပစ္စတိုလေး တလက်ရှိတယ်။ မင်း ယူထားပြီး ဆောင်ချင်ဆောင်ထား။ မင်းကို ရန်မူရင် အဲဒီသေနတ်နဲ့ ပစ်သာချလိုက်"

"ဟုတ်ကဲ့ အမူ။ ကိစ္စမရှိပါဘူး။ သူ ကျွန်မကို တခုခု လုပ်ရဲမယ်လဲ မထင်ပါဘူး။ လုပ်ရင်လဲ ကျွန်မကိုယ် ကျွန်မကာကွယ်နိုင်ပါတယ်။ အမူလဲ သိပ်မကြာဘူး မဟုတ်လား"

"မကြာပါဘူး၊ အများဆုံး တနာရီကျော်ကျော်လောက်ပါ"

ဗိုလ်ကြီးထွန်းမြင့်သည် ခြေလှမ်းကျဲကြီးနှင့် အိမ်ပြင်ပြန်ထွက်သွားသည်။ အရဲမှာ အိမ်ပြင်တွင် အသင့်စောင့်စားလျက်ရှိ၏။

မိနစ်အနည်းငယ်ကြာလျှင် ဗိုလ်ကြီးထွန်းမြင့် တို့သားအဖနှစ်ယောက်မှာ စောစောက တောင်ကျချောင်းသို့ ရောက်

www.burmeseclassic.com


၍လာသည်။

ယခုတစ်ကြိမ်တွင်မူ ချောင်းအညာသို့ တက်၍ ကျဉ်းသောနေရာလေးတခုမှ ဖြတ်ကူးလိုက်ကြ၏။ ဗိုလ်ကြီးထွန်းမြင့်သည် ခြေလှမ်းကို မှန်မှန်လှမ်း၍ လျှောက်သွားနေသည်။

အရဲမှာ သူ့ဖျံနီများကို တွေ့ချင်ဇောဖြင့် ကျောက်ဂူသို့ အမြန်ရောက်ချင်လှပေပြီ။

"အဘ ပြေးသွားကြရအောင်ဗျာ"

"မပြေးနဲ့ကွ၊ မင်း ဖျံနီတွေက မင်းကိုသာ သိတာ။ ငါ့ကို သိတာမဟုတ်ဘူး၊ တော်တော်ကြာ လန့်ပြီး ပြေးကုန်ကြဦးမယ်"

ကျောက်ဂူအနီးသို့ ရောက်သွားကြပေပြီ။ ဗိုလ်ကြီးထွန်းမြင့်သည် သူ့ခြေလှမ်းကို ယခင်ကထက် ပို၍ ညင်သာစွာလှမ်းသွားသည်။

အချိန်မှာ နေ့(၁၀) နာရီခန့် ရှိပေပြီ။

ကောင်းကင်ပြင်တွင် တိမ်တိုက်များ အုပ်ဆိုင်းလျက်ရှိသဖြင့် နေဝန်းကြီးကို မမြင်တွေ့ရပါ။ ဗိုလ်ကြီးထွန်းမြင့်သည် ဂူအနီးသို့ ရောက်သွားသောအခါ၌ အရဲကို နောက်နားတွင် ထားပစ်ခဲ့ပြီး အတွင်းသို့ ချောင်းကြည့်လိုက်၏။

ဘာမှမတွေ့။

"အရဲ ဘာမှလဲ မတွေ့ပါလားကွ"

"ရှိပါတယ် အဘရဲ့။ သူတို့ကြောက်လို့ ပုန်းနေကြတာဖြစ်မယ်"

အရဲသည် ဂူအတွင်းသို့ ပြေးဝင်သွားသည်။ သူသည်

ဂူတခုလုံး အနှံ့ရှာကြည့်သည်။ ဖျံနီများကို အရိပ်အယောင်မျှ မတွေ့။

“နေဦးအဘ။ ဟိုဘက်နားမှာ ကန်လေးတခုရှိတယ်။ အဲဒီများ သွားနေကြလား မသိဘူး။ သွားကြည့်ရအောင်”

အရဲသည် သူ့အဖေကို နောက်ချန်ထားပစ်ခဲ့ပြီး ရှေ့မှ ဦးဆောင်ထွက်သွားသည်။

အရဲပြောသော ဟိုနားမှ ရေကန်ဆိုသည်ကို ဗိုလ်ကြီး ထွန်းမြင့်ပင် မသိပါ။ အရဲ ဘယ်တုန်းကများ ဤကန်ကို တွေ့ထားပါလိမ့်။

သူတို့သည် တောင်ခြေကို ပတ်၍ အနောက်ဖက်သို့ လျှောက်သွားနေကြသည်။

“အဘ ဟိုမှာတွေ့လား”

တောင်ခြေမှ တောတန်းလေးတခုကို လွန်လိုက်သည်နှင့် ကန်လေးတခုကို လှမ်းမြင်ရ၏။

ကန်မှာမကြီးလှ။

အများဆုံးရှိလှမှ ပေသုံးလေးဆယ် ပတ်လည်ခန့်သာ ရှိပေမည်။ အရဲသည် ဗိုလ်ကြီးထွန်းမြင့်၏ လက်တဖက်ကို လှမ်းဆွဲထား၏။

“အဘ မြင်တယ်မဟုတ်လား”

“ဘာမြင်တာလဲ၊ ကန်ကိုလား”

“မဟုတ်ဘူးလေ အဘရဲ့၊ ဖျံနီလေ၊ ဟိုမှာကျောက်တန်းလေး. . . ဒီဘက်နားကိုကြည့်”

www.burmeseclassic.com


ဗိုလ်ကြီးထွန်းမြင့်သည် အရဲညွှန်ပြသော နေရာသို့ ဂရုစိုက်ကြည့်လိုက်၏။

အို့ . . ငါမျက်စိတယ်ရှုန်းပါလား။ တစ်ကောင်တောင် မဟုတ်ဘူး။ အကြီးနှစ်ကောင် တောင်ပါလား။

ဗိုလ်ကြီးထွန်းမြင့်သည် သူတစ်သက်လုံး မကြုံဖူးအောင် ပင် ဝမ်းသာ၍သွား၏။ ၁၀-နှစ်လုံးလုံး စောင့်စားလာခဲ့သော ပင်လယ်ဖျံနီကြီးကို ပစ်ရပေတော့မည်။ မြန်မာနိုင်ငံ၏ မုဆိုး လောကတွင် မည်သူမျှမရဘူးသေးသော သားကောင်ကို သူ ရပေတော့မည်။ ဤအောင်မြင်မှုလောက် ချမ်းမြေ့စရာကောင်း သော အောင်မြင်မှုမှာ မုဆိုးတစ်ယောက်အဖို့ အဘယ်မှာ ရှိတော့မည်နည်း။

အရဲသည် ကန်နားသို့ တိုး၍သွားသည်။

“ဟေ့ . . အရဲ အနားကပ်မသွားနဲ့။ ပြေးကုန်ဦးမယ်”

“ရပါတယ် အဘရဲ့။ ဒီမှာကြည့် . . ”

အရဲသည် ရဲရင့်စွာပင် ရှေ့ကို ချဉ်းကပ်၍သွားသည်။ သူ့အင်္ကျီအိတ်အတွင်းမှလည်း ဘယ်တုန်းက သယ်လာသည် မသိ။ ခြောက်လက်မခန့်ရှိသော ငါးစိမ်းသုံးကောင်ကို ထုတ်ယူ လိုက်သည်။

ဖျံကြီးနှစ်ကောင်မှာ ရုတ်တရက် ထွက်ပြေးကြမည် ကဲ့သို့ ဟန်ပြင်လိုက်ကြသည်။

မပြေး။ ပြေးရန်ဟန်ပြင်ကြပြီးမှ အရဲလှမ်းပစ်ပေးသော ငါးများကို ပါးစပ်နှင့် လှမ်း၍ဖမ်းလိုက်ကြသည်။

www.burmeseclassic.com


ဗိုလ်ကြီးထွန်းမြင့်သည် အမဲပစ်သေနတ် ရှေ့ချိန်သီးကို ဖျံနီအထီးကြီး၏ ရင်ဝတည့်တည့်သို့ လှမ်းချိန်လိုက်သည်။ လက်ညှိုးလေးကိုလည်း သေနတ်မောင်း ခလုတ်အိမ်ပေါ် အသင့်တင်ထားလိုက်၏။

"မင်းကို အန္တရာယ်ပြုမှာစိုးလို့ ငါပစ်လိုက်မိတာပါကွာ"ဟု သူ့သားတော်မောင်ကို ပေးထားသော ကတိချိုးဖောက်မှုအတွက် ပေးရမည့် ဆင်ခြေကိုလည်း အသင့်စဉ်းစား၍ ထားလိုက်၏။

ပထမမောင်းကို ညင်သာစွာ ဆွဲလိုက်လေပြီ။

စက္ကန့် ပိုင်းအတွင်း ဖျံနီအထီးကြီး ဂွမ်းပြန်၍ ကျသွားလေတော့မည်။

ထိုအချိန်၌ သူ၏ ဦးနှောက်အတွင်း တူနှင့် ထုသလို မြည်နေ သော အသံများရှိ၏။

"အမေရိကန်ဒေါ်လာ ရှစ်ထောင်ကျော်ကို တချီထဲနှင့် ရတော့မယ်။ ဒီငွေတွေနဲ့ စက်အကောင်းစားတပ် ကတ္တူတစ်စင်းဝယ်မယ်။ ဆောင်းတွင်းမှာ ပင်လယ်ထဲ ငါးတန်းချဖို့ နိုင်လွန်ပိုက်ကောင်းကောင်းကို ရှာဝယ်မယ်။ ဝ, အောင် မသောက်ရတာ ကြာပြီဖြစ်တဲ့ သဘော်သားအကြိုက် ရမ်အရက်တွေလဲ စည်လိုက်ကို ဝယ်ပြီး အိမ်အောက်မှာ မြှုပ်ထားဦးမယ်"

သို့သော် ဒုတိယ မောင်းကို သူမဆွဲဖြစ်ပါ။

ဒုတိယ မောင်းကိုဆွဲရန် လက်ညှိုးကို အားပြုလိုက်သောအခါ၌ လက်ညှိုးမှာ မလှုပ်။

www.burmeseclassic.com


တင်းခံနေပြီး သူ့မျက်စိရှေ့တွင် သူ့သား မျက်နှာပေါ်၍လာသည်။

"ယောက်ျားဆိုတာ ကတိတည်ရတယ်။ ကတိမတည်ရင် ယောက်ျားမဟုတ်ဘူး"။

သူ့သားကို မကြာခဏ သူဆုံးမခဲ့ဘူးသော စကားများ သူ့နားတွင် ပြန်လည် ကြားယောင်၍ လာသည်။

သူ့ကိုယ်သူ ရှက်၍လာသည်။

သူ့သားကို ပေးထားသည့်ကတိ သူဖျက်ပြီးလျှင် သူ့သားမျက်နှာကို သူဘယ်နည်းနှင့်မှ ပြန်ကြည့်ဝံ့တော့မည် မဟုတ်။

ကတိနှင့်ငွေ မည်သည့်အရာကို သူတန်ဖိုးထားမည်နည်း။

သူသည် ပြတ်ပြတ်သားသားပင် ဆုံးဖြတ်ချက် ချလိုက်သည်။ သေနတ်ပြောင်းကို မြေအောက်သို့ ပြန်စိုက်ချလိုက်သည်။ သူ့သားဆန္ဒအတိုင်း လိုက်လျောလိုက်လေပြီ။

ထိုအချိန်၌ အလွန်ထွားကျိုင်းသော ဝက်ဝံညိုကြီးတကောင်မှာ ဗိုလ်ကြီးထွန်းမြင့်တို့သားအဖ ရောက်နေသောနေရာမှ ဂိုက်နှစ်ဆယ်ခန့်အကွာ တောင်ကြောလေးပေါ်တွင် ဆောင့်ကြောင့်ထိုင်လျက်ရှိ၏။

ဝက်ဝံကြီးမှာ အမှန်တော့ အသက်ကြီးနေပေပြီ။

သူ့သွားအချို့ပင် ကျိုးလျက်ရှိပြီး မျက်လုံးများမှာလည်း ကောင်းစွာမြင်ဟန် မရှိတော့။

www.burmeseclassic.com


သို့သော် ဤဝက်ဝံကြီးမှာ ဝက်ဝံမျိုးများတွင် အလွန် ပါးနပ်ကောက်ကျစ်သော ဝက်ဝံအမျိုးအစားဖြစ်ပြီး တစ်ချိန်က ဗိုလ်ကြီးထွန်းမြင့် လက်ချက်ဖြင့် ပခုံးတွင် သေနတ်ဒဏ်ရာ တစ်ချက်ရခဲ့ဘူး၏။

သူသည် လူသတ္တဝါကို အလွန်မုန်းပြီး အခွင့်သာသည်နှင့် ရန်ပြုရန် အမြဲချောင်းနေသူ ဖြစ်၏။ အသက်ကြီးပြီဟု ဆိုသော်လည်း သူ့လက်သဲများမှာ ဝက်ဝံပျိုများကဲ့သို့ပင် သန်စွမ်းဆဲဖြစ်၏။ လူတစ်ယောက်ကို အသာလေး သတ်ဖြတ်နိုင်စွမ်းရှိပေသည်။

ယမန်နေ့ညက ကျခဲ့သော မုန်တိုင်းမှာ ဤဝက်ဝံအိုကြီး အဖို့ ယခင်သူစားနေကျ အမဲလိုက်တောစခန်းများကို ပျက်စီး သွားစေခဲ့သည်။ သူအနိုင်ယူကျ သားကောင်များလည်း မုန်တိုင်း အတွင်း ဘယ်ရောက်ကုန်ကြသည် မသိ။

ပြေးကြလေပြီ။

သူသည် ယနေ့အလွန် ဆာလောင် မွတ်သိပ်လျက် ရှိ၏။

"အရဲ၊ မင်း ဒီဖျံနီတွေအကြောင်း မင်းအမေနဲ့ ကိုကျော်ဒင်ကို ပြောပြပြီးပြီလား"

"မပြောရသေးပါဘူး၊ အမေ့ကိုတော့ ညအိပ်ရင် ပြောပြမလို့။ ကိုကျော်ဒင်ကိုတော့ မပြောပြပါဘူး"

"အေး. . . ကောင်းတယ်၊ မပြောပြနဲ့"

သူတို့ ရေအိုင်လေးမှ အိမ်ပြန်ရန် ပြန်လှည့်လာကြ

www.burmeseclassic.com


သည်။ ထိုအချိန်၌ သေနတ်သံတချက်ကို သဲ့သဲ့မျှ သူတို့ကြား လိုက်ကြ၏။

ဒသာမ ၂၂-ပစ္စတိုသံလား။

ဒသာမ ၄၅-ပစ္စတိုသံလား။

ဗိုလ်ကြီးထွန်းမြင့် ကောင်းစွာ မခွဲခြားတတ်။

တစ်မိုင်ခန့်ဝေးသော မိအုန်းတို့ တဲမှလာသည့်အသံ ဖြစ်ရမည်ကိုကား သူမှန်းဆ တတ်ပေသည်။

အချိန်မှာ နံနက်(၁၀)နာရီခွဲခန့် ရှိပေပြီ။

ဗိုလ်ကြီး ထွန်းမြင့်သည် အိမ်ပြန်ရန် လမ်းကိုစဉ်းစား လိုက်သည်။ တောတန်း၌ တစ်ခေါက်လာပြီးသော လမ်းမှာ နောက်တခေါက် ပြန်သွားရန် မသင့်ပါ။

မိမိကို ရန်မူလိုသော သတ္တဝါသည် ပြန်လမ်းမှ စောင့် ရန်မူတတ်သည် မဟုတ်လား။

ဗိုလ်ကြီးထွန်းမြင့်သည် တောင်ကြောအတိုင်း ပြန်ရန် ဆုံးဖြတ်လိုက်၏။ တစ်ခါ တောင်ကြောကိုပင် အရှေ့ဘက် တောင် ကြောလိုက်ရမလား။ အနောက်ဘက် တောင်ကြောကို လိုက်ရ မလား စဉ်းစားနေလိုက်သေး၏။

နေမင်းကြီးသည် အရှေ့ဘက် ကောင်းကင်ပြင်တွင် ရှိနေသဖြင့် အရှေ့ဘက် တောင်ကြောအတိုင်း လိုက်သွားလျှင် မိမိအရိပ်မှာ အနောက်ဘက် တောင်ကြောပေါ်တွင် ကျနေလိမ့် မည်။ ထိုသို့အရိပ်ကျလျှင် အနောက်ဘက် တောင်ကြောမှ တောရိုင်းသတ္တဝါမှာ သူတို့မတွေ့နှင့်ဦး၊ အရိပ်ကိုတွေ့၍ သူ

www.burmeseclassic.com


ရှိသည့်နေရာကိုသိပြီး သူ့ကိုရန်မူနိုင်သည် မဟုတ်လား။

သူသည် အနောက်ဘက် တောင်ကြောအတိုင်း လိုက်၍ ပြန်ရန်ဆုံးဖြတ်လိုက်၏။

ထိုသို့ အနောက်ဘက် တောင်ကြောကို ရွေးလိုက်မိခြင်းသည်ပင် သူ့အသက်ကို သူကယ်လိုက်နိုင်ခြင်းဟု ဆိုရမည်။ ဆယ်လှမ်းခန့် အနောက်ကြောအတိုင်း လျှောက်မိသည်နှင့် အရှေ့ဘက်တောင်ကြော၌ ငုတ်တုတ်ထိုင်နေသော ဝက်ဝံအိုကြီး၏အရိပ်မှာ သူ့ရှေ့တွင် ပေါ်၍လာသည်။

သူသည် အရှေ့တောင်ကြောကို လှမ်းကြည့်လိုက်သည်။ ဝက်ဝံကြီးမှာ ငြိမ်သက်စွာ ထိုင်လျက်ရှိ၏။ ဝက်ဝံများမှာ များသောအားဖြင့် မျက်စိအားနည်းသူများ ဖြစ်သည်။ အနီးသာ မြင်ပြီး အဝေးမြင်နိုင်စွမ်း မရှိ။

ယခုအထိ သူ့ကိုတွေ့သေးဟန်မတူ။ လေအောက်တွင် သူတို့ရောက်နေသဖြင့် သူတို့အနံ့ကိုလည်း ဝက်ဝံကြီး ရသေးဟန်မရှိ။ သူသည် အမဲပစ် သေနတ်၏ လက်ကိုင်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်၏။

သားကောင်ကြီးများအကြောင်း နားမလည်သူသာဆိုလျှင် ဤဝက်ဝံကြီးကို ပစ်ကောင်း ပစ်လိုက်မိလိမ့်မည် ဖြစ်သည်။ ဗိုလ်ကြီးထွန်းမြင့်မှာ ထိုသို့မဟုတ်၊ သူကိုင်ထားသော အမဲပစ် ရိုင်ဖယ်သေနတ်မှာ ဖောက်ထွင်းအားသာကောင်းပြီး ထိချက်အား ကောင်းလှသော သေနတ်မဟုတ်သည်ကို သူသိသည်။

www.burmeseclassic.com


ဤသေနတ်နှင့် ဝက်ဝံကြီးကြီးကို ပစ်လျှင် တချက်တည်းဖြင့် ဘယ်နည်းနှင့်မျှ သေမည်မဟုတ်၊ တချက်တည်းဖြင့် မသေလျှင် သူ့ကိုရန်မူမည်။ ဝက်ဝံကြီးရန်မူလျှင် သူ့မှာ သားတဖက်နှင့် ခံရတော့မည် မဟုတ်လား။

သူသည် ဝက်ဝံကြီးရှိရာမှ ခပ်လှမ်းလှမ်းသို့ ပုန်းရှောင်ပြီး သူ့သားကို လက်ဆွဲ၍ အိမ်သို့အသာ ပြန်လာခဲ့၏။

ဗိုလ်ကြီးထွန်းမြင့်တို့ သားအဖသည် တောင်ကျ ချောင်း၏ မြစ်အညာသို့ ဆန်တက်၍ တဖက်ကမ်းသို့ အေးချမ်းစွာ ကူးခဲ့ကြသည်။

မြစ်ညာတွင် တောဒင်ကျီးအချို့မှာ တကတ်ကတ် အော်မြည်၍ ရေကူးကစားလျက် ရှိကြ၏။

"ဒိုင်း"

သေနတ်သံတချက်ကို ပီသစွာ သူတို့ကြားလိုက်ရသည်။

သေနတ်သံ၏ စူးရှ၍ ဝပ်သွားသော အသံကြောင့် ဒသသမ ၂၂-ပစ္စတို သေနတ်အမျိုးအစား ဖြစ်မည်ကို ဗိုလ်ကြီး ထွန်းမြင့် ချက်ချင်းသိလိုက်၏။

ဤသေနတ်မှာ မိအုန်းရှိနေ သော တဲစခန်းမှလွဲ၍ အခြားဘယ်နေရာကမှ မဖြစ်နိုင်။

မိအုန်း ဒုက္ခရောက်နေပြီလော။

ဗိုလ်ကြီးထွန်းမြင့်သည် လေးလေးမှန်မှန် လမ်းလျှောက်နေရာမှ တဲစခန်းရှိရာသို့ တဟုန်ထိုး ပြေးတက်သွားခဲ့သည်။

www.burmeseclassic.com


အရဲသည် ရှေးဦးစွာ သူ့ဖခင်နောက်မှ လိုက်ပြေးသေး၏။ သို့သော် သူ့ဖခင် ခြေလှမ်းကျဲကြီးကို သူမမှီနိုင်။ တဖြည်းဖြည်း နောက်ချန်၍ ကျန်ရစ်ခဲ့လေသည်။

"အဘ စောင့်ပါအုံး အဘရဲ့"

အရဲသည် သူ့ဖခင်ကို လှမ်းအော်၍ သတိပေးသည်။ ဗိုလ်ကြီးထွန်းမြင့်သည် သူ့သားစကားကို ကြားဟန်မရှိတော့။ သူ့ဇနီးရှိရာ တဲစခန်းသို့သာ သုတ်ခြေတင်၍ ပြေးနေပေသည်။

\+ + +

မိအုန်းသည် ဗိုလ်ကြီးထွန်းမြင့်တို့သားအဖ ထွက်သွားကြသည်နှင့် မီးဖိုချောင် ကိစ္စများကို အစသတ်လိုက်သည်။

သူသည် ဗိုလ်ကြီးထွန်းမြင့်မရှိလျှင် အိမ်တွင် မနေချင်၊ ဗိုလ်ကျော်ဒင်ကို ဗိုလ်ကြီးထွန်းမြင့် မယုံသလို သူလည်းမယုံ။ ဗိုလ်ကျော်ဒင် သူ့ကိုကြည့်ပုံကို သူမကြိုက်။

နတ်နန်းတွင် တစ်နှစ်ကျော် နေခဲ့ဘူးသော နတ်သမီးတစ်ယောက် အနေဖြင့် ယောကျ်ားတယောက်ကို မြင်လိုက်သည်နှင့် အတွင်းသဘောကို သိနှင့်လေပြီ မဟုတ်လား။

မိအုန်းသည် အဝတ်ဟောင်းတောင်းမှ အဝတ်များကို သွပ်ပုံးကြီးတခုအတွင်းသို့ ထည့်လိုက်သည်။ မျက်နှာသုတ်ပဝါတခုကိုယူ၍ ခေါင်းတွင်ပေါင်းလိုက်၏။

"မိအုန်း မင်း ဘယ်သွားမလို့လဲ"

"အဝတ်လျှော် သွားမလို့ပါ"

ကိုကျော်ဒင်သည် ကွပ်ပျစ်ပေါ် ပက်လက်လှဲနေရာမှ

www.burmeseclassic.com


မိအုန်းကို မျက်လုံးမပွင့်တပွင့် ကြည့်ပြီး လှမ်းပြောလိုက်သည်။

ဗိုလ်ကြီးထွန်းမြင့်တို့ ထွက်သွားသည်နှင့် မိအုန်း ဘာကြောင့် အဝတ်လျှော်ထွက်ရန် ဟန်ပြင်ရသည်ကို ကိုကျော်ဒင် ချက်ချင်းရိပ်မိ၏။ မိအုန်း အိမ်တွင် မိမိနှင့်အတူ မနေချင်၊ ရှောင်ပြေးနေချင်သည် မဟုတ်လား။

ကိုကျော်ဒင်မှာ လူတစ်မျိုး ဖြစ်၏။ မည်သည့်အလုပ်ကိုမဆို ခက်ခက်ခဲခဲရှိသော အလုပ်ကိုမှ ရွေးလုပ်ချင်သည်။ မိန်းမကိစ္စတွင်လည်း အလားတူပင် ဖြစ်၏။

သူ့ကိုမချစ်သည့် မိန်းမ၊ သူ့ကိုမတွေ့ချင်သည့် မိန်းမ၊ သူ့ကိုရှောင်ပြေးချင်သည့် မိန်းမကိုမှ မတွေ့ တွေ့အောင်ရှာပြီး မရ ရအောင် ချစ်ပင်ချင်သည်။

သူသည် မိန်းမကိစ္စတွင် စည်းမထား။

အပျိုအအို ဟူ၍ နားမလည်။

မိန်းမအားလုံးကို ဘုံပစ္စည်းအဖြစ် ခံယူထားသည်။

သူ မတောက်တခေါက်သိသော ဘုံဝါဒ သဘောတရားကို နိုင်ငံရေး ကိစ္စရပ်များတွင် မည်သို့အသုံးချရမည် မသိသော်လည်း မိန်းမကိစ္စတွင် မည်သို့အသုံးချရမည်ကို ကောင်းစွာ သိသည်။

သူသည် မိအုန်းကို ပေါ့ပေါ့ မိန်းကလေး အဖြစ်သာ သဘောထားသည်။ တခါ နတ်သမီးဖြစ်ဖူးသော မိန်းမသည် ထာဝစဉ် နတ်သမီး ဖြစ်ချင်နေမည်ဟု သူယုံကြည်သည်။

မိအုန်း သူ့အဖေအရွယ်ခန့်ရှိသည့် ဗိုလ်ကြီးထွန်းမြင့်

www.burmeseclassic.com


နှင့် ပေါင်းသင်းနေခြင်းမှာ အလွှတ်ကျွန်းမှ ပြေးပေါက်ကို မတွေ့သေး၍သာ ဖြစ်ရမည်။

နတ်သမီး တခါဖြစ်ဖူးသော မိန်းမသည် ဘယ်နည်းနှင့်မျှ ယောကျ်ားတစ်ယောက်တည်းဖြင့် မကျေနပ်နိုင်၊ မုဆိုးတယောက်သည် သားကောင် အသစ်အဆန်းများကို ပစ်ခတ်ရန် အမြဲမျှော်လင့်တောင့်တနေသလို နတ်သမီး ဖြစ်ဖူးသော မိန်းမသည်လည်း ယောကျ်ားအသစ်အဆန်းများကို အမြဲမျှော်လင့်တောင့်တနေရမည်။

မိမိသည် ဗိုလ်ကြီးထွန်းမြင့်ထက် အသက်ငယ်သည်။

နုပျိုသည်။

ကျန်းမာသန်စွမ်းသည်။

အဘယ်ကြောင့် မိအုန်း မိမိကို မတပ်မက်ချင်ဘဲ နေနိုင်မည်နည်း။

သို့သော် ဘာကြောင့် မိအုန်း ယခု ရှောင်ပြေးသွားပါလိမ့်။

သူမစဉ်းစားတတ်။

ဆိတ်ကွယ်ရာ တခုခုသို့သွားရန် သူ့ကို ပါးနပ်စွာ ခေါ်နေသည်လား။

ဖြစ်နိုင်သည်။

ဤတဲစခန်းမှာ သူတို့အတွက် စိတ်မချရ၊ ဗိုလ်ကြီးထွန်းမြင့်တို့ သားအဖ အချိန်မရွေး ပြန်လာနိုင်ကြသည်။

ဗိုလ်ကြီးထွန်းမြင့် မိသွားလျှင် ချင်ချင်းပြဿနာ

www.burmeseclassic.com


ပေါ်နိုင်သည် မဟုတ်လား။

ကိုကျော်ဒင်သည် မိအုန်း နောက်သို့လိုက်ရန် ငေါက်ကနဲ ထလိုက်သည်။ သူအိပ်နေစဉ် ချွတ်ထားသော သေနတ်အိတ်မှ ဒသာမလေးငါး ပစ္စတိုသေနတ်ကိုလည်း အရေးရှိက အသုံးချနိုင်ရန် လှမ်းယူ၍ ခါးတွင် ထိုးထားလိုက်၏။

သူသည် တဲအပြင်သို့ ထွက်လာခဲ့သည်။ နွားခြံအနီး လှဲအိပ်နေကြသော အရဲမွေးထားသည့် ခွေးညိုကြီး နှစ်ကောင်မှာ သူ့ကိုမြင်လိုက်သည်နှင့် ခေါင်းထောင်ပြီး ထိုးဟောင်လိုက်ကြ၏။

မိအုန်း ဘယ်ဘက်ထွက်သွားပါလိမ့်။

သူသည် ရုတ်တရက် မိအုန်းသွားမည့် အရပ်ကို မမှန်းဆတတ်။ မိနစ် အနည်းငယ်ကြာသည်အထိ ငြိမ်ရပ်နေပြီး နောက်မှ မိအုန်း ခြေရာလမ်းကြောင်းအတိုင်း လိုက်ရန် သတိရပြီး မီးဖိုချောင်ဖက်သို့ လျှောက်လာခဲ့၏။

မိအုန်းခြေရာများမှာ ယမန်နေ့က မိုးရွာထားသဖြင့် သဲပေါ်တွင် အထင်းသား ပေါ်လျက်ရှိ၏။ ကိုကျော်ဒင်အဖို့ ခြေရာကောက်ရန် ဘာမှအခက်အခဲ မတွေ့ရ။ မိနစ် အနည်းငယ်အတွင်း မိအုန်း အဝတ်လျှော်လျက်ရှိသော စမ်းချောင်းလေး အနီးသို့ ရောက်ရှိသွားခဲ့လေသည်။

မိအုန်းမှာ စမ်းချောင်းကလေးဘေး ကျောက်တန်းပေါ်တွင်ထိုင်၍ အေးချမ်းစွာ အဝတ်ဖွပ်လျက်ရှိ၏။

သူမအထက်ပိုင်းတွင် အင်္ကျီမရှိ၊ ထဘီရင်လျှားနှင့်

www.burmeseclassic.com


ဖြစ်ပြီး အဝတ်လျှော်ပြီးသည်နှင့် စမ်းတွင်းဆင်း၍ ရေချိုးရန် ကြံရွယ်ထားပေသည်။ မိအုန်းစိတ်ထဲမှ တွက်ကိန်းမှာ သူ အဝတ်လျှော်လျှင် အနည်းဆုံး တစ်နာရီကျော်ကြာမည်။ တခါ အဝတ်လျှော်ပြီး ရေချိုးဦးမည်။

ရေချိုးပြီး အိမ်ပြန်လျှင် ဗိုလ်ကြီးထွန်းမြင့်တို့ သားအဖ ရောက်မရောက် အိမ်နားသွား၍ အကဲခပ်မည်။ ဗိုလ်ကြီး ထွန်းမြင့်တို့ရောက်နေလျှင် အိမ်ထဲဝင်မည်။ မရောက်လျှင် စမ်းချောင်းလေးသို့ ပြန်လာ၍ သူတို့ပြန်ရောက်လာသည်အထိ အချိန်ဖြုန်းနေမည်။ ကိုကျော်ဒင် သူ့နောက်လိုက်လာလိမ့်မည်ဟု လုံးလုံးမမျှော်လင့်။

ကိုကျော်ဒင်သည် မိအုန်းအနီးသို့ အသာလျှောက် လာပြီး ခြောက်ပေခန့် အကွာတွင်ရပ်၍ မိအုန်းအလှကို ငေးကြည့်နေသည်။

မိအုန်း၏ အသားရောင်မှာ မဖြူ။

ညိုသည်။

ညိုသည် ဟုဆိုရာ၌ပင် မဲသည့်ဖက်ကို များသည်ဟုဆိုရမည်။

သို့သော် မိအုန်းအမဲမှာ မွဲခြောက်ခြောက် အမဲကြီး မဟုတ်။

စိုပြေလျက် ရှိသော အမဲမျိုးဖြစ်၍ ကြည့်၍လှသည်။

ဆွဲဆောင်မှုရှိသည်။

မိအုန်း၏ ခါးမှာ သေးလှသည် မဟုတ်၊ သို့သော်

www.burmeseclassic.com


တုတ်သည်ဟုလည်း မဆိုသာ။

အနေတော်ဖြစ်၏။

မိအုန်း တကိုယ်လုံးတွင် ကိုကျော်ဒင်ကို ဆွဲဆောင်မှု အရှိဆုံးအပိုင်းမှာ ခါးအောက်မှ ကား၍သွယ်ကျသွားသော အပိုင်းပင် ဖြစ်၏။

မိအုန်း တကိုယ်လုံးတွင် ဤအပိုင်းမှာ အဖွံ့ ထွားဆုံး ဖြစ်၏။ ဆောင့်ကြောင့်ထိုင်၍ အဝတ်လျှော်စဉ် မြင်ရ သဖြင့်လည်း ပို၍ ကားပုံ၊ ကြီးပုံရပြီး မြင်ရသူအဖို့ ရင်ဖိုစရာ ပင်။

ကိုကျော်ဒင်သည် မိအုန်း အနောက်နားသို့ တပေခန့် ရောက်သည်အထိ ကပ်သွားပြီး ရုတ်တရက် ကျီစားသလိုလိုနှင့် ခြောက်လှန့်၍ ခေါ်လိုက်၏။

"မိအုန်း"

"အမေ့"

မိအုန်းမှာ ရုတ်တရက်လန့်၍ ယိမ်းယိုင်သွားပြီး ကုန်းထ လိုက်သည်။ ကိုကျော်ဒင်သည် မိအုန်း မထနိုင်မီ ပခုံးကို လက်တဖက်ဖြင့် ဖိထားလိုက်၏။

"အို. . . ရှင်ဘာလုပ်တာလဲ"

"ဘာလုပ်ရမှာလဲ၊ မင်းဘာပြုလို့ ငါ့အနားက ရှောင် ပြေးနေတာလဲ"

မိအုန်းသည် ကိုကျော်ဒင်မှန်း သိသည်နှင့် ကက်ကက် လန် ရန်တွေ့လိုက်၏။ ကိုကျော်ဒင်သည် မိအုန်းစကားကို လုံးဝဂရုမပြု။ သူဖိထားသော လက်ကြားမှ အတင်းကုန်းထရန်

ကြုံးပမ်းနေသော သူမ၏ ကိုယ်လေးကို နောက်ပိုင်းမှ ဆီးကြို၍ တင်းကျပ်စွာ သိမ်းဖက်ထားလိုက်၏။

"မိအုန်းရယ်၊ ဒီတိရစ္ဆာန်ကြီးလက်က ထွက်ပြေးနေချင်တယ် မဟုတ်လား၊ ငါမင်းကို လွတ်အောင်ကူညီနိုင်ပါတယ်၊ မင်း မော်လမြိုင်မှာတုန်းက ဘယ်အိမ်က ထွက်လာတယ်ဆိုတာ ငါသိပါတယ်၊ ဟဲ-ဟဲ ဟန်လုပ်မနေစမ်းနဲ့၊ ငါမင်းကို ဘယ်လောက်ပေးရမလဲ"

မိအုန်းကိုယ်မှာ နတ်ပူးသလို တဆတ်ဆတ် တုန်ခါနေသည်။ သူ့ခြေရော၊ လက်ရော တစ်ခုမှ အငြိမ်မနေ။ ကိုကျော်ဒင်၏ ဖက်ထားသော လက်များမှ လွတ်အောင် အားရှိသရွေ့ ရုန်းကန်၍ နေသည်။ နှုတ်မှလည်း

"ခွေးမျိုး-လွှတ်၊ ငါ့ယောကျ်ားက တိရစ္ဆာန် မဟုတ်ဘူး၊ နင်မှ တိရစ္ဆာန်"

ကိုကျော်ဒင်သည် ဘာမှမပြောတော့၊ သူ၏ အနောက်မှ ပွေ့ထားသော လက်များကို မိအုန်းရင်အောက်သို့ လျှိုသွင်း၍ မ,ချီ တင်လိုက်သည်။ မိအုန်း ကိုယ်လေးမှာ အလိုက်သင့်သူ့ရင်ခွင်တွင်းသို့ ကြွတက်၍ လာသည်။

"အေး-ခွေးမျိုးအကြောင်း သိစေမယ် ခွေးမရဲ့"

သူသည် မိအုန်း၏ ခန္ဓာကိုယ် အထက်ပိုင်းကို လှုပ်မရအောင် တင်းကျပ်စွာဖက်လျက် မိအုန်းမျက်နှာလေးကို နေရာလပ်မရှိအောင် နမ်းပစ်လိုက်သည်။

မိအုန်းသည် အထက်ပိုင်း လှုပ်မရသော်လည်း လေထဲ

www.burmeseclassic.com


တွင် တဖျတ်ဖျတ်လူးလျက်ရှိသော သူ့ခြေထောက်ဖြင့် ဗိုလ်ကျော်ဒင်၏ မိရာနေရာများကို ကန်ကျောက်နေပြီး နှုတ်မှလည်း သူတတ်သရွေ့ မှတ်သရွေ့ ဆဲနည်းမျိုးစုံဖြင့် ကိုကျော်ဒင်ကို ဆဲဆိုလျက်ရှိ၏။

ကိုကျော်ဒင်သည် အယုတ်တမာတွေ ရွတ်ဆိုလျက်ရှိသော မိအုန်း၏ပါးစပ်ကို သူ့ပါးစပ်နှင့်ဖိကပ်၍ အသံထွက်မရအောင် စုတ်နမ်းပစ်လိုက်၏။

မိအုန်းမှာ ရုတ်တရက် ရင်ထဲတွင် တမျိုးဖြစ်၍သွားသည်။ သူ့သွေးများမှာလည်း ချက်ချင်း ဆူပွက်လာသလိုရှိ၏။ ဖြစ်သလို ရုန်းကန်လျက်ရှိသော သူ့ခြေလက်များမှာလည်း ငြိမ်ကျသွားသလို ရှိ၏။

ဗိုလ်ကြီးထွန်းမြင့်၏ အတွေ့နှင့် ကိုကျော်ဒင်၏ အတွေ့မှာ မည်သို့မှ မတူသည်ကို သူဘယ်နည်းနဲ့မှ မငြင်းနိုင်။ သူ၏ ဆင်ခြင်တုံတရား ကြီးစိုးလျက်ရှိသော နှလုံးသားအတွင်းကသာ ကိုကျော်ဒင်ကို မည်သို့မှ လက်ခံ၍မရသော်လည်း သူ့အသွေးအသားများက ကိုကျော်ဒင်ကို ငြင်း၍မရ၊ ကိုကျော်ဒင် အနိုင်ရလေပြီ။ မိအုန်း ပျော့ကွက်ကို ကိုင်မိလေပြီ။

ကိုကျော်ဒင်သည် မိအုန်း နှုတ်ခမ်းများကို ဖိကပ်စုတ်နမ်းထားရာမှ မိအုန်းလည်တိုင်ကို ပြောင်း၍ နမ်းလိုက်သည်။ မိအုန်း ကိုယ်လေးမှာ လေတွင်ပေါ့လျက် ရှိ၏။ ရင်လေးမှာ ကော့လျက်ရှိ၏။ ကိုကျော်ဒင်မှာ လည်တိုင်ကို နမ်းနေရာမှ

www.burmeseclassic.com


အောက်ပိုင်းသို့ ဆက်ရွေ့၍ နမ်းလိုက်ပြန်သည်။

"အင့်. . . ဝုန်း"

'အင့်' ဟူသောအသံနှင့် 'ဝုန်း' ဟူသော အသံမှာ တဆက်တည်းလိုလိုပင် ကြားလိုက်ရသည်။

မိအုန်းသည် အတွေ့၏ နောက်သို့ ကောက်ကောက်ပါ အောင် လိုက်တော့မလိုရှိရာမှ ဘယ်သို့ အသိတရားများ ဝင်လာသည် မသိပါ၊ မူလက တင်းကျပ်စွာ လှုပ်မရအောင် ဖက်ထားရာမှ မိမိမရုန်းသဖြင့် အလိုက်သင့်လျှော့ပေးစပြုသော ကိုကျော်ဒင်၏ သတိလက်လွတ်မှုများကို အခွင့်ကောင်းယူ၍ ကိုကျော်ဒင် ဗိုက်ကို သူမ၏ ဒူးဖြင့် အားရှိသရွေ့ ဆောင့်တိုက် ပစ်လိုက်၏။ ကိုကျော်ဒင်သည် ရုတ်တရက် 'အင့်' ကနဲ နေအောင် ခံလိုက်ရပြီး မိအုန်းကိုဖက်လျက် ကိုယ်မှာ မထိန်း နိုင်ဘဲ 'ဝုန်း'ကနဲ စမ်းချောင်းထဲ ကျသွားသည်။

ရေထဲရောက်လျှင် ကိုကျော်ဒင်သည် လန့်၍ မိအုန်း ကို လွှတ်ပစ်လိုက်၏။ မိအုန်းသည် လှောင်အိမ်မှ မမျှော်လင့် ဘဲ လွတ်သွားသော ငှက်မလေးသဖွယ် ရုတ်တရက် ဘယ် ပြေးရမှန်းမသိ ဖြစ်နေပြီး စက္ကန့်အနည်းငယ်ကြာမှ ကမ်းပါးပေါ် သို့ ပြေးတက်သွားခဲ့၏။

သို့သော် မလွတ်ရှာ။ ကိုကျော်ဒင်သည် သူ့ သား ကောင်ကို ပြန်ဖမ်းရန် ချက်ချင်းသတိရပြီး၊ ကမ်းပါးပေါ် သို့ ရောက်စပြုနေပြီဖြစ်သော မိအုန်းခြေထောက်တဖက်ကို ရေထဲ မှ ကိုယ်ကို အလျားထိုးမှောက်ချ၍ ဖမ်းဆွဲလိုက်၏။

www.burmeseclassic.com


ကံကောင်းသည်ဟုပဲ ဆိုရမည်လား မသိ။

မိအုန်း၏ ခြေထောက်ကိုမမိ၊ ထဘီစကိုသာ ဆွဲလိုက်မိသည်။ မိအုန်းမှာ အလွယ်တကူ အားလျှော့သည့် မိန်းကလေး မဟုတ်ပါ။ သူ့ထဘီကို လက်နှစ်ဖက်နှင့်ကိုင်ပြီး မှောက်ရက်ကြီး လဲလျက်ရှိ သော ကိုကျော်ဒင်လက်မှ တုတ်ဆွဲ၍ ပြန်လုလိုက်၏။

မိအုန်း ကမ်းပေါ်သို့ တက်ပြေးလေပြီ။

"ဟေ့. . . မပြေးနဲ့၊ ဒိုင်း. . . "

ကိုကျော်ဒင်သည် ရုတ်တရက် မတ်တတ်ထရပ်ပြီး ကမ်းပါးပေါ်သို့ ရောက်နေပြီးဖြစ်သော မိအုန်းကို ဆက်မပြေးဝံ့အောင် သေနတ်ဖြင့် ချောက်လှန့်ပစ်လိုက်၏။

မိအုန်းသည် လှည့်မှုပြန်မကြည့်တော့။

သူသည် သေမည်ကို ကြောက်သည့် မိန်းမမဟုတ်။

ဘဝမျိုးစုံ ကျင်လည်ခဲ့ရသည့် မိန်းမတစ်ယောက်ဖြစ်သဖြင့် လောကကြီး၏ အနိဋ္ဌာရုံ၊ ဣဋ္ဌာရုံအားလုံးကို သိသည်။ ကိုယ်မဖြစ်သည်ကို ဖြစ်ရမည့် ဘဝတွင် မြန်မြန်သေခြင်းမှာ မြန်မြန်ဝဋ်ကျွတ်ခြင်းဟုပင် သူ ယူဆသည်။

မိအုန်းလွတ်သွားလေပြီ။

ကိုကျော်ဒင်သည် လေးလံသော ခြေလှမ်းများနှင့် ကမ်းပါးပေါ်သို့ တက်လာခဲ့သည်။ သူ့ တကိုယ်လုံးမှာ ရွှံ့ရွှဲရွှဲစိုနေပြီး ဖုန်အလိပ်လိပ်ကပ်လျက်ရှိ၏။

"တောက်. . . တိရစ္ဆာန်မ၊ ငါ သတ်မိတော့မယ်"

ဗိုလ်ကျော်ဒင်သည် အလွန်စိတ်ဆိုးလျက် ရှိ၏။ မိအုန်း သူ့ကို ဤသို့ဆက်ဆံလိမ့်မည်ဟု သူလုံးလုံး မမျှော်လင့်။ အစ ပိုင်းက မိအုန်း မူနေသည်ဟုသာ သူထင်သည်။

"အပျက်မ သူ့ကိုယ်သူ ဘာထင်နေလဲ မသိဘူး၊ ခွေးမ နင်သိစေ့မယ်၊ ငါ့ဒါအလိုပြည့်ပြီးမှ နင်တယောက်ထဲ မဟုတ်ဘူး၊ နင့်လင်ရော၊ နင့်သားရောပါ သတ်ပစ်ဦးမယ်"

သူသည် နှုတ်မှ အမျိုးမျိုး ညစ်ညမ်းစွာ ဆဲဆိုရင်း မိအုန်းရှိမည်ဟုထင်သော တဲစခန်းသို့ ခြေလှမ်းကျဲကြီးဖြင့် လိုက်သွားခဲ့၏။

သူ့အသွင်မှာ မုန်ရစ်နေသော ဆင်ရိုင်းကြီး ကဲ့သို့ပင်။

တဲစခန်းအနီးသို့ရောက်လျှင် ခွေးညိုကြီးနှစ်ကောင်မှာ ထုံးစံအတိုင်း သူ့ကိုဆီး၍ ဟောင်သည်။ ကိုကျော်ဒင်သည် တဲတံခါးကိုခြေဖြင့် ဆောင့်ကန်၍ ဖွင့်လိုက်၏။

တဲတံခါး ပွင့်သွားလေပြီ။

သူသည် ဒေါသတကြီး တဲထဲ ဝင်လိုက်သည်။ တံခါး အနီး သစ်တုံးထိုင်ခုံတခုရှိ၏။ ကိုကျော်ဒင်သည် မစိတ်မွှန်နေ သဖြင့် ထိုင်ခုံကိုမတွေ့။ ညာဘက်ခြေနှင့် အရှိန်ဖြင့် တိုက်ချ လိုက်သည်။ ခုံမှာ လွင့်စဉ်သွား၍ လူမှာလဲမလို ဖြစ်သွားခဲ့ သည်။

"မိအုန်း"

သူသည် ကျယ်လောင်စွာ အော်ခေါ်လိုက်သည်။ ဘာမှ ထူးသံမကြားရ။ သူသည် တဲတခုလုံး မျက်စိကစား၍ မိအုန်းကို

www.burmeseclassic.com


ရှာကြည့်လိုက်သည်။ မတွေ့၊ မိအုန်း ဘယ်ရောက်နေသနည်း၊ ကိုကျော်ဒင်သည် ပို၍ စိတ်ဆိုးလာသည်။

"ဒီမှာ ကိုကျော်ဒင်၊ ရှင်မလှုပ်နဲ့နော်"

ရုတ်တရက် တည်ငြိမ်သော မိအုန်း၏ အသံကို ကျော နောက်မှ ကိုကျော်ဒင် ကြားလိုက်ရ၏။ ကိုကျော်ဒင်သည် ရုတ်တရက် ကြောင်၍သွား၏။

မိအုန်းအသံ ယခုကဲ့သို့ သူ့နောက်မှ ပေါ်လာလိမ့်မည် ဟု လုံးလုံးမမျှော်လင့်။ သူသည် မိအုန်းရှိရာသို့ ညင်သာစွာ ခေါင်းလှည့်ကြည့်လိုက်သည်။

"ဟင်. . ."

သူမဖော်ပြတတ်အောင်ပင် အံ့သြ၍သွား၏။ မအံ့သြ၍လည်း မဖြစ်၊ မိအုန်းသည် ဒဿမ ၂၂-ပစ္စတို သေနတ် တလက်ဖြင့် သူ့ကို တည်ငြိမ်စွာ ချိန်၍ထားလေပြီ။

"ရှင်အကောက်ကြံမယ်တော့ မကြံနဲ့နော်၊ ရှင့်လို လူမျိုး သတ်ပစ်ဖို့ ကျွန်မလုံးလုံးဝန်လေးတာ မဟုတ်ဘူး"

ကိုကျော်ဒင်သည် မိအုန်းကို စိုက်ကြည့်၍ ငြိမ်သက်စွာ ရပ်နေသည်။ ရုတ်တရက် ယခု ရင်ဆိုင်တွေ့နေရသော မိအုန်းသေနတ်ဘေးမှ အဘယ်သို့ လွတ်အောင်ကြံဆောင် ရမည်ကို သူမတွေးတတ်။

သို့သော် သူမတွေးတတ်သည်မှာ စက္ကန့်ပိုင်းမျှသာ ဖြစ်ပေသည်။ မိန်းမပေါင်းများစွာကို အကြိမ်ပေါင်းများစွာ အနိုင်ယူခဲ့ဘူးပြီး လူတစ်ယောက်အသက်ကိုသတ်ရန် ပရွက်

www.burmeseclassic.com


ဆိတ်တကောင်ကို သတ်ရသလောက်မျှ အလေးမထားသော လူဆိုးဗိုလ်ကြီးတဦးအနေဖြင့် မိအုန်း၏ ပျော့ကွက်ကို မည်ကဲ့သို့ အရှိုက်ထိုးရမည်ကို ကောင်းစွာသိသည်။

"ဟဲ့. . . ဟဲ့. . . မင်း ငါ့ကို တကယ်ပစ်ရဲရဲ့လား မိအုန်းရဲ့"

သူသည် မလေးမခံ့ရယ်၍ သစ်တုံးထိုင်ခုံ တခုပေါ်အေးဆေးစွာ သွားထိုင်သည်။ မိအုန်းမှာ ထဘီရင်လျားကြီးနှင့် ပင်ဖြစ်သော်လည်း မျက်နှာသုတ်ပဝါတခုကို ပခုံးတွင် ခြုံ၍ ပတ်ထား၏။

မိအုန်း၏ မျက်လုံးများမှာ မီးထွက်တော့မည်ကဲ့သို့ ဒေါသအခိုးများဖြင့် တောက်ပလျက်ရှိ၏။ တစ်ချိန်တည်းမှာပင် ကိုကျော်ဒင်၏ လှုပ်ရှားမှုများကိုလည်း တစ်ချက်မှ အလစ်မခံ။ မိမိသားကောင်ကို ဖမ်းတော့မည့် ကျားမကြီးကဲ့သို့ မျက်တောင်ပင် မခတ်ဘဲ စောင့်ကြည့်နေ၏။

"ပစ်ရဲတယ်၊ မပစ်ရဲဘူးဆိုတာ သိချင်ရင် ရှင်စမ်းကြည့်ပေါ့။ ကျွန်မက လူတယောက်ကို သွေးအေးအေးနဲ့ မသတ်ချင်ပါဘူး၊ကျွန်မကိုရန်မူလာမှသာ ကိုယ့်ကိုယ်ကို ကာကွယ်တဲ့အနေနဲ့ သတ်မှာပါ"

ကိုကျော်ဒင်မှာ မိအုန်းအမူအရာနှင့် ပြောဟန် ဆိုဟန်များကိုကြည့်ပြီး ပြောသည့်အတိုင်း တကယ်လုပ်မည်ကို ချက်ချင်းသဘောပေါက်လိုက်၏။

"မင်း ငါ့ကို သတ်လိုက်တော့ မင်းတို့ ငါ့ရန်က အေး

www.burmeseclassic.com


ပြီတဲ့လား၊ ကိုကျော်ဒင်ကွ၊ ကိုကျော်ဒင်တဲ့၊ ဘီလူးကျွန်းနဲ့ ရေးတပိုက်မှာ ငါ့နာမည်ကို ကြားတာနဲ့ သွေးလန့်ပြီး ချက်ချင်း ဖျားတဲ့လူတောင် ဖျားကုန်တယ်ဆိုတာ မင်းကြားဘူးမှာပေါ့။ မင်းလို မိန်းမပျက် မဟုတ်ဘူးဟေ့၊ ငါ့နယ်မှာ ဘယ်မိန်းမမဆို ငါရပါတယ်'တောက်'ခေါက်လိုက်ရင် ငါ့ခြေဖဝါးအောက်ရောက်လာတာ၊ ငါ့တပည့်တွေ လူသတ်တဲ့နေရာမှာ ဘယ်လောက်နာမည်ကြီးတယ်ဆိုတာ မင်းကြားဘူးမှာပေါ့။ ဒို့ကို စိတ်ဆိုးအောင်၊ နာကျည်းအောင်လုပ်ရင် ဒို့ကတစ်ယောက် နှစ်ယောက် မဟုတ်ဘူးဟေ့၊ ရွာလိုက်သတ်တာ၊ မနက်ဖန်ဆိုရင် ငါ့ကိုလိုက်ရှာနေတဲ့ ငါ့လူတွေ ဒီကျွန်းပေါ်ရောက်လာမှာပဲ၊ ငါ့ကို မင်းသတ်တယ်ဆိုရင်၊ မနက်ဖန် မင်းတင်မဟုတ်ဘူး၊ မင်းလင်ရော၊ မင်းသားရော၊ ရိုးရိုးသေဘို့ မဟုတ်ဘူး၊ ခွေးသေသေဘို့ ပြင်ထားကြတော့"

ကိုကျော်ဒင် စကားကြောင့် မိအုန်းမှာ ထိတ်လန့်၍ လာသည်။ မှန်ပါသည်။ ကိုကျော်ဒင်မှာ မော်လမြိုင် ပတ်ဝန်းကျင် ကမ်းရိုးတန်းတလျှောက်တွင် အလွန်နာမည်ကြီး နေသူဖြစ်၏။

သူ့နာမည်ကို မကြားဘူးသူမရှိ၊ မော်လမြိုင်မြို့သို့ အလွန်အရောက်အပေါက်နဲသော သူမပင် သူတို့ကျွန်းသို့ တခါတရံရောက်လာသော မွန်တံငါသည်များ ပြောပြချက်အရ ကိုကျော်ဒင် သတင်းကို ကောင်းစွာကြားဘူးနေပေပြီ။

မိအုန်းသည် သူ့ကိုယ်သူသေမှာ မကြောက်သော်လည်း

www.burmeseclassic.com


သူ့လင်နှင့် သူ့သားကို သေမှာကြောက်သည်။ သူ့ကိုယ်နစ်မွန်းမှာ မကြောက်သော်လည်း သူ့လင်နှင့် သူ့သားကို နစ်မွန်းမှာကြောက်သည်။

သူ ဘာလုပ်ရတော့မည်နည်း။

ကိုကျော်ဒင်ကို အလျှော့ပေးလိုက်ရတော့မည်လား။

တတက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်။

တစ်ချိန်က ယောက်ျား ပေါင်းများစွာနှင့် တွေ့ခဲ့ဘူးပြီး ဤအတွေ့တွင် နောကျေနေပြီ ဖြစ်သောသူ့အနေဖြင့် ယခု ကိုကျော်ဒင်နှင့် တွေ့၍ ဘယ်သို့ ထူးသွားမည်နည်း။

ညစ်ထေးနေသော လက်နှီးစုတ်တွင် အမဲ စက်မထင် သကဲ့သို့သာ ရှိမည်ဖြစ်၏။ ဘာမှ ဤအမဲစက် အသစ်ကြောင့် လက်နှီးစုတ်မှာ ထူးသွားမည်မဟုတ်။

ကိုကျော်ဒင် မိအုန်းတွေဝေသွားသည့်အဖြစ်ကို ချက်ချင်း သတိထားမိလိုက်၏။ သူ, မွန်မလေး မိအုန်း၏ ပျော့ကွက်ကို ကိုင်လိုက်မိလေပြီ။ သူသည် သစ်တုံးထိုင်ခုံတွင် ထိုင်နေရာမှ ဖြေးလေးစွာ မတ်တတ်ရပ်လိုက်သည်။

"ဘယ့်နဲ့လဲ ပစ်လေကွာ၊ မင်းပစ်ရဲတယ်ဆို"

မိအုန်းမှာ ဘာမှပြန်မပြော။ ကိုကျော်ဒင်၏ မျက်နှာကိုသာ စိုက်ကြည့်၍ နေသည်။ အသက်ချင်းသာလဲရမည်ဆိုလျှင် ကိုကျော်ဒင်လို လူမျိုးအတွက် သူ့အသက်နှင့်ပင်လဲဖို့ ဝန်မလေး။

www.burmeseclassic.com


ခုတော့ခက်သည်။ အလွန်ခက်သည်။ ကိုကျော်ဒင် ကို သတ်လိုက်မိလျှင်၊ သူ့အသက် တစ်သက်တာမဟုတ်။ သူ အလွန်ချစ်သော သူ့လင်နှင့် သူ့သားအတွက်ပါ အဆစ်ပါကြရ တော့မည်။

သူ့ဤအဖြစ်ကို မည်သို့မျှ ရင်မဆိုင်ဝံ့ပါ၊

မိအုန်း ရင်ထဲတွင် ထူပူလျက်ရှိ၏။ ကိုကျော်ဒင် အလိုကို လိုက်ချင် စိတ်များလည်း တဖြည်းဖြည်း အလေးသာ၍ လာလေပြီ။

'မင်း လိမ်မာသားနဲ့ မိအုန်းရယ်။ ဘာဖြစ်လို့ ငါ စိတ်တိုအောင် လုပ်ရတာလဲ။ ဟဲ. . . ဟဲ"

ကိုကျော်ဒင်၏ စောစောက ဒေါသအခိုးအငွေ့များနှင့် လျှမ်းလျှမ်းတောက်လျက်ရှိသော မျက်နှာမှာ၊ ပျားသကာ လူး ထားသည့် မျက်နှာလိုချိုပြ၍ သွားလေပြီ။ သူသည် ပြောပြော ဆိုဆို မိအုန်းနားသို့ ချဉ်းကပ်၍လာသည်။

"ဒိုင်း. . . "

"ရှင်. . . အနားမကပ်နဲ့နော်။ ဒါ ကျွန်မ နောက်ဆုံး သတိပေးတာ"

စောစောက အလျှော့ပေးတော့မည်ဟု ဆုံးဖြတ်ထား သော မိအုန်းစိတ်မှာ တမုဟုတ်ခြင်း အဘယ်ကြောင့် ပြောင်းလဲ သွားသည် မသိ။ လက်တွင် ကိုင်ဆောင်ထားသော ပစ္စတို သေနတ်မှ ကျည်ဆန်တထောင့်ကို ဗိုလ်ကျော်ဒင် မထိအောင် ချောက်၍ပစ်လိုက်ပြီး၊ ရှေ့တိုးလာနေသော ကိုကျော်ဒင်

www.burmeseclassic.com


ခြေလှမ်းများကို ရပ်သွားစေခဲ့၏။

ဤသေနတ်သံမှာ ဗိုလ်ကြီးထွန်းမြင့်တို့သားအဖ ချောင်းကူးနေချိန်၌ ကြားလိုက်ရသော သေနတ်သံပင် မဟုတ်ပေလား။

ကိုကျော်ဒင်သည် သူမမျှော်လင့်သော သေနတ်သံကြောင့် ရုတ်တရက် ထိတ်လန့်၍သွား၏။ နောက်မှ မိအုန်းသူ့ကို ချောက်လှန့်သည့်သဘောဖြင့် ချော်ပစ်သည့်အဖြစ်ကို သိပြီး မိအုန်းကို ဆက်ဆုပ်စွာ စိုက်ကြည့်လိုက်၏။

"တောက်-ခွေးမ၊ ခုထိ အစွယ်မကျိုးသေးဘူး"

"ဝုန်း" ကနဲဘေးမှ ထိုင်ခုံတလုံးကို ကိုကျော်ဒင်သည် ကန်ပစ်လိုက်သည်။ နှုတ်မှလည်း အယုတ်တမာမျိုးစုံကို ဆဲဆိုလိုက်၏။ သို့သော် သူသည် မိအုန်းအနားသို့ မကပ်ဝံ့တော့။ အဝေးမှသာ ဆဲဆို၍ သက်မဲ့ဝတ္ထုများကို ကန်ကြောက်ခြင်း၊ ရိုက်ပုတ်ခြင်း ပြုလုပ်၍ နေသည်။

ထိုအချန်၌ပင် အဝေးမှပြေးလာနေသော ခြေသံများကို သူတို့ကြားလိုက်ရပြီး စက္ကန့်ပိုင်းအတွင်းမှာပင် ဗိုလ်ကြီးထွန်းမြင့် ရောက်လာခဲ့သည်။

"ဟော့ . . ဘာဖြစ်တာလဲ မိအုန်း"

ဗိုလ်ကြီးထွန်းမြင့်သည် အိမ်တွင်းသို့ ပြေးဝင်လာလာချင်း၊ မိအုန်းကို လှမ်းမေးလိုက်သည်။ မိအုန်းသည် ရုတ်တရက် အဖြစ်မှန်ကို ရှင်းပြလိုက်မည်ဟု စိတ်ကူး၏။ သို့သော် ဗိုလ်ကြီးထွန်းမြင့်သည် ဒေါသအလျှောက် ကိုကျော်ဒင်ကို သတ်လိုက်

www.burmeseclassic.com


မိလျှင်ဒင်း၊ နာကျည်းအောင်ပြုမိလျှင်ဒင်း၊ ကိုကျော်ဒင် တပည့်များ ရောက်လာသည့်အချိန်၌ သူတို့ရင်ဆိုင်ရမည့် ဘေးကို တွေးပြီး ဗိုလ်ကြီးထွန်းမြင့် စိတ်ပြေရာ ပြေကြောင်း လည်ဆယ်၍ပြောလိုက်၏။

"ကျည်ဆန်မတော်တဆ ထွက်သွားလို့ပါအမူ။ ကျမ အံထဲက သေနတ်ကို ထုတ်လိုက်တာ။ ခလုတ်ကို လက်နှင့် ဘယ်လိုထိမိသွားလဲ မသိဘူး"

ဗိုလ်ကြီးထွန်းမြင့်သည် မိအုန်းစကားကို မယုံပါ။ သို့ ဘာမှ ဆက်မမေးတော့။ ဘာမှလည်း ဆက်၍မဆူ၊ မိအုန်း ဖောက်ပြန်နေပြီလား၊ ရုတ်တရက်မူ ဤသို့ပင် တွေးလိုက်၏။

တစ်ချိန်က နတ်သမီးဖြစ်ခဲ့ဖူးသော မိန်းကလေးသည် ဖောက်ပြန်ချင်လျှင်လည်း အလွယ်တကူ ဖောက်ပြန်မည်။ အို. . . နတ်သမီးဖြစ်ဖူးသော မိန်းမကို မဆိုထားနှင့်၊ နတ်သမီး မဖြစ်ဘူးတဲ့ မိန်းမတွေတောင် ဖောက်ပြန်ချင် အလွယ်တကူ ဖောက်ပြန်ကြသေးတာပဲ၊ ဗိုလ်ကြီးထွန်းမြင့်သည် ဤအတွက် အမျက်မပွား။

သူသည် အိမ်ထောင်ရေးတွင် သွေးသားကိစ္စနှင့် ပတ်သက်၍ အထူးခွင့်လွှတ်ခြင်းဖြင့် ကိုယ်ချင်းစာပြီး ဆက်ဆံ ရန် ဆုံးဖြတ်ထားသူဖြစ်၏။ မိအုန်း ကိုကျော်ဒင်နှင့်သာယာ၍၊ ကိုကျော်ဒင်နောက် လိုက်သွားဦးလည်း သူမမှုပါ။

လူသားတို့၏ မူလအကျင့်စရိုက်ကိုက ကမ္ဘာဦးမှစ၍ ရေကြည်ရာ မြက်နုရာဒေသ ရှာဖွေပြီး ပြောင်းရွှေ့နေထိုင်လှုပ်

www.burmeseclassic.com


ရှားသွားလာ နေခဲ့ကြသည် မဟုတ်လား။

အချစ်တွင်လည်း ဤသဘောသာ ဆောင်နေလိမ့်မည်ဟု ယူထား၏။ သို့သော် မိအုန်းကို ဖြစ်နိုင်လျှင် သူ့ကို ခွဲမသွားစေချင်ပါ။

ကိုကျော်ဒင်သည် ဗိုလ်ကြီးထွန်းမြင့် ပြေးဝင်လာစက သူနှင့် ရန်ပွဲတပွဲတော့ အကြီးအကျယ်နွှဲရတော့မည်ဟု ထင်မှတ်ထားခဲ့၏။

သူမျှော်လင့်သလိုမဖြစ်။

မိအုန်းနှုတ်မှ ထွက်လာသော စကားများကို ကြားလိုက်ရသည်ဆိုသည်နှင့်ပင် သူ့စိုးရိမ်စိတ်များမှာ မီးကျည်းများကို ရေနှင့်လောင်းချသကဲ့သို့ပင် ပျောက်သွားတော့သည်။

သူသည် အရဲရှိရာ အိမ်ပြင်သို့ ဖြေးလေးစွာ လျှောက်ထွက်သွားခဲ့သည်။

+ + +

မိအုန်းသည် ထိုညတစ်ညလုံး အိပ်မပျော်နိုင်အောင် ဖြစ်နေခဲ့သည်။ သူ့မျက်စိထဲတွင် ကိုကျော်ဒင်နှင့် နေ့ခင်းက ဖြစ်ခဲ့သော အဖြစ်အပျက် အားလုံးကိုသာ အသွင်အမျိုးမျိုးနှင့် မြင်တွေ့နေသည်။ ဤမြင်ကွင်းများကို သူမည်သို့မျှ ဖျောက်ဖျက်၍မရတော့ပါ။

"ငါ ဘာလုပ်ရမှာလဲ။ သူ့အလို လိုက်လိုက်ရင်ပဲ ကောင်းမလား။ အမူကို ဖွင့်ပြောပြီး ဒီကျွန်းက မော်လမြိုင်ဘက်

www.burmeseclassic.com


ထွက်ပြေးကြရင်ပဲ ကောင်းမလား”

မိအုန်းသည် မည်သို့မျှ ဆုံးဖြတ်ချက်ချ၍ မရ၊ သူ ဆုံးဖြတ်ရန် ရည်ရွယ်လိုက်သည့် ဆုံးဖြတ်ချက်အတိုင်း၏ နောက်တွင် ပြဿနာလေးများက တမျိုးမဟုတ်တမျိုး အသွင် အမျိုးမျိုးဖြင့် ကပ်ငြိလျက်ရှိ၏။

အချိန်မှာ ည(၂)နာရီခန့်ရှိပေပြီ။

အလွတ်ကွှန်းတစ်ခုလုံးမှာ နှစ်ခြိုက်စွာ အိပ်မောကျလျက်ရှိ၏။

မိအုန်းမှာ သူ့အဖြစ်ကို တွေးရင်းတွေးရင်း ဝမ်းနည်း၍ လာသည်။ ချုန်းမဲချ၍ ငိုပစ်လိုက်ချင်စိတ်များလည်း ပေါ်၍လာ၏။

သူသည် လွယ်လွယ်နှင့် မျက်ရည်ကျတတ်သော မိန်းမ မဟုတ်။ လောကကြီး၏ အဆိုး အကောင်း။ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ အားလုံးကို စိမ်းစိမ်းကြီး ကြည့်ဝံ့သူ ဖြစ်၏။

စိတ်ညစ်သည်။

အလွန်မှ စိတ်ညစ်လှပါသည်။

ခုဖြစ်နေကြသည်မှာ သူ့အရေးမဟုတ်။ သူ့အရေးသာ ဆိုလျှင် သူသည် သေပစ်လိုက်ရန်လည်း ဝန်မလေး။

ကိုကျော်ဒင်နှင့် အတူအိပ်ပစ်လိုက်ရန်လည်း အကြောင်းမဟုတ်။ ခုအရေးမှာ သူ့သားအရေး၊ သူ့လင်အရေး ဖြစ်သည်။

သူသည် သူ့လင်ကို လင်အနေဖြင့်လည်း ချစ်သည်။

www.burmeseclassic.com


ဖခင်အနေဖြင့်လည်း အားထားသည်။

အရှင်သခင် အနေဖြင့်လည်း ကိုးကွယ်သည်။

သူသည် သူ့လင်အပေါ်တွင် မည်သည့် နည်းနှင့်မျှ သစ္စာမဖောက်ချင်။

တစ်ချိန်က မည်သို့ပင် ပျက်စီးခဲ့သည့် မိန်းကလေး ဖြစ်ခဲ့ဖူးသော်လည်း ခုဖြစ်နိုင်လျှင် သူ့လင်အပေါ် အတတ်နိုင်ဆုံး သစ္စာစောင့်သိ ပြလိုက်ချင်သည်။

ခုအဖြစ်မျိုးတွင် သူ့လင်အပေါ်မည်သို့ သစ္စာစောင့်ရမည်နည်း။

သစ္စာစောင့်နေလျှင် ကိုကျော်ဒင်၏ ဘေးမှ ဘယ်အခါမှ ဝေးမည်မဟုတ်။

သူ့အသက်သာ မဟုတ်၊ သူ့လင် အသက်၊ သူ့သား အသက်ပါ မကြာမီ ရန်ရှာခံကြရတော့မည်။

သူသစ္စာဖောက် လိုက်ရတော့မည်လော။

သူသည် မဖော်ပြတတ်အောင် အထူးဝမ်းနည်း၍ လာသည်။

အပူလှိုင်းများ ဆို့နင့်၍လာသည်။

မျက်ရည်ဥများမှာ တင်းထားသော မျက်လုံးအိမ် အထက်မှ ပြေး၍ ပြေး၍ လိမ့်ဆင်းလာခဲ့ကြ၏။

သူငိုလေပြီ။

ဗိုလ်ကြီးထွန်းမြင့်သည် မည်သို့ အိပ်ပျော်နေရာမှ နိုးလာသည် မသိပါ။ ရှေးဦးစွာ အိပ်ပျော်နေသကဲ့သို့ ငြိမ်၍

www.burmeseclassic.com


ကြည့်နေပြီး မိနစ်အနည်းငယ်ကြာမှ မျက်ရည်များနှင့် လွမ်းနေသော မိအုန်းမျက်နှာလေးကို ညင်သာစွာဆွဲယူ၍ သူ့ရင်တွင်း ဖိကပ်ထားလိုက်တော့၏။

မိအုန်း အားလျော့လိုက်လေပြီ။

သူမစိတ်ကို အသံမထွက်အောင် မည်မျှ တင်းထားသေးသော်လည်း ရှိုက်သံသဲ့သဲ့မှာ ဗိုလ်ကြီးထွန်းမြင့် ရင်ခွင်ကြားမှ ထွက်ပေါ်လျက်ရှိ၏။

မိအုန်းဘာကြောင့် ငိုနေသည်ကို ဗိုလ်ကြီးထွန်းမြင့် ထိုညက မမှန်းဆနိုင်ခဲ့ပါ။

\+ + +

မိုးသောက်ခဲ့ပြန်လေပြီ။

ဗိုလ်ကြီးထွန်းမြင့်နှင့် မိအုန်းသည် နံနက်အစောကြီး ငါးထောင်ရန်အတွက် ပလိုင်းတခုစီနှင့် ကမ်းစပ်သို့ ဆင်းသွားခဲ့ကြသည်။ ကိုကျော်ဒင်နှင့် အရဲမှာ တဲရှေ့တွင် ရင်းနှီးစွာ ဒိုးခွေတမ်း ကစားလျက်ရှိ၏။

"ဦးလေး ကျွန်တော်နိုင်တာ သုံးပွဲရှိပြီနော်။ နောက်နှစ်ပွဲနိုင်လို့ ငါးပွဲပြည့်ရင် ကျွန်တော်စီးရတော့မယ်။ ဦးလေး မညာနဲ့နော်"

"မညာပါဘူး အရဲရဲ့။ မင်းလေးပွဲဆက်နိုင်အောင်ပဲ ကစားစမ်းပါဦး"

ကိုကျော်ဒင်မှာ ခလေးများအကြိုက်ကို အလွန်သိသူဖြစ်၏။ သူအရဲနှင့် ရင်းနှီးချင်သည်။

www.burmeseclassic.com


အရဲနှင့် ရင်းနှီးချင်သည်မှာ အကြောင်းမဲ့ မဟုတ်။ အရဲနှင့် ရင်းနှီးမှ ဗိုလ်ကြီးထွန်းမြင့်တို့ အိမ်တွင်းရေးအကြောင်း၊ အလွှတ်ကျွန်း လျှို့ဝှက်ချက်များအကြောင်းကို စုံစမ်းနိုင်မည် မဟုတ်လား။

အရဲသည် အလွှတ်ကျွန်းပေါ်၌ ကစားဖော်မရှိ တစ်ဦးတည်းနေရသူ ဖြစ်၏။ ကစားဖော်ကို အလွန်လိုချင်နေသည်။ ကိုကျော်ဒင် သူနှင့် အရောတဝင်ရင်းနှီးစွာ ကစားသောအခါ သူအလွန် ဝမ်းသာသည်။ ကိုကျော်ဒင် အလွှတ်ကျွန်းမှ ပြန်သွားမည်ကိုပင် စိတ်ထဲမှ စိုးရိမ်လျက်ရှိ၏။

"ဦးလေးကို ကျွန်တော်တခု မေးရဦးမယ်။ မနေ့က ချောင်းကူးကြတုန်း ဦးလေးကို ကျွန်တော်မေးခဲ့တယ် မဟုတ်လား။ ကျွန်တော် မုန်တိုင်းကျတဲ့ ညက ဘာတွေ့ခဲ့တယ် ဆိုတာလေ"

အရဲသည် ဒိုးစိမ်ရန် ဟန်ပြင်နေသော ဗိုလ်ကျော်ဒင်ကို ဘေးမှရပ်၍ မနေ့က မပြတ်သေးသော စကားကို ပြန်စလိုက်၏။

"မင်းဘာတွေ့ခဲ့တယ်ဆိုတာ ငါ ဘယ်နှယ်ပြောနိုင်မှာလဲ အရဲရဲ့။ မင်းတွေ့ခဲ့တယ်ဆိုတဲ့ဟာက စိတ်ဝင်စားဘို့ ကောင်းမယ်လား. . . ငါမထင်ပါဘူး"

ကိုကျော်ဒင်သည် သူ့လက်ထဲမှ ဒိုးကို သဲပေါ်ဆွဲထားသော စည်းဝိုင်းလေးအတွင်းသို့ ပစ်သွင်းလိုက်၏။ ဒိုးမှာ တဝက်ဝင် တဝက်ထွက်ဖြစ်နေသည်။

www.burmeseclassic.com


"အို- စိတ်ဝင်စားဘို့ကောင်းပြီလား ဦးလေးရဲ့၊ ဦးလေး သိရင် သိပ်အံ့ဩသွားမယ်"

အရဲမှာ မခံချင်စိတ်ဖြင့် ပြန်ပြောလိုက်သည်။ ကိုကျော်ဒင်မှာ ဒိုးကြောင့် ပေသွားသော သူ့လက်ဖဝါးမှ ဖုန်မှုန့်များကိုခါရင်း အရဲပို၍ မခံချင်အောင်. . .

"ငါ အံ့ဩစရာဆိုလို့ မင်းတို့ကျွန်းပေါ်မှာ မရှိနိုင်ပါဘူး၊ လောကမှာ ငါမမြင်ဘူးတာမှ မရှိဘဲကွ"

"အောင်မယ် ဦးလေးက ကြွားလိုက်တာ၊ ကျွန်တော် မြင်ခဲ့တာ ဦးလေးမမြင်ဖူးပါဘူး"

"ကဲ- ဒါဆိုရင်ပြောစမ်း"

"ဟင့်အင်း- ကျွန်တော်က အလကား မပြောနိုင်ဘူး။ ဦးလေးကျွန်တော့်ကို အိမ်တပတ် ကုန်းပိုးစီးခွင့်ပေးမှ ပြောမယ်"

အရဲက ကိုကျော်ဒင်ကို ဈေးဆစ်လိုက်သည်။ ကိုကျော်ဒင်မှာ အရဲစကားများ ထူးဆန်းနေသလိုလို၊ သူ့ စိတ်ထဲတွင် ထင်လိုက်မိ၏။ ဒီခလေးဘာများ တွေ့ထားပါလိမ့်"

"ကိုင်း- စီးခွင့်ပေးမယ်တဲ့ဗျ။ ပြောစမ်းပါဦး"

"ဦးလေးဘယ်သူ့ကိုမှ ပြန်မပြောရဘူးနော်"

"မပြောပါဘူး ခလေးရဲ့"

"ကျွန်တော် ပင်လယ်ဖျံနီတွေ တွေ့လာတယ်"

ကိုကျော်ဒင်နား အနားသို့ကပ်ပြီး အရဲသည် အသံကို နှိမ့်၍ ပြောလိုက်၏။ ကိုကျော်ဒင် ကိုယ့်မှာ ရုတ်တရက် လေထဲမြောက်တက်သွားသကဲ့သို့ရှိ၏။

www.burmeseclassic.com


"ဟုတ်ရဲ့လား အရဲရဲ့"

"သိပ်ဟုတ်တာပေါ့ ဦးလေးရဲ့၊ ကျွန်တော့် အဘကို တောင်ပြပြီးပြီ"

"အင်း- မင်းအဘကိုတောင် ပြပြီးပြီ၊ သူမပစ်လိုက်ဘူးလား"

"မပစ်ပါဘူး၊ ကျွန်တော့်ကို မပစ်ပါဘူးလို့ ကတိပေးထားတဲ့အတိုင်း မပစ်ဘဲကြည့်ပြီး ပြန်လာခဲ့တယ်"

"ဒါဖြင့် ငါဘယ်မှာ သွားကြည့်ရမလဲ"

ကိုကျော်ဒင် စိတ်ဝင်စား၍ လာလေပြီ။ သူသည် ဘီလူးကျွန်းတဝိုက် ပင်လယ်ပြင်တွင် ကျက်စားလျက်ရှိသူမို့၊ ပင်လယ်ဖျံနီများအကြောင်းကို အထိုက်အလျောက်ကြားထားဘူးသည်။

ပင်လယ်ဖျံတကောင် သားရေမှာ အဘယ်မျှ တန်ဖိုးရှိသည်ကို သူကောင်းစွာသိ၏။

မုဆိုးလောကတွင် ဤဖျံတစ်ကောင်ရအောင် ပစ်ခတ်နိုင်ခြင်းမှာ မည်မျှဂုဏ်သရေရှိသည်ကိုလည်း သူကောင်းစွာ နားလည်သည်။

သူသည် အမဲလိုက်ခြင်းကို ဝါသနာပါလှသူ မဟုတ်။

သို့သော် ဖျံနီတစ်ကောင်ကို ပစ်ပြလိုက်ခြင်းဖြင့် သူ့အရည်အချင်းကို သူ့ပြိုင်ဘက်များ၊ သူ့ငယ်သားများအပေါ်တွင် ကြွားလိုက်ချင်သည်။

"နေရာကိုတော့ ဘယ်ပြောလို့ဖြစ်မလဲ၊ ဦးလေး သွား

www.burmeseclassic.com


ပစ်မှာပေါ့”

“ငါ မပစ်ပါဘူး ခလေးရဲ့၊ ငါ တခါမှမမြင်ဘူးလို့ ကြည့်ချင်လွန်းလို့ပါ။ ကဲ-ပြောစမ်းပါ အရဲရယ်”

အရဲသည် ခေတ္တတွေဝေ၍ စဉ်းစားနေသည်။ သူသည် လူစိမ်းများများနှင့် တွေ့ဘူးသူမဟုတ်။ တခါ လူစိမ်းအားလုံး ကိုလည်း သူ့အဖေကဲ့သို့ ကတိတည်မည်ဟု ထင်သည်။

“ဦးလေး တကယ်မပစ်ဘူးနော်”

“သြော်- မပစ်ပါဘူးဆိုမှ”

“ဒါဖြင့် ဦးလေး ကတိပေး. . . ကျိန်”

“ဘယ်လိုကျိန်ရမှာလဲ”

“ကျွန်တော် ဖျံနီလေးတွေကို မပစ်ပါဘူးလို့ ကတိပေး ပါတယ်။ ဒီ ကတိချိုးဖောက်ခဲ့ရင် ချက်ချင်းသေပါစေလို့”

ကိုကျော်ဒင်သည် အရဲ ကျိန်စေလိုသည့်အတိုင်း ကျိန်လိုက်သည်။

“ဟိုမှာ တောင်ကုန်းလေး တစ်ခုမြင်တယ် မဟုတ်လား ဦးလေး”

“အေး”

“အဲဒီ တောင်ကုန်းလေးရဲ့ အနောက်ဘက်နားမှာ ကန်လေးတခု ရှိတယ်။ အဲဒီ ကန်လေးမှာ ဖျံနီတကောင်ထဲ မဟုတ်ဘူး။ အဖေဖျံနီကြီးရယ်၊ အမေဖျံနီကြီးရယ်၊ ဖျံသားလေး သုံးကောင်ရှိတယ်”

ကိုကျော်ဒင်သည် ဖျံနီများရှိသည်ဟုဆိုသော ကန်

ကလေးသို့ ချက်ချင်းပြေး၍ သွားလိုက်ချင်သည်။ သို့သော် ချက်ချင်းမသွားသေး။ ရှေးဦးစွာ အရဲကို ဗိုလ်ကြီးထွန်းမြင့်တို့ ရှိရာ ရေဆိပ်သို့ညာ၍ လွှတ်လိုက်ပြီး တဲအတွင်းမှ ဗိုလ်ကြီး ထွန်းမြင့် အမဲပစ်သေနတ်ကိုရှာယူပြီးမှ ကန်ကလေးရှိရာသို့ သုတ်ခြေတင် သွားခဲ့၏။

+ + +

အချိန်မှာ နံနက် ၁၀-နာရီခန့်ရှိပေပြီ။

ကိုကျော်ဒင်သည် ဖျံနီများကိုပစ်ရန် အလွန်စိတ်စော လျက်ရှိ၏။ ကန်လေးသို့သွားရမည့် သမရိုးကျလမ်းမှာ အရဲ နေ့စဉ်သွားသကဲ့သို့ သောင်ပြင်ဘက်မှ မြေပြန့်အတိုင်း ကွေ့ပတ်သွားရမည် ဖြစ်၏။

ကိုကျော်ဒင်သည် ကန်ရှိရာသို့ အမြန်ရောက်ချင် နေသည်။ သူသည် လမ်းရိုးအတိုင်း မသွားချင်။ ဖြတ်လမ်း လိုက်ချင်သည်။ ဖြတ်လမ်းမှာ ဗိုလ်ကြီးထွန်းမြင့်တို့ တနေ့က သွားသည့် တောင်ကြားအတိုင်း လိုက်ရမည် ဖြစ်၏။

ကိုကျော်ဒင်မှာ တောလိုက် ဝါသနာပါသူ မဟုတ် သဖြင့် တောတွင်းသွားရမည့် လမ်းကို မရွေးတတ်။ ထို့ကြောင့် အရှေ့ဘက် ကောင်းကင်ပြင်တွင် နေရှိ၍ အရိပ်လွတ်သော အနောက်ဘက် တောင်ကြောကို ရွေးရမည့်အစား အရှေ့ တောင်ကြောကို ရွေး၍ ဆောလျင်စွာ လျှောက်သွားနေခဲ့၏။

ကန်အနားသို့ နီးလာလေပြီ။ ဗိုလ်ကျော်ဒင်မှာ ကန် အနားသို့ နီးလာလေ စိတ်စောလာလေ ဖြစ်၏။ သူသည်

www.burmeseclassic.com


ကန်စပ်မှ ဆယ်ပေခန့်အကွာ ရောက်သည်နှင့် ခြေဖွ၍ နင်းပြီး ကန်ပြင်တွင် ပင်လယ်ဖျံနီများကို ရှာဖွေကြည့်သည်။

သူတွေ့လေပြီ။

ပင်လယ်ဖျံနီ မိသားစုတခုလုံးမှာ ကန်လယ်တွင် ရေကူးကစားလျက်ရှိ၏။ လိုက်သူလိုက်၊ ပြေးသူပြေး ရေငုပ် သူငုပ်နှင့်။

ကိုကျော်ဒင်သည် သူ့ အမဲပစ်သေနတ်ချိန်တိုင်မှ ချိန်ပေါက်လေးကို ကိုက်တစ်ရာအမှတ်သို့ ရွှေ့ချလိုက်၏။ ထို့နောက် သေနတ်ဒင်ကို ပခုံးတွင်ကပ်ပြီး ဖျံနီမိသားစုထဲတွင် အကြီးဆုံးဖြစ်သော ဖျံထီးကြီးကို ရွေး၍ချိန်လိုက်၏။ ဖျံထီး ကြီးမှာ သတ်ကွင်းအတွင်းသို့ရောက်၍နေလေပြီ။ သူသည် သေနတ်၏ ပထမမောင်းကို ဆွဲလိုက်သည်။

"ချွတ်"

သူ့နောက်ဖက်မှ ရုတ်တရက် သစ်ကိုင်းခြောက် နင်းမိ၍ ထွက်လာဟန်ရှိသော အသံတသံကို ကြားလိုက်ရ၏။ သူသည် ရုတ်ခြည်းနောက်သို့ လှည့်လိုက်၏။

"အောင်မလေးဗျ"

"ဒိုင်း. . . "

လန့်အော်လိုက်သံနှင့် သေနတ်သံမှာ တချိန်တည်းမှာ လိုလိုပင် ထွက်ပေါ်လာကြသည်။

ဝက်ဝံကြီး။

ဝက်ဝံညိုကြီး။

www.burmeseclassic.com


တစ်နေ့က ဗိုလ်ကြီးထွန်းမြင့် တို့ သားအဖတွေ့ခဲ့ကြသော ဝက်ဝံအိုကြီးမှာ အဘယ်သို့ ရောက်လာခဲ့သည် မသိပါ။

ကိုကျော်ဒင် လှည့်ကြည့်၍ မြင်လိုက်ရသောအခါ၌ သူ့ထံမှ သုံးပေခန့်သာ ဝေးပေတော့မည်။ သူသည် စဉ်းစားနေမှု မဆိုင်းဘဲ လက်တွင်အသင့် ယမ်းထိုးထားသော သေနတ်နှင့် ပစ်ထည့်လိုက်၏။ ဝက်ဝံကြီး ရင်အုံတည့်တည့်ကိုလည်း ထိမှန်သွား၏။

သို့သော် သူကိုင်ထားသည့် အမဲပစ်သေနတ်မှာ ဒဿမ သုံးသုညသုံး ရိုင်ဖယ်သေနတ် ဖြစ်သဖြင့် ထိုသေနတ်၏ ကျည်မှာ ဖောက်အားသာကောင်းသည်။

ထိချက်မကောင်း။

ထို့ကြောင့် ဝက်ဝံကြီးမှာ ချက်ချင်းမသေ။

လဲမသွား။

ကိုကျော်ဒင်ထံသို့ အရှိန်အဟုန်ပြင်းစွာဖြင့် တိုးကပ်လာပြီး၊ သူ၏ ကြီးမားသော လက်သဲရှည်ကြီးများဖြင့် ကိုကျော်ဒင် တကိုယ်လုံးကို ကုတ်ဖွဲ့ပစ်လိုက်တော့သည်။

သေနတ်သံကြောင့် ရေကန်အတွင်းရှိ ပင်လယ်ဖျံနီ မိသားစုမှာလည်း ဘယ်ရောက်ကုန်ကြသည်မသိ။ အစအနမျှ ရှာ၍မရအောင် ကြောက်ကြောက်နှင့် ပြေးကြပေပြီ။

ဗိုလ်ကြီးထွန်းမြင့်နှင့် မိအုန်းမှာ ငါးတန်းချနေကြရာမှ 'ဒိုင်း. . .' ကနဲ သေနတ်သံကို ကြားလိုက်ရသောအခါတွင် ရင်ထဲတွင် ထိတ်ကနဲ ပြိုင်တူဖြစ်သွားခဲ့ကြ၏။ ရုတ်တရက်

www.burmeseclassic.com


သူတို့နှစ်ဦးလုံး ဘယ်အရပ် ဒေသမှလာသော သေနတ်သံဟူ၍ မခွဲခြားနိုင်ကြ။ တစ်မိနစ်ခန့်ကြာမှ တောင်ကုန်းလေးအနီးမှ လာသော သေနတ်သံဖြစ်မှန်း တွေးဆနိုင်ကြပြီး. . .

“ဟော့ ဟိုလူ အရဲမိတ်ဆွေတွေကို သွားပစ်နေပြီ ထင်တယ်။ အရဲကော ပါသွားသေးလား မသိဘူး လိုက်ကြဦးစို့”

နှစ်ဦးသားအတူ တောင်ကုန်းလေးရှိရာသို့ အပြင်း ပြေးသွားခဲ့ကြသည်။

မွန်းတည့်လုပေပြီ။

ကောင်းကင်ပြင်တွင် တိမ်ဟူ၍မရှိပါ၊ သမင်မ၏ မျက်လုံးကဲ့သို့ ကြည်လင်ပြာလဲ့လျက်ရှိ၏။

ဗိုလ်ကြီးထွန်းမြင့်သည် တောင်ကုန်းအနီးသို့ရောက် သောအခါ၌ ဘေးမှပန်းပြီး ကန်လေးရှိရာသို့ ဦးတည်ပြေးသွား ခဲ့သည်။ မိနစ်အနည်းငယ်အတွင်းမှာပင် ကိုကျော်ဒင်နှင့် ဝက်ဝံအိုကြီးတို့ လဲလျက်ရှိသော နေရာသို့ ရောက်သွားခဲ့ကြ သည်။

“ဟင်. . . သူသေပြီ၊ အို. . . ဟိုမှာ ဝက်ဝံကြီးလဲ သေနေပါလား”

မိအုန်းသည် ဗိုလ်ကြီးထွန်းမြင့်နှင့် ရှေ့ဆင့်နောက်ဆင့် ရောက်လာခဲ့ပြီး ကိုကျော်ဒင်၏အဖြစ်ကို ကြည့်၍ အံ့သြစွာ ဗိုလ်ကြီးထွန်းမြင့်ကို လှမ်းပြောလိုက်၏။

“အေး. . . တော်တော်မိုက်တဲ့လူပဲ၊ ဒဿမ သုံးသုည သုံး ရိုင်ဖယ်နဲ့ ဝက်ဝံညိုကို လှမ်းပစ်လို့ ဘယ်ချက်ချင်း သေနိုင်

www.burmeseclassic.com


ပါ့မလဲ၊ ကိုယ်ပါ ဒုက္ခရောက်တော့မှာပေါ့၊ ငါမနေ့ထဲက ဒီ ဝက်ဝံအိုကြီးကို မြင်ခဲ့သားပဲ၊ ရိုင်ဖယ်ပဲပါလို့ မပစ်ဘူး၊ နောက်မှ နှစ်လုံးပြူးနဲ့ နှစ်ပတ်ခြောက်ကျည် သုံးပြီး ပစ်မယ်လို့ စိတ်ကူး ထားတာ”

“သူ ဒီကိုဘာလာလုပ်တာလဲ”

“အရဲ ပြောပြလိုက်လို့ ဒီကန်ထဲမှာ ဖျံနီတွေ ရောက် နေတာသိပြီး လာပစ်တာ ဖြစ်မှာပေါ့”

“ဖျံနီတွေ ဟုတ်လား၊ ဒီဖျံတွေက ဘယ်တုန်းက ရောက် နေကြတာလဲ”

ဗိုလ်ကြီးထွန်းမြင့်သည် မုန်တိုင်းကျသည့် ညက အရဲ စတွေ့ခဲ့ပုံမှစ၍ မိအုန်းကို အကျဉ်းရှင်းပြလိုက်၏။ မိအုန်းသည် ခေါင်းတညိတ်ညိတ်နှင့် ငြိမ်သက်စွာ နားထောင်နေပြီး ဗိုလ်ကြီး ထွန်းမြင့် စကားဆုံးသွားသောအခါမှ. . .

“အင်း. . . ဒါကြောင့် ဖြစ်မှာပဲ၊ကျွန်မတို့ အိမ်ထောင်စု မှာ ချက်ချင်း ကံဆိုးမိုးမှောင်ကျလာကြတာ၊ ခု- ဒီဖျံတွေ ဘယ် ရောက်ကုန်ပြီလဲ၊ ကောင်းတယ်၊ ကောင်းတယ် ကျွန်မတို့ မွန် တံငါတွေမှာ အယူရှိတယ်၊ ကျွန်မလဲ ဒီအယူကို ယုံတယ်။ ပင်လယ်ဖျံနီကို တွေ့ရင် ဘယ်တော့မှ ကံမကောင်းဘူး၊ ကံဆိုး မိုးမှောင် အန္တရာယ်ဆိုးတခုခုနဲ့ အမြဲရင်ဆိုင်ရတာပဲ”

ဗိုလ်ကြီးထွန်းမြင့်သည် မိအုန်း၏ အယူအစွဲကို ယုံကြည် လှသည် မဟုတ်သော်လည်း မည်သို့မှ အငြင်းမပွားတော့ပါ။ ကမ္ဘာပေါ်ရှိ အရပ်ဒေသ အမျိုးမျိုးကို ရောက်ခဲ့ဘူးပြီး

www.burmeseclassic.com


ကြမ်းတမ်းသော၊ ပင်လယ်ပြင်တွင် နှစ်ပေါင်းများစွာ နေလာခဲ့ဖူးသော သင်္ဘောသားတယောက်အနေဖြင့် ဒေသအလိုက် လူတို့စွဲလမ်းနေသော အယူအစွဲ အမျိုးမျိုးအကြောင်းကို ကြားဘူးသည်။

ဤအယူအစွဲများသည် တခါတရံ ထူးဆန်းတိုက်ဆိုင်စွာ ဖြစ်လာတတ်သည်ကိုလည်း သူအကြိမ်ကြိမ်တွေ့ဘူးပေပြီ။

သူ့အတွက် အထူးအဆန်း မဟုတ်တော့။

+ + +

ဗိုလ်ကြီးထွန်းမြင့်သည် မိအုန်းကို လက်တွဲ၍ ရေစပ်မှ သောင်ပြင်အတိုင်း ငါးမျှားတန်းများရှိရာသို့ အေးဆေးစွာ ပြန်လျှောက်လာခဲ့ကြသည်။

စင်ရော်ငှက်ကလေးများမှာ သူတို့ခေါင်းပေါ်မှ လေဟုန်စီးပြီး ကန့်ကလျ ပျံသန်းသွားလျက်ရှိ၏။ ဖွေးဖွေးဖြူလျက်ရှိသော လှိုင်းလုံးကြီးများမှာ ကမ်းခြေသို့ သူ့ထက်ငါဦးအောင် ပြေး၍လာနေကြသည်။

"ဟင်. . . အမူ၊ ဟိုမှာကြည့်စမ်း"

မိအုန်းသည် တလမ်းလုံးငြိမ်၍ လိုက်ခဲ့ရာမှ ပင်လယ်ပြင်၏ တနေရာသို့ ဗိုလ်ကြီးထွန်းမြင့်ကို ထိုးပြလိုက်၏။ ဗိုလ်ကြီးထွန်းမြင့်သည် မိအုန်းလက်ညှိုးထိုးပြသော နေရာသို့ စိုက်ကြည့်လိုက်ပြီး ချက်ချင်းနှုတ်က ဘာမှမပြောသေးဘဲ တမိနစ်ခန့်ကြာမှ. . .

"ဩော်. . . သူတို့ ကျက်စားရာ ပစိဖိတ်သမုဒ္ဒရာ

www.burmeseclassic.com


ဘက်ကို ပြန်ကူးသွားနေကြတာနဲ့ တူပါတယ်”

ဗိုလ်ကြီးထွန်းမြင့်သည် အလွန်ဝမ်းနည်းဟန်ဖြင့် ညည်းတွားလိုက်၏။

မှန်ပါသည်။

သူတို့ရှိရာမှ မိုင်ဝက်ခန့် အကွာ ပြာလဲ့ လျက်ရှိသော ပင်လယ်ပြင်ပေါ်တွင် ရွှေရောင်တောက်လျက် ရှိသည့် ဖျံနီများမှာ အနောက်တောင် အရပ်ဆီသို့ ဦးတည် ပြန်သွားလျက် ရှိကြ၏။

“အမူ. . .၊ ဒီဖျံနီတွေ မရလိုက်လို့ သိပ်ဝမ်းနည်းနေလားဟင်”

မိအုန်းသည် ချစ်လှစွာသော သူ့ခင်ပွန်းသည် မျက်နှာကိုကြည့်ပြီး မေးခွန်းထုတ်လိုက်၏။

“ဝမ်းတော့နည်းတာပေါ့ မိအုန်းရယ်၊ ငါ တစ်သက်လုံး တောင့်တမျှော်လင့်လာခဲ့တာ မဟုတ်လား”

“ဝမ်းမနည်းပါနဲ့ အမူရယ်၊ ကျွန်မကတော့ စိတ်မှာရှိတဲ့ အတိုင်းပြောရရင် ဒီဖျံနီတွေကို အမူမရစေချင်ဘူး၊ ဒီလို မရစေချင်တာက ကျွန်မတို့ မွန်တွေယုံသလို၊ ဒီဖျံတွေကြောင့် ကျွန်မတို့အပေါ် အန္တရာယ်ဆိုးတစ်ခုခု ကျမှာကို ကြောက်လို့ မဟုတ်ဘူး၊ ဒီဖျံနီတွေကို အမူရရင် ငွေတွေအများကြီးရမယ်၊ ငွေတွေ အများကြီးရရင် အမူမြို့ပေါ်ပြန်ချင် ပြန်သွားမယ်၊ ကျွန်မကို ပစ်ချင်ပစ်သွားမယ်၊ ကျွန်မ ငွေလဲ မလိုချင်ပါဘူး အမူရယ်၊ ကျွန်မကိုလဲ ဘယ်တော့မှ အမူပစ်မသွားပါနဲ့၊ ဒီကျွန်းမှာပဲ

www.burmeseclassic.com


တသက်လုံး ကျွန်မ အမူနဲ့အတူ နေစေချင်ပါတယ်”

ဗိုလ်ကြီးထွန်းမြင့်သည် မိအုန်းကို ဘာမှပြန်မပြောပါ။ သို့သော် အမြဲတမ်းတင်းလျက်ရှိသော သူ့မျက်နှာမှာ သွားလေးများပေါ်အောင်ပင် နှစ်ခြိုက်စွာပြုံးလိုက်မိ၏။

သူတို့နှင့် မလှမ်းမကမ်းတွင် ဒင်ကျီးငှက်သုံးလေးကောင်မှာ ငါးဖမ်းလျက်ရှိကြ၏။ တောခွေး သုံးလေးကောင်မှာမူ သောင်ပြင်ပေါ်တွင် နပန်းလုံးတမ်း ကစားလျက်ရှိကြသည်။ ထိုအချိန်၌ အရှေ့ဘက် ကောင်းကင်ပြင်တွင် ရောင်စုံသက်တန့်ကြီးတခု ပေါ်လျက်ရှိပြီး သက်တန့်ကြီးမှာ ကောင်းကင်ပြာကြီးနှင့် ရေပြင်ပြာကြီးကို ဆက်စပ်ပေးလျက်ရှိပေသည်။

**လေသူရဲတစ်ဦး**

**(၁၉၇၀ ခုနှစ် နိုဝင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းမှ)**

www.burmeseclassic.com

# ဆိပ္ပဗေဒါဂုပ္ပမီး

www.burmeseclassic.com

အချိန်မှာ တပို့တွဲလပြည့်ကျော်ခဲ့ပြီ၊ မကြာမီ တပေါင်းလဘက်သို့ ကူးတော့မည်။

နေရာမှာ၊ ဖော့တောရွာမြောက်ဘက် မိုးကုတ်ကားလမ်းလက်ပန်လှ လမ်းခွဲ ကျွန်းတောကြီးတွင် ဖြစ်၏။ ကျွန်းတောဟုဆိုသော်လည်း အခြားအပင်မျိုးစုံမှာလည်း ပါဝင်ရောယှက်ပေါက်လျက် ရှိကြ၏။

အမှန်တော့ တပို့တွဲ လပြည့်ကျော် အချိန်မှာ ဆောင်းဥတုကုန်ဆုံးသော အချိန် မဟုတ်သေးပါ။ သို့သော် ယခုနှစ်၊ နွေဦး ရောက်ချိန်စောသည်ဟု ဆိုရမည်။

ဆောင်းထွက်တော့မည်။

နံနက်ခင်းများ၌ပင်၊ နှင်းငွေ့ များကို လုံးဝမမြင်ရတော့။ အပူလှိုင်းများလည်း ပတ်ဝန်းကျင် တစ်ခုလုံးကို လွှမ်းခြုံစ ပြုလေပြီ။ လေညှင်းများမှာ၊ ရေခဲတောင်များရှိသော၊ မြောက်အရပ်ဘက်မှ တိုက်ခတ်လာခြင်း မရှိတော့။ ပင်လယ်သမုဒ္ဒရာရှိသည့် တောင်အရပ်ဘက်မှ တိုက်ခတ်စ ပြု၍နေပြီ။

www.burmeseclassic.com


ပူသောရာသီ သို့မဟုတ် နွေ။

နွေဦး။

မှန်သည်။ မြန်မာနိုင်ငံ နွေဦး၏ သင်္ကေတ တစ်ခု ဖြစ်သော ရွက်ဟောင်းများ၊ မြေခကြသည့် မြင်ကွင်းမှာ ရှုကြည့်လိုက်ရသည့် အရပ်မျက်နှာတိုင်းတွင်၊ မြင်တွေ့နေရ၏။ ကျွန်းတောကြီး တစ်ခုလုံး၏ မြေပြင်တွင် ရွက်အိုများ စုပုံနေ၏။ အချို့အရွက်များမှာ အဝါ၊ အချို့မှာ အညို၊ အချို့မှာ ရွှေအိုရောင်၊ အချို့မှာ သက်န်းရောင်၊ အချို့မှာ အဝါဘက်သို့ လုနေသည့်အရောင်မျိုးစုံနှင့် ရောနေ၏။ သီးခြားအရောင် အမည် တပ်၍မရ။

ဤကျွန်းရွက်များမှ အချို့မှာ နေ့ဘက်တွင် ကြွေခဲ့ကြခြင်းဖြစ်၏။ အချို့မှာ ညဘက်တွင် ကြွေခဲ့ကြခြင်းဖြစ်၏။ အချို့မှာ လေဒဏ်ကြောင့်၊ မြေခခဲ့ကြခြင်း ဖြစ်၏။ အချို့မှာ နှင်းဒဏ်ကြောင့်၊ မြေခခဲ့ကြခြင်း ဖြစ်၏။

မြေခလျက်ရှိသော၊ ကျွန်းရွက်များ၏ သဏ္ဍာန်မှာ ရင့်ရော်အိုမင်းသော၊ ရွက်အိုများ၏ သဘော သဘာဝအတိုင်း၊ စိုသော၊ အရည် ရွှမ်းသော အသွင်လုံးဝမရှိ။ ခြောက်သွေ့ တွန့်လိမ်နေ၏။ သို့သော် အံ့စရာကောင်းသည်မှာ ဤမြေခ ရွက်အိုများ၌ မူလနုပျိုစဉ်၊ ကျွန်းရွက်နုများ၌ရှိသော သင်းပျံ့ပျံ့ ကျွန်းရနံ့လေးများမှာ ကျန်နေကြဆဲပင် ဖြစ်၏။

နေထွက်ချိန်၌ နေရောင်သည် ဤမြေပေါ်မှ ရွက်အိုများပေါ်သို့ ကျလာတတ်၏။ ကျွန်းရွက်အိုများကို ပူနွေးစေ၏။

www.burmeseclassic.com


မြေပြင်ကို ကျွန်းရွက်လွှာစောင်ဖြင့်၊ လွှမ်းခြုံထားပေး သကဲ့သို့ ဖြစ်စေ၏။ ထို့ကြောင့် ခြများ၊ နွားချေးပိုးများမှာ၊ ဤရွက်အိုများ အကြားတွင် ပျော်နေ၏။ ဤရွက်အိုများမှာ၊ သူတို့အတွက် စားကျက်သစ်၊ အိုးအိမ်သစ်ကို ဖန်တီးပေးကြ သကဲ့သို့ ရှိ၏။

ကျွန်းတောကြီး အလယ်မှ၊ ကျွန်းပင်ကြီး တစ်ပင်၏ အကိုင်းတစ်ခု အထက်တွင် ယနေ့အထိ မြေမကျသေးသော ရွက်အို နှစ်ရွက်ရှိသည်။ တစ်ရွက်မှာ အညိုရောင်ဘက်ကို သမ်း နေ၏၊ ကိုညို။ တစ်ရွက်မှာ အဝါရောင်ဘက်ကို သမ်း၏၊ မဝါ။

ကိုညိုနှင့် မဝါမှာ၊ ကျွန်းရွက်များ၊ ပတ်ဝန်းကျင်တွင် ဘိုးသက်ရှည် ဘွားသက်ရှည်များပင် ဖြစ်၏။ သူတို့ အဘယ် ကြောင့် ခုအချိန်ထိ မြေမခဘဲ၊ အကိုင်း၌ တွယ်ကပ်နေနိုင်ကြ သေးသည့် အကြောင်းကို မည်သူမျှမသိ။

အကြောင်းတော့ ရှိရမည်။

မိုးကုတ်ဝန်းကျင်မှာ ဆောင်း၌လည်း မိုးရွာချင် ရွာ တတ်၏။ လေပြင်းကျချင်လျှင်လည်း၊ ကျတတ်၏။ သူတို့ ဤမိုးဒဏ်၊လေပြင်းဒဏ်များကိုလည်း ကြံ့ကြံ့ခံနိုင်ခဲ့၏။

အခြား ကျွန်းရွက်များ ကြွေပြီး၊ ကိုညို နှင့် မဝါတို့က မကြွေ။

ဘာကြောင့်နည်း။

အခြားရွက်များ မသိသော်လည်း ကိုညိုနှင့် မဝါတို့ ကမူ သိ၏။ သူတို့နှစ်ရွက်၏ ခိုင်မြဲသော၊ ချစ်ခြင်းမေတ္တာ၊ သစ္စာတရား ကြောင့်ပင် ဖြစ်၏။

www.burmeseclassic.com


ကိုညိုမှာ မဝါထက် အရွယ်ပိုကြီး သကဲ့သို့ အသက်လည်း ရက်အနည်းငယ်မျှ ပိုကြီး၏။ သို့သော် မဝါ၏ သဏ္ဌာန်က ပိုလှ၏။ ပို၍ လေအဖွေ့တွင် နွဲ့နိုင်၏။

သို့သော် မဝါမှာ၊ ဟန်ပန်နွဲ့ သကဲ့သို့ စိတ်ဓာတ်ကလည်း ပျော့၏။ ထို့ကြောင့် မိုးရွာချိန်၊ လေပြင်းတိုက်ချိန် လျှပ်လက်ချိန်များ၌၊ ကိုညိုက မဝါကို အမြဲအားပေးခဲ့ရ၏။

'မဝါရေ၊ တွယ်ထားနော်၊ အကိုင်းက မလွတ်သွားစေနှင့်၊ တွယ်ထားကြိုးစားပြီးသာ တွယ်ထား အချစ်ရယ်'

ညအချိန်။

အလင်းရောင်မဲ့ချိန်။

ကျွန်းတောတစ်ခုလုံး၊ ငြိမ်သက်ချိန်များ၌လည်း မဝါသည် မကြာခဏ ငြီးတတ်၏၊ အားလျော့စကားကို ဆိုတတ်၏။

'ကိုညိုရေ ကျွန်မကြွေရမယ့်အချိန် ရောက်လာပြီထင်တယ်၊ ရှင်ကတော့ မကြွေ နှင့်ဦးနော်'

'ဘာ မင်း ကြွေပြီး၊ ငါမကြွေရသေးဘူး ဟုတ်လား၊ ဒီမှာ မဝါ၊ ဒီကျွန်းပင်ကြီးမှာ မင်း မရှိတော့ဘဲ ငါတစ်ယောက်တည်း ဆက်ရှင်သန်နေလို့၊ ဘာအဓိပ္ပာယ်ရှိတော့မလဲ မဝါ၊ မင်း အသည်းထဲမှာ အမြဲစွဲနေအောင် မှတ်ထား၊ မင်း ကြွေပြီးတာနှင့် ငါလိုက်ကြွေမှာပဲ၊ ဒီကျွန်းပင်ကြီးမှာ အထီးကျန်ဘဝကြီးနှင့်တော့ ငါဆက်မနေဘူး'

'ကိုညို ရှင်အဓိပ္ပာယ်မရှိတဲ့ စကားတွေ မပြောပါနှင့် ကျွန်မတို့၊ ကျွန်းရွက်ဘဝဟာ၊ တစ်ရွက်ကြွေတာနှင့်၊ နောက်

www.burmeseclassic.com


တစ်ရွက်ကသာ ကြွေနေရရင် မခက်ဘူးလား၊ ဘဝဆိုတာ ရှင်သန်နိုင်သမျှ အမြဲရှင်သန်အောင် ကြိုးစားရမယ်၊ အထီး ကျန်ဘဝဆိုတာ မလွှဲမရှောင်သာတော့တဲ့အချိန်မှာ နေတတ်ရ မယ်၊ နေနိုင်ရမယ်'

'အဲဒါ တခြား လူအတွက်တော့ ဖြစ်ချင်ဖြစ်မယ်၊ ငါ့ အတွက်တော့ ဖြစ်မယ် မထင်ဘူး၊ ငါ့ဘဝ ရှင်သန်နေနိုင်ခြင်း တွေကတော့ မင်းအပေါ်မှာ၊ လုံးဝတည်နေတယ်၊ နေ့ဘက်မှာ လည်း မင်းအလှကိုကြည့်ရင်၊ အချိန်ကုန်စေခဲ့တာ၊ ညဘက်မှာ လည်း မင်းအနံ့ မင်းအတွေ့လေးတွေအပေါ် ကြည်နူးရင်း အချိန်ကုန်နေရတာ၊ တစ်ယောက်တည်း တစ်ရွက်တည်း ဟုတ်လား၊ ဒီကျွန်းပင်ကြီးပေါ်မှာ တစ်ယောက်တည်း တစ်ရွက် တည်းတော့ ဘယ်တော့မှ မနေဘူး'

'အင်း၊ ကိုညိုရယ်၊ ရှင်စကားလေးတွေ လှလိုက်တာ ကျွန်မဝမ်းသာလိုက်တာ ဒါပေ မယ့် ကိုညိုရယ် ဒီစကားတွေက အမှန်မှ မဟုတ်ဘဲ ရှင်ညာပြောတာ ကျွန်မ ခုအိုနေပြီ ကြည့် စမ်း၊ ကျွန်မ အရောင်က ငယ်ငယ်ကလို စိမ်းသေးရဲ့လား၊ အကြောတွေကလည်း ပေါ်နေပြီး၊ အသားတွေကလည်း တွန့် လိမ်လို့၊ အရင်တုန်းကလို လှတော့တာမှ မဟုတ်ဘဲ၊ ကျွန်မ ခန္ဓာကိုယ်မှာလေ ရှင့်အတွက် ကျန်သေးတာဆိုလို့ တစ်ခုဘဲ ရှိတော့တယ်၊ ဘာလဲ ရှင်သိလား။ အချစ် ဒီအချစ်ဘဲ ရှိတော့ တယ်'

'မဝါ တယ်ခက်တဲ့ ရွက်မလေးပါလား၊ လောက

www.burmeseclassic.com


ဓာတ်ကြီး အကြောင်း မင်း ဘာမှ မသိပါလား၊ လောကကြီးမှာ အချစ်ဆိုတာ ကျန်နေသေးရင်၊ ဘာလိုတာရှိသေးလဲ တို့မှာ အချစ်ဆိုတာ ကျန်သေးရင် ဒီကျွန်းပင်ကြီးရဲ့ အကိုင်းမှာ ယှဉ်တွဲပြီး ဆက်တွယ်နေကြဦးမယ်။ ဘယ်တော့မှ မကြွေ သေးဘူး၊ လောကမှာ အချစ်ထက်ကြီးမားတဲ့၊ စွမ်းအားဆိုတာ ဘာ ကျန်သေးတာရှိလို့လဲ၊ တို့ မိုးဒဏ်ကိုလည်း ဆက်ကြံ့ကြံ့ ခံမယ်၊ လေဒဏ်ကိုလည်း ဆက် ကြံ့ကြံ့ခံမယ်၊ ဘယ်မုန်တိုင်းမှ လည်း တို့ဘဝကို၊ ပျက်စီးအောင် မဖျက်ဆီးနိုင်ပါဘူး၊ နောက် တစ်ခု ကိုယ့်နှလုံးသားထဲမှာ ရှိတာကို ပြောပြရဦးမယ် မဝါ၊ ကိုယ်လေ မင်းကိုချစ်တာ ငယ်ငယ်တုန်းကထက်တောင် ပိုချစ် သေးတယ်'

'ဟင် ကိုညို ရှင် ကျွန်မကို အရင်က ထက်တောင် ပိုချစ်သေးတယ် ဟုတ်လား၊ ဒီမှာ ကြည့်ပါဦး၊ ကျွန်မအရောင်က အစိမ်းရောင်က အဝါရောင်ကို လုံးဝ ပြောင်းသွားပြီ'

'ပြောင်းရော ဘာဖြစ်လဲ မဝါ၊ အစိမ်းရောင်က အဝါ ရောင်ထက် ပိုလှတယ်လို့ ဘယ်သူပြောလဲ၊ အရောင်တိုင်းဟာ သူ့ဟာနှင့် သူတော့ လှတာတွေကြီးပဲ'

မဝါသည် ကိုညို၏ စကားကြောင့် အလွန်ကြည်နူး၍ သွား၏။ တစ်ချိန်တည်းတွင် ရင့်ရော်၍ ကြွေချိန်တန်ပြီ ဖြစ် သော ကိုညို၏ ဘဝအတွက်လည်း စိတ်တွင်းမှ တွေးပူနေမိ၏။ မှန်သည်။ ရက်ပိုင်းအတွင်း၌ လေပြင်းတစ်ချက် ဝှေ့လိုက်ချိန် တွင် ကိုညို သည် သူတွယ်နေသော အကိုင်းထက်မှ ဖယ်ခွာ၍

www.burmeseclassic.com


လေတွင် လွင့်ပါသွား၏။ လွင့်ပါသွား သော ကိုညို၏ ခန္ဓာကိုယ်မှာ လေတွင် လွန့်လူး ပြီး၊ ငြင်သာစွာ မြေပြင်ပေါ်သို့ သက်ဆင်း၏။

တစ်ရှက်ကြွေခဲ့ပြီ။

မဝါသည် ကိုညိုခွဲခွာသွားချိန်မှစ၍ သူသည်လည်း ကျွန်းပင်ထက်၌ ကြာရှည် ခိုင်မြဲစွာ နေနိုင်တော့မည်မဟုတ်သည့် အဖြစ်ကို သူသိ၏။ ကိုညိုကိုလည်း သူလွမ်းလှဘိ၏။ အထီးကျန်ဘဝမှာ လောကကြီးတွင် အလွန်နေရခက်လှပါလား။

မှောင်စပျိုးခဲ့ပြီ။

ညအချိန်ရောက်တော့မည်။

မိုးလေးများစရွာလာ၏။

မဝါသည် မိုးပွင့်များကြား၌ သူ့ လွမ်းစိတ်များကို အမျိုးမျိုးအားတင်း၍၊ သူခိုနေသော အကိုင်းဖျားကို ဆက်၍ ခိုင်မြဲစွာ တွယ်ထား၏။

သူ၏ရင်တွင်း၌လည်း ကုသိုလ်ကံ မကောင်းလှသော သူတို့၏ ကျွန်းရွက်များ၏ ဘဝကို အမျိုးမျိုးတွေး၏။ တကယ်တော့ သူတို့ ကျွန်းရွက်များမှာ အမြဲမြေခ၊ ကြွေကျနေကြရရှာသော်လည်း၊ သူတို့ တွယ်ကပ်ထားကြသည့် ကျွန်းပင်၊ ကျွန်းကိုင်းများမှာမူ ဘယ်အခါမျှမလဲ။

တစ်ရက်နှင့် တစ်ရက် တစ်လနှင့် တစ်လ တစ်နှစ်နှင့် တစ်နှစ်ပို၍ပင် ကြံ့ခိုင်သန်မာ လာကြသေး၏။

သူတို့၏ အမြစ်များမှာ ပို၍ပင် မြေတွင်း ခိုင်မြဲစွာ

www.burmeseclassic.com


ကုတ်တွယ်နိုင်ကြသေး၏။ ဘယ်လေဒဏ် ဘယ်မိုးဒဏ်မှလည်း သူတို့ကို ပျက်စီးအောင် မလုပ်နိုင်ကြ။

မဝါကဲ့သို့ ကျွန်းရွက်တစ်ရွက် အမြင်တွင် ကျွန်းပင်စည်နှင့် ကျွန်းအကိုင်းများမှာ ထာဝစဉ် ခိုင်မြဲသော အရာဝတ္ထုများ ဖြစ်သည် ဟု ထင်မိ၏။ မှန်သည်။ သူတို့သည် နှစ်စဉ် ရွက်သစ်များကို မွေးထုတ်ကြ၊ နောက် ရွက်အို များကို စွန့်ပစ်ကြ၊ အရွက်များမှ သူတို့သည် အားသစ်အင်သစ်များကို မွေး၏။ အရွက်များကို သူတို့အကျိုးအတွက် အမျိုးမျိုး အသုံးချနေ၏။

နောက်အသုံးချ၍ မကောင်းသော အချိန်၊ အိုမင်းလာချိန်၌ သူတို့ခန္ဓာကိုယ် အထက်မှ မြေပြင်ပေါ်သို့ စွန့်ခါပစ်ချ၏။ မဝါ ၏ အမြင်တွင် ကျွန်းပင်၏ပင်စည်နှင့် အကိုင်းအခက်များမှာ တန်ခိုးရှင်များ ကဲ့သို့မြင်မိပါ ၏။ မှန်သည်။ သူမကဲ့သို့ အရွက်များကို ဖန်ဆင်းပေးသော တန်ခိုးရှင်များပင် မဟုတ်လား။

မဝါသည် ဤတန်ခိုးရှင်များကို စိတ်ဝယ်ရည်စူး၍ ဆုတောင်း၏။ သူ့ချစ်သူ ကိုညို အမြန်သူ့အနီးသို့ ပြန်လာပါစေ။

ညသည် အလွန်ရှည်လှ၏။

မှန်သည်၊ အထီးကျန်ဘဝ၌ အမှန်ပင် ညသည် အလွန်ရှည်လျားလှဘိ၏။

မဝါသည် ရုတ်တရက် အိပ်ပျော်သွား သလိုရှိ၏။ အမှန်တော့ အိပ်ပျော်သွားသည် နှင့်မတူပါ။ သတိမေ့သွားသည်

www.burmeseclassic.com


နှင့် ပိုတူလှ၏။ သူသတိပြန်ရချိန်၌ သူသည်ကျွန်းကိုင်းပေါ်၌ တွယ်ကပ်နေသော ဘဝမဟုတ်တော့၊ မြေပေါ် သို့ရောက်၍ နေလေပြီ။

သူ သတိမေ့နေချိန်တွင် လေပြင်းတစ်ချက် ဝှေ့လိုက်ဟန်ရှိ၏။ ထိုလေအဝှေ့တွင် သူမြေသို့ သက်ခဲ့ရခြင်း ဖြစ်၏။

ယခု သူမြေပြင်ပေါ်၌ သတိပြန်လည် ရရှိလာခြင်းမှာ ကျွန်းပင်၌ တွယ်ကပ်နေရသည့် ဘဝ၌ ပြန်လည်ရရှိလာခြင်းနှင့် လုံးဝမတူပါ။

ကျွန်းပင်၌ သူတွယ်ကပ်နေရသည့် အရွက်ဘဝတွင် နေ့စဉ် တစ်နေ့ကူးလာတိုင်း ရွက်ကြွေမည့် ဘဝကို တွေးပြီး စိုးရိမ်ခြင်း၊ ပူပန် ခြင်းများဖြင့် ရက်ကူးခဲ့ရ၏။

ယခု ဤသောကများ သူမတွင် မရှိတော့။ ယခင်က သူမဘဝသည် ကျွန်းပင် ကျွန်းကိုင်းကို တွယ်ကပ်ပြီးနေရသော ဘဝ။

ယခု သူမဘဝမှာ မည်သူကိုမျှ မှီခိုကပ်ရပ်ပြီး နေရသော ဘဝမဟုတ်တော့။ သီးခြား လွတ်လပ်စွာ ရပ်တည်နေနိုင်သော ဘဝ။ အနှောင်အဖွဲ့မှ လွတ်မြောက်သော ကမ္ဘာလောကကြီး၏ အပိုင်းတစ်ပိုင်းအဖြစ် သတ်မှတ်ပြီးနေနိုင်သော ဘဝ။ တကယ်တော့ သူမသိနိုင်စွမ်းမရှိသော စွမ်းအားကြီး တစ်ခုက သူမဘဝကို ဘဝသစ်တစ်ခုသို့ ပြောင်းလဲပစ်လိုက်လေပြီ။

မဝါသည် မြေပြင်ပေါ် မလှမ်းမကမ်းမှ ကျွန်းရွက်တစ်ရွက်ကို လှမ်းကြည့်လိုက်၏။

www.burmeseclassic.com


'ကိုညို'

မှန်သည်၊ မလှမ်းမကမ်းတွင် လဲလျောင်းနေသူမှာ ကိုညို။

မဝါ၏ ရင်တွင်း၌ အလွန်ဝမ်းမြောက်၍ သွား၏။ အဘယ်သို့ သူမသည် သူမ၏ ချစ်သူအနီး မြေပြင်၌ အတူ ယှဉ်တွဲနေနိုင်သော ဘဝသစ်ကို ရနိုင်ခဲ့ပါသနည်း။ သူမနှင့် ကိုညိုတို့ အကြွင်းမဲ့ ယုံကြည်သော အချစ်ဟူသော မမြင်နိုင်သည့် စွမ်းအားကြီး၏ စွမ်းဆောင်မှုကြောင့်ပင် ဖြစ်ရမည်။

ထိုအချိန်၌ လေပြင်းတစ်ချက် ဝှေ့တိုက်လိုက်၏။ ကိုညိုနှင့် မဝါဟူသော ကျွန်း ရွက်ကလေး နှစ်ရွက်လုံး လေတွင်းသို့ လွင့်တက်သွား၏။ လေတွင်း၌ တအိအိ ယှဉ်တွဲမျောသွား၏။ ထိုအချိန်၌ သူတို့ချစ်သူနှစ်ဦး၏ ရင်တွင်း၌ မည်သို့ရှိကြမည်ဟူသော ချမ်းမြေ့မှုမှာ အနှောင်အဖွဲ့မှ လွတ်ခဲ့ဖူးသူ၊ နှလုံးသားအတွင်းမှ မြတ်နိုးစွာ ချစ်ခဲ့ဖူးသူများမှလွဲ၍ မည်သူမျှ ခံစားနိုင်၊ သိနိုင်ကြမည် မဟုတ်ပါ။

**လေသူရဲတစ်ဦး**

**(၁၉၈၇ ခုနှစ် မတ်လထုတ်၊ မြတ်လေးမဂ္ဂဇင်းမှ)**

www.burmeseclassic.com

# ဗျတိမေဏ္ဍာပုရူညီ

အချိန်မှာ (၁၉၆၄) ခုနှစ် ဧပြီလ နံနက်ခင်း တခုတွင် ဖြစ်၏။ ကျွန်တော်နှင့် ဗိုလ်ကြီး မြင့်ဦးမှာ ရှေ့တန်း စစ်ကြောင်းများ သို့ လေကြောင်းရိက္ခာချပေးရန်အတွက် မြစ်ကြီးနားမြို့ နမ်းပေါင်လေတပ်စခန်းသို့ ဒါကိုတာ လေယာဉ်ပျံတစီးနှင့် ရောက်နေကြသည်မှာ နှစ်ပတ်လောက် ရှိသွားကြပေပြီ။ ယနေ့မှာ (လောခေါင်) သို့ လေကြောင်း ရိက္ခာသုံးခေါက် ချပေးရန်ရှိသော်လည်း၊ လေယာဉ်ပျံကြီး၏ ဘယ်ဘက်စက်အုံမှ ဆီတစိမ့်စိမ့် ယိုနေသည့်အတွက် မသွားဖြစ်ကြ။ အားနေကြပေသည်။

ကျွန်တော်တို့ တည်းခိုနေသော (နမ်းပေါင်) အရာရှိရိပ်သာမှာ ဧရာဝတီမြစ်ကမ်း နဖူးတွင်ကပ်၍ ဆောက်လုပ်ထား၏။ အဆောက်အဦးမှာ သွပ်မိုးပျဉ်ကာနှင့် သားသားနားနား မဟုတ်လှသော်လည်း ရှုခင်းများ အလွန်ကောင်းလှသော တည်နေရာကောင်း တွင် ရွေး၍ဆောက်လုပ်ထားသဖြင့် အလွန် နေသာသော ရိပ်သာကလေးပင် ဖြစ်၏။ ဗိုလ်ကြီး

www.burmeseclassic.com


မြင့်ဦးသည် ယနေ့နံနက်ခင်းက ရန်ကုန်မှ ရောက်ရှိလာသည့် သတင်းစာများကို စိတ်ဝင်စားစွာ ဖတ်လျက်ရှိ၏။ ကွန်တော်မှာမူ ဤအရာရှိ ရိပ်သာတွင်နေသော မိုးလေဝသအရာရှိ ဦးမြေအောင်၏ မှန်ပြောင်းရှည်ကြီးဖြင့် တဖက်ကမ်းမှ သောင်စပ်တွင် ပျော်မြူးလျက်ရှိသော ငှက်အုပ်ကြီးကို စိတ်ဝင်စားစွာ စူးစိုက်ကြည့်လျက်ရှိ၏။ ဗိုလ်ကြီးမြင့်ဦးရော ကွန်တော်ပါ လေယာဉ်ကွင်းမှ ပြန်ရောက်လာစ ဖြစ်သဖြင့် လေယာဉ်မောင်း ဝတ်စုံပြာကြီးများကိုပင် မလဲရသေးပါ။

"ကျုပ်တို့တော့ ဒီနေ့သွားဖြစ်မှာ မဟုတ်တော့ဘူးထင်တယ်"

ဗိုလ်ကြီးမြင့်ဦးမှာ သတင်းစာ ဖတ်နေရာမှ ကွန်တော့်ကို လှမ်းပြောလိုက်၏။

"သေချာပါတယ်၊ ဒီနေ့အတွင်း ပြီးရင်တောင် ကံကောင်း၊ ဆီယိုတာကလဲ တော်တော်လေးများနေတယ်၊ စက်အုံ တစ်ခုလုံးများ ဖြုတ်ချပြီး ပြင်ရမလား မပြောတတ်ဘူး"

"အင်း ကောင်းပါတယ်၊ ကျုပ်တို့ ဒီနေ့ နားရတာပေါ့"

ကွန်တော်မှန်ပြောင်းတွင် မြင်တွေ့နေရသော တဖက်ကမ်းမှ ဒင်ကျီးအုပ်ကြီးမှာ အရေအတွက်အားဖြင့် ရာပေါင်းများစွာ ရှိလိမ့်မည်ဟုထင်ရပေသည်။ သောင်ပြင်တခုလုံးတွင် နေရာလပ်မရှိအောင် ပြည့်ကြပ်လျက်ရှိနေကြ၏။

"ကိုမြင့်ဦး- ဟိုဘက်ကမ်းမှာ ငှက်တွေ ကျနေတယ်ဗျ"

"ဟုတ်လား ဘာငှက်တွေလဲ"

www.burmeseclassic.com


"ငှက်ကပ္ပလီတွေပေါ့"

ငှက်ကပ္ပလီ ဟူသည်မှာ ထိုအချိန်က ကျွန်တော်တို့ လေသူရဲများက မဲကြုပ်နေသည့် ဒင်ကျီးငှက်များကို ပေးထားသော နာမည်ဖြစ်၏။

"ငှက်ကပ္ပလီကတော့ အသုံးမကျပါဘူး၊ အလကားပဲ၊ ဟသ်ာလေး ဘာလေးကော မရှိဘူးလား။ သွားပစ်ကြရအောင်"

"မတွေ့သေးဘူး ကျွန်တော် သေသေချာချာ ကြည့်ဦးမယ်"

ကျွန်တော်သည် မှန်ပြောင်းဖြင့် သောင်စပ်ကို သေသေချာချာ ချိန်၍ ဟသ်ာငှက်များရှိမရှိ ဂရုတစိုက်ရှာကြည့်နေ၏။ သောင်စပ်တွင်တော့ တကောင်မှမတွေ့ပါ။ ဒင်ကျီးကန်းများသာ အုပ်အုပ်ကျက်ကျက်ဖြင့် တကောင်နှင့် တကောင် ဆိတ်ဆွဲကစား နေကြသည်။ သောင်ပြင်၏ အတွင်းပိုင်းဘက်ကို ရှာကြည့်မိပြန်သည်။ တဖက်တောစပ်နား ရောက်သည်အထိ ဟသ်ာဆို၍ အရိပ်အရောင်မျှ မတွေ့ရ၊ ယခင်ကမူ ဟသ်ာများမှာလည်း ဒင်ကျီးကန်းနှင့်ရော၍ မကြာခဏ ရောက်လာကြသည်ကို မြင်တွေ့နေခဲ့မိ၏။

"ဟော့ ကိုထွန်းထွန်း ဟိုကောင် စိုးမင်း နှင့် သီတာတို့ လင်မယား ကွဲသွားကြပြီတဲ့"

"ဘာ"

"စိုးမင်းတို့ လင်မယား ကွဲသွားပြီတဲ့"

ဗိုလ်ကြီး မြင့်ဦးမှာ သတင်းစာဖတ်နေရာမှ ဘာ

www.burmeseclassic.com


စိတ်ကူးရသည် မသိ၊ ကျွန်တော့်ကို အော်၍ပြောလိုက်၏။ ကျွန်တော်မှာ ရုတ်တရက် သူပြောသည့် စကားကို မယုံနိုင်သဖြင့် သူ့ကိုပြန်မေးလိုက်မိသည်။

"ခင်ဗျားကို ဘယ်သူပြောလဲ"

"ဒီမှာလေဗျာ သတင်းစာထဲမှာ နှစ်ဦး သဘောတူပြတ်စဲခြင်းတဲ့။ ခင်ဗျား ဖတ်ကြည့်ပါဦး"

ကျွန်တော်သည် မှန်ပြောင်းကို ခုံပေါ်တွင် ငြင်သာစွာချလိုက်၍ ကိုမြင့်ဦး လှမ်းပေး သော သတင်းစာကို ယူလိုက်၏။ ဧပြီလမှာ မြစ်ကြီးနားပြည်နယ်အဖို့ နွေဦးဖြစ်သဖြင့် ရိပ်သာ ရှေ့ ကျွန်းပင်မှ ရွက်ဟောင်းများမှာ လေရူးဝှေ့လိုက်တိုင်း မစဲအောင် တဖွဲဖွဲကြွေကျ လျက်ရှိနေကြ၏။

ဟုတ်ပါသည်၊ စိုးမင်းတို့ လင်မယားပါ၊ နာမည်တူ မဖြစ်နိုင်ပါ၊ စိုးမင်းတို့ အဖေ အမေ အမည်ရော သီတာ အဖေ အမေ အမည်ကိုပါ ကျွန်တော် ကောင်းစွာသိပါသည်။

"အင်း-ဟုတ်တယ်၊ ဘယ်လိုဖြစ်ကြတာလဲ မသိဘူး။ ကျွန်တော် သိသလောက်တော့ သူတို့လင်မယား အဆင်ပြေနေကြသားပဲ"

"ဟုတ်တယ်၊ ကျုပ်တောင် ဟိုတလောက မနက်ဖက်ကြီး ရွှေတိဂုံဘုရားမှာ တွေ့ခဲ့သေးတယ်၊ နှစ်ယောက်လုံး ပြုံးပြုံး ရွှင်ရွှင်ပဲ၊ ကျွန်တော့်ကိုတောင် သီတာက နောက်သေးတယ်၊ ကိုမြင့်ဦးကြီး ရှင်မြန်မြန်စုံအောင်လို့ ဘုရားလာ ဆုတောင်းနေတာလားတဲ့. . ."

www.burmeseclassic.com


ကျွန်တော် မတွေးတတ်ပါ။ ဘဝ အပြောင်းအလဲဆိုတာတွေဟာ မယုံကြည်နိုင် လောက်အောင် မြန်လှပါပေလား၊ သူတို့ လင်မယား လက်ထပ်ခဲ့ကြသည်မှာ တနှစ်ပင် မပြည့်သေးပါ။

ကျွန်တော်မှတ်မိသေးသည်။ မနှစ်က ဝါမဝင်ခင်လေးဖြစ်၏။ မင်္ဂလာဒို လေတပ် အရာရှိရိပ်သာရှိ စိုးမင်းအခန်းတွင် ကျွန်တော်တို့ သူငယ်ချင်း သုံးယောက်စုံပြီး "ဟေ့ကောင်ကြီး မိန်းမရတယ်ဆိုတာ ထောင်ကျသွားသလိုပဲလို့ ငါတို့ကြားဘူးတယ်၊ မယူပါနဲ့ဦး၊ ငါတို့လို လူပျိုဘဝနဲ့ပဲ နေစမ်းပါဦးကွာ"ဟု အမျိုးမျိုး ဝိုင်းပြောခဲ့ကြ၏။ ဘယ်လိုမှ ပြောလို့မရ။

"ခွေး အမြီးပြတ်လို ကိုယ်အမြီးမရှိတာနဲ့ တခြားလူပါ အမြီးဖြတ်ပစ်အောင် လာသွေး ဆောင်မနေနဲ့၊ မင်းတို့ မစွံတာနဲ့ ငါလဲ မင်းတို့လို လူပျိုကြီးလုပ်စေချင်နေတာလား၊ မရဘူး ဟေ့ ယူမယ်၊ ဒီအပတ်ထဲမှာကို ယူမယ်"ဟု ကြိမ်းပြီး တစ်ပတ်အတွင်းမှာပင် ဒီကောင်ကြီး သွားလက်ထပ်လိုက်၏။

စိုးမင်း မျက်နှာရော သီတာ မျက်နှာပါ ကျွန်တော့်မျက်စိထဲတွင် ပေါ်နေကြသည်။ မနှစ်က ကျွန်တော့်အသိသက်သေအဖြစ် လက်မှတ်ထိုးပေးခဲ့ရသော သူတို့မင်္ဂလာပွဲနေ့က အဖြစ်အပျက်တွေမှာလည်း စိတ်ထဲတွင် အလိုအလျောက်ပေါ်လာခဲ့ကြ၏။ "အော် တစ်နှစ်ဆိုတဲ့ အချိန်ဟာ ပြန်တွေးလိုက်လျှင် မနေ့တစ်နေ့က လိုပါပဲလား"

× × ×

www.burmeseclassic.com


စိုးမင်းမှာ ကျွန်တော်တို့ ကဲ့သို့ပင် တပ်မတော် (လေတပ်)မှ လေသူရဲတစ်ဦး ဖြစ်၏။ သူနှင့် ကျွန်တော်မှာ လေယာဉ်မောင်း သင်တန်းကို တစ်ပတ်ထဲ တက်လာခဲ့ကြသူများ ဖြစ်၏။ အသက်အားဖြင့်လည်း ကျွန်တော်နှင့် မတိမ်းမယိမ်း၊ နှစ်ဆယ့်ငါး၊ နှစ်ဆယ့်ခြောက် နှစ်ခန့်၊ လူပုံသဏ္ဌာန်မှာ အရပ် မြင့်မြင့်၊ ပိန်ပိန် သွယ်သွယ်၊ အသားဖြူဖြူ မျက်နှာပေါက်မှာ နှာခေါင်းပြားပြား၊ နှုတ်ခမ်းမထူတထူ။ တရုတ်လိုလို၊ ကချင် လိုလိုရုပ်မျိုး ဖြစ်၏။

သီတာကိုတော့ စိုးမင်းနှင့် လက်ထပ်တော့မည့်နေ့မှ ကျွန်တော်မြင်ဘူးခြင်း ဖြစ်၏။ အလွန်သွက်သွက်လက်လက်၊ ချက်ချက်ချာချာရှိလှသော အမျိုးသမီးတစ်ဦး ဖြစ်ပြီး၊ အသက်မှာ ၁၉-နှစ်ခန့်သာ ရှိပေဦးမည်။ သူမ၏ မျက်နှာပေါက်မှာ အလှကြီး မဟုတ်သော်လည်း အကြည့်ရ မဆိုးလှ။ သာမန် အဆင့်မျှရှိသော မိန်းခလေးတို့၏ အလှမျိုး ဖြစ်သော်လည်း ပန်းချီဟန်ပါပါ ပြင်တတ်သူမို့ ရုတ်တရက် ကြည့်လိုက်လျှင် သာမန်အထက် အဆင့်ရှိသော မိန်းခလေးများ၏ အလှဟုပင် ထင်လိုက်ရ၏။

သူမ၏ နဖူးမှာ အနည်းငယ် ကျယ် သလိုရှိသော်လည်း မသိမသာ ဆံပင်ရိုင်းများချ၍ ဖုံးထားသဖြင့် ကျယ်မှန်း မသိရတော့။ နှုတ်ခမ်းမှာလည်း အနည်းငယ် ချွန်သလို ရှိသော်လည်း သွေးရောင်နှုတ်ခမ်းဆိုးဆေးကို နှုတ်ခမ်းအပေါ် ရောက်အောင် ထူထူဆိုးထားသဖြင့် ချွန်ပုံမပေါ်တော့။ အထူး

www.burmeseclassic.com


သဖြင့် သီတာ၏ ထိုနေ့ကပြုပြင်ခဲ့သော ဆံပင်မှာ သူမ၏ မျက်နှာလေးနှင့် လိုက်ဖက်လှဘိ၏။ ဆံပင်၏ ပုံသဏ္ဌာန်မှာ ပြားအုံသဖွယ် ထုံးဖွဲ့ထားသော်လည်း ကျွန်တော်မကြာခဏ မြင်ဖူးနေကြ အမျိုးသမီးများ၏ ဆံပင်များလို ကြီးလွန်း၍ လည်း မနေပါ။ သေးလွန်း၍လည်း မနေပါ။ သူမ၏ မျက်နှာလေးနှင့် လိုက်ဖက်ရုံ သင့်ရုံ အရွယ်ကလေး ဖြစ်၏။

ကိုယ်လုံးကိုယ်ပေါက်မှာမူ ဆယ့်ရှစ်ဆယ့်ကိုးနှစ်အရွယ် အမျိုးသမီးများ၏ အဖူးပွင့်ဆုံး အလှဆုံး အရွယ်မို့လား မပြော တတ်၊ စိုပြေသော အသားဆိုင်များမှာ ရှိသင့်သည့် နေရာတွင် အပြည့်အဝရှိနေကြ၏။

စိုးမင်းနှင့် သီတာတို့၏ မိဘနှစ်ဘက်လုံးမှာ သူတို့ မင်္ဂလာပွဲကို လုံးဝ သဘောမတူပါ။ မိဘနှစ်ဘက်လုံး ကန့်ကွက် နေသည့်ကြားမှ သူတို့သဘောအတိုင်း ဇွတ်လက်ထပ်ခဲ့ကြခြင်း ဖြစ်၏။

စိုးမင်း၏ မိဘများက စိုးမင်းနှင့် ရည်စူး၍ အခြား သူတို့ နှစ်သက်ရာ မိန်းခလေး၏ မိဘများနှင့် နှုတ်လွန်ထားကြ သည့်အတွက် မျက်နှာအပျက် မခံချင်၍ အပြင်းအထန် ကန့် ကွက်ကြ၏။ သီတာ၏ မိဘများကမူ၊ ထိုနှစ်ကမှ တက္ကသိုလ် ရောက်စ ငယ်ရွယ်လှသေးသည့် မိန်းခလေး ဖြစ်သဖြင့် ပညာ ဆုံးအောင် သင်စေချင်ပြီး၊ ရုံးသို့ လာရောက်၍ပင် ကန့်ကွက် သွားခဲ့၏။

သို့သော်၊ သူတို့ မင်္ဂလာပွဲမှာ မည်သို့ပင် နှစ်ဘက်

www.burmeseclassic.com


မိဘများ သဘောမတူ၊ ကန့်ကွက် နေကြစေကာမူ ချောချော မောမော ပြီးသွားခဲ့ ၏။ တကယ်တော့ သူတို့အိမ်ထောင်ရေးမှာ ယခုကဲ့သို့ ကွဲစရာအကြောင်း လုံးဝမရှိ။ အိမ်ထောင်ပြုခဲ့ကြ သည်မှာ မည်သူ့ ပယောဂမှမပါ။ ကိုယ့်သဘော ကိုယ့်ဆန္ဒနှင့် သူချစ်ကိုယ်ချစ် မေတ္တာစစ်ဖြင့် ဖွဲ့နှောင်ထားသော အိမ်ထောင်ရေး။

စီးပွားရေးအနေဖြင့်လည်း စိုးမင်းမှာ လေတပ်မတော် အရာရှိတစ်ဦးဖြစ်နေသဖြင့်၊ လူတန်းစေ့တော့ နေနိုင်သည်။ ပြောပလောက်အောင် ပူပင်စရာမရှိ။ သူတို့၏ အိမ်ထောင်ရေး မှာ တစ်သက်တာပတ်လုံး တည်မြဲမည် အဆင်ပြေမည်ဟု ကျွန် တော်တို့ ထင်ခဲ့ကြ၏။ ကျွန်တော်တို့ အထင်နှင့် လက်တွေ့ ဘဝမှာ လုံးဝ တခြားစီဖြစ်နေပါလား။

ထိုနေ့က ရုံးတွင် လက်မှတ်ထိုးပြီး၍ တပ်ပြန်ကြရန် ကားပေါ်အတက်တွင် ကျွန်တော်က သီတာ ကားထဲရောက် သည်နှင့် ကားတံခါးကို ဝုန်းကနဲ ဆောက်ပိတ်လိုက်ပြီး “ဟေ့ ကောင်ကြီး ဒို့သွားတော့မယ်။ ကျေးဇူးတင်ပါတယ်” ဆိုပြီး သူ့ဇနီး အသစ်စက်စက်လေးကို ပိုင်စိုး ပိုင်နင်းခေါ်သွားတော့ မည် ပုံမျိုးနောက်သည့်အတွက် သူတို့လင်မယား ကြည်နူး ဘွယ် ဟက်ဟက်ပက်ပက် ရယ်ခဲ့ကြသည့် အသံများမှာ ကျွန် တော်၏နားဝယ် ယခုတိုင်ကြားနေမိ၏။ အော်- ဒီနေ့ ဒီလို ဖြစ်လာကြမည်ဟု အဘယ်သို့ တွေးမိခဲ့ကြပါမည်နည်း။

ကျွန်တော်မှာ အိမ်ထောင်ရေး ကိစ္စများတွင် စိတ်ဝင် စားလှသူ မဟုတ်ပါ။ အထူးသဖြင့် သူများ၏ အိမ်ထောင်ရေး

www.burmeseclassic.com


အရှုတ်အရှင်း တွင်ပို၍ စိတ်မဝင်စားသေးပါ။ ထို့ကြောင့် ထိုမျှသာ စိုးမင်းနှင့် သီတာတို့ကိစ္စကို တွေးပြီး တဖက်ကမ်းမှ ငှက်အုပ်များကို ပြန်ကြည့်ရန် မှန်ပြောင်းကို ကောက်ကိုင်လိုက်၏။ အချိန်မှာ ဆယ်နာရီ ထိုးလုပေပြီ။ အဝေးတွင် (ဟတ်စကီး) အမျိုးအစား ရဟတ်ယာဉ်တစ်စီးမှာ ဘယ်ကလာသည် မသိ။ ကျွန်တော်တို့ လေယာဉ်ကွင်းရှိရာသို့ ဦးတည် ပျံသန်းလျက်ရှိ၏။

× × ×

ယခုတစ်ကြိမ် စူးစိုက်ကြည့်လိုက်သော အခါ၌မူ၊ ဘယ်အချိန်က ရောက်လာကြသည် မသိပါ၊ နေရောင်အောက်တွင် ရွှေရောင်အဆင်းဖြင့် တောက်ပနေကြသည့် ဟင်္သာတော်တော်များများကို ဒင်ကျီးငှက်များကြားတွင် သွားလာလျက်ရှိသည်ကို မြင်တွေ့လိုက်ရ၏။

"ဟေ့ ကိုမြင့်ဦး၊ ဟိုဘက်ကမ်း သောင်စပ်မှာ ဟင်္သာတွေကျနေပြီဗျို့"

"ဟုတ်လား၊ ဒါဖြင့်သွားကြရအောင် နေအုံး၊ ကျုပ်သေနတ် သွားယူအုံးမယ်"

ကိုမြင့်ဦးမှာ တစ်မိနစ်ခန့်အတွင်း နှစ်လုံးပြူး သေနတ်တစ်လက်ကိုဆွဲ၍ ထွက်လာခဲ့သည်။

"ကျွန်တော်တို့ ဒီအကျီကြီးတွေလဲ လိုက်ကြဦးမှ ထင်တယ်" ကျွန်တော်မှာ တစ်ဖက်မြစ်ဖြစ်ကူးရမည်မို့ ထူ၍လေးလှသော လေယာဉ်ပျံမောင်း အကျီကြီးများကို လဲရန်

www.burmeseclassic.com


သတိရပြီး၊ ကိုမြင့်ဦးကို သတိပေးလိုက်မိ၏။

"ရပါတယ်။ လုပ်မနေနဲ့တော့။ တော်တော်ကြာ ဒီကောင်တွေ ပျံလစ်သွားကြဦးမယ်"

ကိုမြင့်ဦးမှာ ပြောပြောဆိုဆို လှေဆိပ် သို့ ဆင်းသွားခဲ့၏။ ကျွန်တော်မှာလည်း မနေသာတော့။ တောဆောင်းစစ်ဦးထုပ်စိမ်းတစ်လုံးကို ကောက်ဆောင်း၍ သူ့နောက်လိုက်သွားခဲ့၏။ ထိုအချိန်က နမ်းပေါင်လေတပ် စခန်းတွင် စက်တပ်လှေလေး(၂)စင်းရှိ၏။ တစင်းကို ရေစက်ကြီးအနီး ကင်းစခန်းမှ ရဲဘော်များ အရေးရှိ အသုံးပြုရန် အဆင်သင့်ထားရှိပြီး၊ ကျန်တစီးကို အရာရှိရိပ်သာအနီး မြစ်ဆိပ်တွင် ထားရှိသဖြင့် ကျွန်တော်တို့မှာ တဖက်ကမ်းသို့ ငှက်ပစ်ရန် သွားချင်တိုင်း အရံသင့် ဖြစ်နေ၏။

"ကိုထွန်းထွန်း၊ ခင်ဗျား လှေပဲ့ကိုင်၊ ကျွန်တော်ပစ်မယ်"

"ဟုတ်ကဲ့"

ရေဆိပ်သို့ ရောက်သည်နှင့် ကိုမြင့်ဦး မှာ လှေဦးသို့ လျှောက်သွားပြီး၊ နှစ်လုံးပြူး သေနတ်တွင် ကျည်နှစ်တောင့်ကို အရံသင့် ထိုးထည့်နေ၏။ ကျွန်တော်မှာ ပဲ့ချိတ်စက်ကို နှိုးလိုက်၏။ အလွယ်တကူ နိုးသွားသဖြင့် ကြိုးဖြုတ်ပြီး၊ ဒင်ကျီးနှင့် ဟင်္သာအုပ်များ ရှိရာသို့ ဦးတည်မောင်းလာခဲ့၏။

ဒင်ကျီးငှက်များမှာ အလွန်ပါးနပ်မှုရှိသော ငှက်များဖြစ်၏။ ကျွန်တော်တို့ လှေ သူတို့ဆီသို့ ဦးတည်လာသည်ကို မြင်သည်နှင့် "ကွိ ကွ-ကွိ ကွ" အော်၍ ပြေးကြလေပြီ။

www.burmeseclassic.com


"ကိုထွန်းထွန်း၊ တိုက်ရိုက်တဲ့တဲ့ မမောင်းနဲ့ဗျ၊ ဟင်္သာတွေပါ ပျံလစ်ကုန်ဦးမယ်၊ အပေါ်က ပန်းသွား"

ကျွန်တော်မှာ လှေဦးကို ဘယ်ဘက်သို့ အနည်းငယ်စွေ့ပေးလိုက်၏။ ဧရာဝတီမြစ်မှာ မြစ်ကြီးနားမြို့ အနီးတွင် အလွန်ရေစီးသန် လှ၏။ (ဂွန်ဆင်) စက်တပ်ပဲ့ချိပ်လှေပင် ရေဆန်၌ ကောင်းစွာမပြေး၊ သွားသည်ဆိုရုံမျှ သွားနေ၏။ ကိုမြင့်ဦးမှာ အရပ်ပုပု၊ ပိန်ပိန်၊ အသား ညိုညို ဖြစ်၏။ အလွန်အမဲလိုက် ဝါသနာပါ သဖြင့် သူ့ကို ကျွန်တော်တို့ လေသူရဲများက မုဆိုးကြီး "အလန်ကွာတာမိန်း"ဟု အမည်ပေးထားကြ၏။

ကျွန်တော်သည် လှေကို ဟင်္သာများ ရှိနေရာမှ ကိုက်တထောင်ခန့် ပန်းတက်သွား ပြီးနောက် စက်ရှိန်ကို လျှော့၍ လှေကိုရေစုန် အတိုင်း မျှောချလာခဲ့၏။ ကိုမြင့်ဦးမှာ သေနတ်ဒင်ကို ပခုံးတွင်ထောက်၍ ဟင်္သာအုပ်ကြီးကို အရဲသင့်ချိန်ထား၏။ ဟင်္သာအုပ်ဟု ဆိုသော်လည်း များများပြားပြား ရှိလှသည် မဟုတ်ပါ။ ဆယ့်လေးငါးကောင်မျှသာ ရှိပေမည်။ ဟင်္သာ များအနီးသို့ရောက်ရန် ကိုက်တစ်ရာခန့်သာ လိုပေတော့သည်။ အဘယ်သို့ ဖြစ်သွားသည် မသိ။ ဟင်္သာအုပ်ကြီးမှာ "ဝေါ"ကနဲ ထပြန် သွားကြ၏။

"တောက်- သေလိုက်ပါတော့၊ ပစ်ကွင်းကို ရောက်ခါနီးမှ. . ."

ကိုမြင့်ဦးမှာ မဲ့၍ ရွဲ့၍ ချူသံပါအောင် ညည်းတွားလိုက်၏။

www.burmeseclassic.com


"ဟော့ လူ- ဟိုးရှေ့မှာ နှစ်ကောင် ရှိသေးတယ်လေ"

ကျွန်တော်မှာ ရေစပ်မှ ကိုက်အစိတ်ခန့်အကွာ စောစောက ဟင်္သာအုပ်များနားသွားကာ နေရာမှ အနည်းငယ်လှမ်းနေသည့် နေရာတွင် တောတန်းများရှိရာဘက်သို့ မျက်နှာမူ၍ ယှဉ်တွဲရပ်နားလျက် ရှိကြသော ဟင်္သာနှစ်ကောင်ကို ရုတ်တရက် မြင်တွေ့ လိုက်သဖြင့် ကိုမြင့်ဦးကို သတိပေးလိုက်၏။ ကိုမြင့်ဦးမှာ ချက်ချင်း အားတက်သွားဟန်ဖြင့် သူ့သေနတ်ကြီးကို ထိုးချိန်လိုက်ပြန်သည်။

ဟင်္သာနှစ်ကောင်အနီးမှ ပေတရာခန့်ပင် မဝေးတော့ပါ။ ကိုမြင့်ဦးမှာ ပထမ သေနတ်မောင်း တစ်ခုကို အရံသင့်ဆွဲလိုက်ပေပြီ။

"ဟော့ လူ နံပါတ်ခြောက်ကျည်နဲ့ ပစ်နော်၊ ဒီကောင်တွေ အမွေးက တော်ရုံကျည် မပေါက်ဘူး၊ သိပ်ထူတယ်လို့ ပြောတယ်"

"အေးပါ၊ ကျုပ် နံပါတ်ခြောက်ကျည် ထည့်ပါတယ်"

ထိုအချိန်၌ပင် ဟင်္သာနှစ်ကောင်မှာ ရုတ်တရက် ထပျံသွားကြ၏။

"ဒိုင်း. . ."

ဟင်္သာနှစ်ကောင် ထပြန်လိုက်သည့် အချိန်နှင့် ကိုမြင့်ဦး ပစ်လိုက်သည့်အချိန်မှာ တပြိုင်တည်း ဖြစ်ဟန်ရှိ၏။

"ဟော့ တစ်ကောင်ထိသွားပြီ"

ကိုမြင့်ဦးမှာ ဝမ်းသာအားရ အော်၍ ပြောလိုက်၏။

www.burmeseclassic.com


ဟုတ်ပါရဲ့၊ ဟသ်ာနှစ်ကောင်မှာ လေထဲပျံတက်၍ ဆယ်ပေအမြင့်ခန့် မရောက်မီပင် သောင်ပြင်ပေါ်သို့ တကောင်မှာ ပြန်ထိုးကျသွား၏။

"ကိုထွန်းထွန်း၊ ကမ်းကပ်ပေး၊ ကမ်းကပ်ပေး၊ ဒီကောင် မသေသေးဘူး၊ ထပြေးတော့မယ်"

ကျွန်တော့်မှာ လှေဦးကို ကမ်းသို့ ဦးတည်ပြီး စက်ကုန်ဖွင့်၍ မောင်းသွားခဲ့၏။ စောစောက ထိုးကျသွားသော ဟသ်ာမှာ အနည်းငယ် ပျံတက်လိုက် ပြန်ကျလိုက်နှင့် ခုန်ဆွခုန်ဆွ တောစပ်သို့ ပြေးနေသည်။ အံ့သြဘွယ်ကောင်းသည်မှာ ကျန်တစ်ကောင်မှာ ကိုယ်လွတ်ရုန်းမပြေးဘဲ ဒဏ်ရာရထားသည့် အကောင်ကို တွဲခေါ်နေခြင်း ဖြစ်၏။

ကိုမြင့်ဦးမှာ ကမ်းစပ်သို့ လှေထိုးဆိုက်သည်နှင့် ဟသ်ာနှစ်ကောင် ရှိရာသို့ ပြေးလိုက်သွား၏။ သောင်တွင် ခြေနစ်နေသည့်အတွက် ၎င်း၊ သေနတ်ကို တစ်ဖက်က ကိုင်ထားရသည်အတွက်၎င်း၊ သူပြေးနေသည်မှာ သူ့စိတ် သွားသလောက် မြန်ဆန်ခြင်း မရှိလှပါ။ အိပွဲ့အိပွဲ့နှင့် ဖြစ်နေ၏။ ကျွန်တော်မှာလည်း လှေဦးကို သောင်ပေါ်သို့ အနည်းငယ်ဆွဲတင်ပြီး ဒီလူ့နောက်သို့ အပြေးလိုက်သွားခဲ့၏။ မိနစ် အနည်းငယ်အတွင်းပင် ကျွန်တော်တို့နှစ်ဦးမှာ ဒဏ်ရာရထားသော ယက်ကန်ယက်ကန်နှင့် ရှိသည့် ဟသ်ာအနီးသို့ ရောက်သွားခဲ့ကြ၏။ ရွှေဝါရောင် ဟသ်ာကြီးမှာ ကိုမြင့်ဦး ဖမ်းမည်လုပ်ခါမှ တစ်ခါထပြေးပြန်သည်။

www.burmeseclassic.com


ဆယ်ကိုက်လောက်ပြေးပြီးနောက် လဲကျသွားပြန်သည်။ ကျန်တစ်ကောင်မှာမူ သူ့ အဖော် ဟသ်ာအနီးလာလိုက်၊ ကျွန်တော်တို့ နီးလာလျှင် ခွာသွားလိုက်နှင့် ကပ်လိုက် ပြေးလိုက် လုပ်နေသည်။ သို့သော် မကြာပါ။ ကိုမြင့်ဦး နောက်တစ်ကြိမ် အနီးသို့ ရောက်သွားသောအခါ၌ ဖမ်းမနေတော့ဘဲ ဟသ်ာကို သေနတ်ဒင်ဖြင့် ဆီး၍ အားကုန်လွှဲရိုက်ချလိုက်သည်။ ထိုဟသ်ာမှာ တုတ်တုတ်မျှ မလှုပ်နိုင်တော့ပါ။ ဟသ်ာတစ်ကောင်ကို ရလေပြီ။ ဒီညရိပ်သာရှိ 'ဘားခန်း'တွင် ကချင်အရက်ချို ဖြင့် အရသာရှိရှိ မြည်းကြတော့မည်။

"ဒါ အထီးကြီးဗျ၊ လှလိုက်တာ ကြည့်စမ်း"

ကိုမြင့်ဦးသည် လက်တစ်ဖက်ဖြင့် ဟသ်ာကိုဆွဲပြီး ဝင့်ကြွားစွာ ကျွန်တော့်ကို လှမ်းပြောလိုက်သည်။ ဟုတ်ပါရဲ့၊ တယ်လှတဲ့ ငှက်ကြီးပါလား၊ အရောင်မှာ ရွှေရောင်မကျ တကျ အနီရောင် မကျတကျရှိ၍ လယ်ဆံမွေး ဖွားဖွားကြီးမှာ ချစ်စရာကြီးဖြစ်၏။ ကျွန်တော်သည် ရတောင့်ရခဲလှသော ဟသ်ာကြီးကို လှမ်းယူ၍ အရသာရှိစွာဖြင့် ကြည့်နေတုန်း. . .

"ဟော့လူ ဟိုမှာ ကြည့်စမ်း"

ကျွန်တော်မှာ ကိုမြင့်ဦး ညွှန်ပြရာသို့ ကြည့်လိုက်လျှင် အလွန်အံ့သြ၍ သွား၏။ စောစောက စောင့်ခေါ်လျက်ရှိသော ကျန်ဟသ်ာမှာ ကျွန်တော်တို့အနီး မလှမ်းမကမ်းတွင် မကြောက်မရွံ့ ရပ်နားလျက်ရှိ၏။

"ဟင် ဒီကောင်လဲ ထိမျှားထားသလားဗျ"

www.burmeseclassic.com


"မထိပါဘူး သေချာပါတယ်။ ကျုပ်တို့ ရထားတာက အထီးဗျ။ ဒီကောင်က အမနှင့်တူ တယ်၊ ဟင်္သာတွေက ဒီလိုပဲဗျ၊ မောင်နှံစုံနေ တတ်ကြတယ်။ တစ်ကောင်ကို တစ်ကောင်လဲ သိပ်ချစ်ကြတယ်။ တစ်ကောင်မိထားရင် ကျန် တစ်ကောင်က လဲ မပြေးတော့ဘူး၊ အတူတူ အသေခံတယ်လို့ ကြားဘူးတယ်"

ထိုအချိန်၌ပင် ဟင်္သာမမှာ ဘာကြောင့်မှန်း မသိ ထပျံသွားသည်။ သို့သော် ဝေးဝေးမပျံ။ ကိုက်တရာလောက် ရောက်လျှင် တဖန်ပြန်လှည့်လာပြီ ကျွန်တော်တို့ ခေါင်းပေါ် ပေနှစ်ဆယ် သုံးဆယ်အမြင့်လောက်မှ ဝဲပျံနေသည်။

"အင်း- သနားစရာပဲဗျာ၊ ကျုပ်တို့ ပစ်မိတာ မှားပြီ ထင်တယ်" ကျွန်တော်မှာ ဟင်္သာမ၏ ဖြစ်နေပုံကိုကြည့်ပြီး ရုတ်ခြည်း ဝမ်းနည်းလာမိ၏။ လက်တွင်ကိုင်ထားသော သေနတ်ဒဏ်ရာနှင့် သေနေပြီဖြစ်သည့် ဟင်္သာဖိုကိုပင် မယူ သွားချင်တော့ သောင်ပေါ်မှာပင် ပစ်ထားခဲ့ချင်တော့၏။ စောစောက ကချင်အရက်ချို နှင့် ဒီညမြည်းမည်ဟု အားခဲထား သော စိတ်များလဲ ဘယ်ရောက်ကုန်ကြတော့သည် မသိ။

"ကျုပ်လည်း (နမ်းပေါင်) ရောက်တိုင်း ဒီဟင်္သာလိုက် ပစ်တာ၊ ဒီတစ်ခါပဲရဘူး သေးတယ်။ ဒီလိုမှန်းသိရင် မပစ်ပါဘူး ဗျာ၊ အရင်က ဒီငှက်တွေအကြောင်း ကြားဘူးပေမယ့် ကိုယ်တွေ့ မကြုံဘူးတော့ မယုံဘူး"

ကျွန်တော်တို့ မုဆိုးကြီး အလန်ကွာတာမိန်း ဟု အမည် ပေးထားသော ကိုမြင့်ဦးပင်လျှင် ဝမ်းနည်းလာဟန် ရှိ၏။

www.burmeseclassic.com


"ဒါဆိုရင်လည်း ဒီကောင်ကြီးပါ ထားခဲ့ပြီး ပြန်စို့ဗျာ။ ကျွန်တော်လဲ ဒီငှက်သား မစားချင်တော့ဘူး"

"ဘယ်ဖြစ်မလဲ ကိုယ့်လူရ၊ ဒီကောင် ထားခဲ့လို့ရော ဟိုအမက အလွမ်းပြေမယ်တဲ့လား၊ ပိုပြီးတော့တောင် ပရိဒေဝမီး တောက်လောင်နေအုံးမယ်။ ကဲဗျာ မထူးပါဘူး။ ကြည့်ရဒါ စိတ်မချမ်းသာဘူး။ ကျုပ် အမကိုပါ ပစ်ချလိုက်တော့မယ်။ နောက်ဘဝမှာဘဲ ပြန်ပေါင်း ကြပါစေတော့"

အင်း- ဒုက္ခပါပဲ။ ကိုမြင့်ဦး ပြောတာလည်း ဟုတ် သလိုလိုပဲ။ ကျွန်တော် ကိုမြင့်ဦး ဆန္ဒကို မကန့်ကွက်ခဲ့မိပါ။

"ဒိုင်း. . ."

ကျွန်တော်တို့ ခေါင်းပေါ်တွင် ဝဲနေ သော ဟင်္သာမကို ကိုမြင့်ဦး ပစ်ချလိုက်ပြန်လေပြီ။ ဟင်္သာမမှာ စက်ရပ်သွားသော လေယာဉ်ပျံကဲ့သို့၊ သောင်ပြင်ပေါ်သို့ အရှိန်ဖြင့် ထိုး၍ကျ သွား၏။ ယခုတစ်ကြိမ်တွင်မူ ပထမ ဟင်္သာဖိုကို ပစ်စဉ်ကဲ့သို့ သောင်ပြင် ပေါ်လဲနေရာမှ ခုန်ထပြေးခြင်းမျိုးကိုလည်း မတွေ့ ရတော့။

ကျွန်တော်တို့ နှစ်ယောက်သည် ဟင်္သာတယောက် တကောင်ဆွဲ၍ ဖြေးလေးစွာ လှေရှိရာသို့ ပြန်လျှောက်လာခဲ့ကြ ၏။ အချိန်မှာလည်း (၁၀) နာရီခန့် ရှိလေပြီ။ ကချင်ပြည်နယ်၏ ကောင်းကင်ပြင်ကြီးမှာ တိမ်မြူများ ကင်းရှင်း၍ ခလေးငယ် တဦး၏ နှလုံးသားကဲ့သို့ သန့်စင်လျက်ရှိ၏။

"ကိုထွန်းထွန်း"

www.burmeseclassic.com


"အင်း"

"ကျုပ် မိန်းမယူတော့မယ်"

"တကယ်လား"

"တကယ်"

ကိုမြင့်ဦးသည် ဘာစိတ်ကူးရသည် မသိ၊ ရေစပ်သို့ အရောက်၌ အထက်ပါအတိုင်း ကျွန်တော့်ကို လှမ်းပြောလိုက်၏။ ကျွန်တော်မှာ လှေဦးကို ရေထဲသို့ တွန်းချရင်း-

"ဘယ်တော့ ယူမှာလဲဗျ"

"အင်း- ဒီပဟသ်ာမလို ကျုပ်ကိုချစ်တဲ့ အမျိုးသမီး တစ်ယောက်ယောက် တွေ့ရမဲ့ နေ့မှာပေါ့"

ကျွန်တော်မှာ ထိုအခါမှ ဒီလူနောက် နေမှန်းမသိ၍ နှစ်ချိုက်စွာ ပြုံးလိုက်မိ၏။ ဟုတ်ပါရဲ့။ ယနေ့တိုင် အိမ်ထောင်ပြုချင်စိတ် လုံးဝမရှိသော ကျွန်တော်ပင်ငင်း၊ သူပြောသည့် အမျိုးသမီးနှင့်တွေ့လျှင် အိမ်ထောင်ပြုချင် စိတ်များပေါ်လာလေမည်လား မပြောတတ်။ ထိုအချိန်၌ပင် ကျွန်တော့မျက်စိတွင် ကွက်ကနဲ၊ စိုးမင်းနှင့် သီတာတို့ မျက်နှာများ ပေါ်၍ လာပြန်သည်။ အော်- သတ္တဝါများတွင် အသိဉာဏ်အရှိဆုံး အယဉ်ကျေးဆုံးလို့ဆိုတဲ့ လူတွေရဲ့ ချစ်မေတ္တာစိတ်ဟာ တခါတရံ၊ တချို့နေရာမှာ တိရစ္ဆာန်များရဲ့ ချစ်မေတ္တာစိတ်ကိုပင် မမှီကြပါလား။

**လေသူရဲတစ်ဦး**

**(၁၉၆၉ ခုနှစ် ဇူလိုင်လထုတ် သွေးသောက်မဂ္ဂဇင်းမှ)**

www.burmeseclassic.com

